The Mirror Daily
၁၉၅၇ ဇပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

နိဗ္ဗာန်၌သာမွေ့လျော်ကြကုန်

လူမိုက်တို့သည် အသပြာမိုးရွာသွန်းပေးသဖြင့်လည်း ကာမမှုတို့၌ ရောင့်ရဲတင်းတိမ်မှုတို့သည် မရှိကုန်။ အမြဲလိုအပ်လျက်သာ ရှိကုန်၏။ မြတ်စွာဘုရား၏ တပည့်ဖြစ်ကုန်သော ပညာရှိတို့သည်ကား နတ်၌ဖြစ်သော ကာမတို့၌လည်း မွေ့လျော်ခြင်းမရှိကြကုန်။ တဏှာကုန်ရာ နိဗ္ဗာန်၌သာလျှင် မွေ့လျော်ကြကုန်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၇)

၁၃၇၈ ခုနှစ် သီတင်းကျွတ်လဆန်း ၈ ရက်၊ တနင်္ဂနွေနေ့။ Sunday , 9 October 2016 (၈၇၀၉)

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ကျေးရွာများ၌ ဆေးကုသမှုလုပ်ငန်းဆောင်ရွက်မည့် Swimming Doctors -3 ရေယာဉ် ရေချ

ရန်ကုန် အောက်တိုဘာ ၈

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ကျေးရွာများသို့ တစ်လလျှင် ရက်သတ္တသုံးပတ် သွားရောက် ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်မည့် Swimming Doctors -3 ရေယာဉ် ရေချပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ ဆင်မလိုက် မြန်မာ့သင်္ဘောကျင်း လုပ်ငန်း၌ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင် ဂျာမဏီသမ္မတနိုင်ငံ Stiftfun Glife Foundation မှတာဝန်ရှိသူ တစ်ဦးက ရေယာဉ်ဖြင့် ဆေးကုသမှု လုပ်ငန်းဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည်

စာမျက်နှာ ၃ ကော်လံ ၅ သို့

မြန်မာ့စာတိုက်လုပ်ငန်း၏ ၁၈၈ နှစ်တာ ခရီးမှသည် အနာဂတ်ဆီသို့

စာမျက်နှာ - ၈

ခရီးကြမ်းအခက်အခဲကို ကျော်ဖြတ်ပြီး နာဂဒေသကို ဆက်လက်ရှင်သန်စေခဲ့သူ ကျန်းမာရေးမှူး ကိုသန့်ဇင်ဦး

စာမျက်နှာ - ၁၂

ရန်ကုန်မြို့၌ အနှစ် ၂၀ အထက် အိုဟောင်းဘတ်စ်ကားများအား အစားထိုးလဲလှယ်မည်၊ လက်ရှိ ဘတ်စ်ကားပိုင်ရှင်များ နစ်နာမှုမရှိစေရေးအတွက် လူစီးယာဉ် ခွင့်ပြု

ရန်ကုန် အောက်တိုဘာ ၈

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး အများပြည်သူ သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့၏ အဓိကပြုပြင်ပြောင်းလဲဆောင်ရွက်မှုဖြစ်သည့် ရန်ကုန်မြို့၏ ဘတ်စ်ကား သယ်ယူပို့ဆောင်ရေး ပြုပြင်ပြောင်းလဲမှု အစီအစဉ်အရ အနှစ် ၂၀ သက်တမ်းအထက် အိုဟောင်း ဘတ်စ်ကားများအား ဦးစားပေးကာ အစားထိုးလဲလှယ်မည့်အစီအစဉ် စတင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အများပြည်သူ သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ သိရသည်။

ပြည်သူများ လိုလားသည့် ကောင်းမွန်သော ဝန်ဆောင်မှုများနှင့် လုံခြုံစိတ်ချရသော သယ်ယူပို့ဆောင်ရေးစနစ်ပေါ် ထွန်းလာစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသော ဘတ်စ်ကားလိုင်းများကို စနစ်တကျ စုစည်းကာ တစ်ဦးချင်းပိုင်များမှ အများပိုင်ကုမ္ပဏီများ ဖွဲ့စည်း၍ ပြည်သူ့ဗဟိုပြု ဝန်ဆောင်မှုဖြစ်ရန်နှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့

ကြေးမုံ

ပြည်သူ့ကျန်းမာရေးအာမခံစနစ်

ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဟူသော ဆိုရိုးစကားသည် ပြည်သူတိုင်း ပြည်သူတိုင်းနှင့်သက်ဆိုင်သော်လည်း နေထိုင်မကောင်းဖြစ်သည့်အခါ လိုအပ်သည့် ဆေးကုသမှုကို ခံယူနိုင်ပါ့မလားဟူသော စိုးရိမ်သောကသည် လှုပ်ရှားရုန်းကန်နေကြရသော ပြည်သူလူထုနှင့်သာ သက်ဆိုင်သော ဖြစ်ရပ်ဖြစ်ပါသည်။ နိုင်ငံတော်က ပြည်သူလူထု၏ ကျန်းမာရေးအတွက် ခွင့်ပြုဘတ်ဂျက်ပမာဏဘောင်အတွင်းက အစွမ်းကုန်ဆောင်ရွက်ပေးနေပါသော်လည်း လူထုကျန်းမာရေး လိုအပ်ချက်အားလုံးအတွက် ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသေးသည်မှာ တိုင်းပြည်၏ ပကတိအခြေအနေဖြစ်ပါသည်။ နိုင်ငံ၏ ကျန်းမာရေးကုသမှုဟာကွက်ကို ဖြည့်ဆည်းပေးရန် ကမ္ဘာ့နိုင်ငံများစွာနည်းတူ မြန်မာနိုင်ငံ၌ ကျန်းမာရေးအာမခံစနစ် ကျင့်သုံးခြင်းသည် ဆောင်ရွက်သင့်ဆောင်ရွက်ထိုက်သော နည်းလမ်းတစ်ရပ်ကို ကြိုးပမ်းအကောင်အထည်ဖော်ခြင်းသာဖြစ်ပါသည်။

သို့သော် ကျင့်သုံးမည့် ကျန်းမာရေးအာမခံစနစ်သည် တိုင်းပြည်၏ ပကတိအခြေအနေကို ထင်ဟပ်နိုင်ရန် အရေးကြီးပါသည်။ သတင်းထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံတွင် ကျန်းမာရေးအာမခံစနစ်ကို ၂၀၁၅ ခုနှစ် ဇူလိုင်လ၌ စတင်အကောင်အထည်ဖော်ခဲ့သော်လည်း ယနေ့အချိန်အထိ ကျန်းမာရေးအာမခံယူနစ် သုံးသောင်းသာ ရောင်းချရပါသေးသည်။ ပြည်သူတစ်ဦးလျှင် ငါးယူနစ်အထိ ဝယ်ယူနိုင်သည်ဆိုသည့်အတွက် ကျန်းမာရေးအာမခံထားရှိသော ပြည်သူအရေအတွက်မှာ အဆမတန်နည်းပါးနေပါသည်။ အာမခံစနစ်တို့၏ သဘောသည် ပြည်သူလူထု ကျယ်ပြန့်စွာ ပါဝင်မှုကို အားပြုအခြေခံ၍ မခန့်မှန်းနိုင်သော ကုန်ကျစရိတ်တို့ကို မျှဝေကျခံခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျန်းမာရေးအာမခံစနစ်အောင်မြင်မှုရရှိစေရန် ပြည်သူလူထု၏ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်မှု မရှိမဖြစ် လိုအပ်ပါသည်။ တင်ပြလိုသည်မှာ လက်ရှိအကောင်အထည်ဖော်လျက်ရှိသော ကျန်းမာရေးအာမခံစနစ်သည် အောင်မြင်နိုင်သည့် အခြေအနေကင်းမဲ့နေသည်ကို ထောက်ပြလိုခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ကျန်းမာရေးအာမခံစနစ်ကို မြန်မာ့အာမခံလုပ်ငန်းအပါအဝင် ပုဂ္ဂလိကအာမခံကုမ္ပဏီ ၁၂ ခုတို့က ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ အဆိုပါအဖွဲ့အစည်းများအနေဖြင့် လက်ရှိကျန်းမာရေးအာမခံစနစ်အပေါ် ပြည်သူလူထုက စိတ်ဝင်စားမှု နည်းပါးလျက်ရှိခြင်း၏ အခြေခံအကြောင်းတရားများကို အရေးတကြီး လေ့လာသုံးသပ်ရန် လိုအပ်လျက်ရှိပါသည်။ ထင်ရှားပေါ်လွင်နေသည်မှာ လက်ရှိကျန်းမာရေးအာမခံစနစ်၏ သဘောသဘာဝကို ပြည်သူလူထုကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် လှုံ့ဆော်ပညာပေးမှုအားနည်းနေခြင်းဖြစ်ပါသည်။

အစိုးရ ဆေးရုံတက်ရောက်ကုသရသည်ဖြစ်စေ၊ ပုဂ္ဂလိကဆေးရုံတက်ရောက်ကုသရသည်ဖြစ်စေ နေ့စဉ်ကျန်းမာရေးအာမခံအကျိုးခံစားခွင့်တို့ကို သိသိသာသာတိုးမြှင့်ပေးတော့မည်ဆိုသော်လည်း ယခုလက်ရှိ ကျန်းမာရေးအာမခံစနစ်တွင် ကျန်းမာရေးအာမခံကုမ္ပဏီတို့နှင့် အစိုးရဆေးရုံ (သို့မဟုတ်)ပုဂ္ဂလိကဆေးရုံတို့ မည်သို့မည်ပုံ ချိတ်ဆက်လုပ်ကိုင်မည်ဆိုသော စနစ်၏သဘောသည် တိကျရှင်းလင်းပွင့်လင်းမြင်သာမှုရှိရန် အထူးအရေးကြီးပါသည်။ အမေရိကန်နိုင်ငံ၌ပင် ဝက်ခြံရှိသည်ဆိုရုံမျှဖြင့် ကျန်းမာရေးအာမခံအကျိုးခံစားခွင့်ကို ငြင်းပယ်ခံရခြင်းများ ရှိသကဲ့သို့ တချို့သော ကျန်းမာရေးလက္ခဏာတို့ကို အကြောင်းပြု၍ ကျန်းမာရေးအာမခံထားရှိခွင့် ပယ်ချသည်များလည်း ရှိပါသည်။ တင်ပြလိုသည်မှာ ကျန်းမာရေးအာမခံစနစ်၏ လုပ်ထုံးလုပ်နည်းများသည် တိကျရှင်းလင်းပြတ်သားရန် လိုအပ်သကဲ့သို့ ပြည်သူလူထုအများစု၏ အဆင်ပြေသက်သာမှုကို ဦးတည်ဆောင်ရွက်ခြင်းမျိုးဖြစ်ရန်လည်း လိုအပ်ပါသည်။ အရေးကြီးဆုံးအချက်မှာ ကျန်းမာရေးအာမခံ ပရီမီယံကြေးများသည် ပြည်သူလူထုအများစု လက်လှမ်းမီတတ်နိုင်သော ပမာဏမျိုးဖြစ်ရန် လိုအပ်ပါသည်။ လက်ရှိကျင့်သုံးလျက်ရှိသော ကျန်းမာရေးအာမခံစနစ်ကို အထက်၌ တင်ပြခဲ့သော အချက်များအပါအဝင် ရှုထောင့်ပေါင်းစုံမှ ပြန်လည်သုံးသပ်ပါရန် လေးစားစွာ နှိုးဆော်တင်ပြအပ်ပါသည်။ ။

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသို့ နှစ်ဆင့်ချေးငွေစီမံကိန်း ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၈

မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းကျော်ရှိသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(SMEs)များ အောင်မြင်တိုးတက်မှုမှာ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသားများ အလုပ်အကိုင်ရရှိရေးအတွက် များစွာအရေးပါသည်။ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း (SMEs) များ တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော ဘဏ်ချေးငွေများအား နိုင်ငံတော်ပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ ထုတ်ချေးလျက်ရှိသည်။ မြန်မာ့စီးပွားရေးဘဏ်က အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ အတိုးနှုန်း သက်သာသော ODA နှစ်ရှည်ချေးငွေရယူ၍ ပုဂ္ဂလိကဘဏ်ခြောက်ခုမှ တစ်ဆင့် SMEs များသို့ နှစ်လတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိသည်။ ချေးငွေသက်တမ်းမှာ သုံးနှစ်မှ ငါးနှစ်အထိ နှစ်လတ်ချေးငွေဖြစ်ပြီး အတိုးနှုန်းမှာ တစ်နှစ်လျှင် ၈ ဒသမ ၅၀ ရာခိုင်နှုန်းဖြစ်၍ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် လုပ်ငန်းတိုးချဲ့ရန် သင့်တော်သော ချေးငွေအမျိုးအစားဖြစ်သည်။

ပထမအဆင့် အနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြန်မာ့စီးပွားရေးဘဏ်သည် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှတစ်ဆင့် ဂျပန်ယန်း ၄၅၄ သန်းနှင့်ညီမျှသော မြန်မာကျပ်ငွေကို SMEs များသို့ ထုတ်ချေးခဲ့ပြီး ဒုတိယအဆင့်အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပုဂ္ဂလိကဘဏ် ခြောက်ခုဖြစ်သော ကမ္ဘောဇဘဏ်၊ သမဝါယမဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ ဧရာဝတီဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်နှင့် အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်တို့မှတစ်ဆင့် ဂျပန်ယန်းသန်း ၃၀၀၀နှင့် ညီမျှသော မြန်မာကျပ်ငွေအား ထုတ်ချေးလျက်ရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

(ကြေးမုံ)

ဖမ်းဆီးခံရသူများအား ရပ်မိရပ်ဖများထံ ပြန်လည်အပ်နှံ

သီပေါ အောက်တိုဘာ ၈

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုက ဖမ်းဆီးခေါ်ဆောင်သွားသော ကျေးရွာသူ ကျေးရွာသားများအား ၎င်းတို့၏ရပ်မိရပ်ဖများထံ ပြန်လည် အပ်နှံခြင်းအခမ်းအနားကို အောက်တိုဘာ ၇ ရက် မွန်းလွဲ ၂ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နယ်မြေခံတပ်ရင်း ယာယီနည်းဗျူဟာမှူး ဒုတိယ ဗိုလ်မှူးကြီး အောင်ဇော်ထွေးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဖမ်းဆီးထိန်းသိမ်းခံထားရသူ ၂၅ ဦးတို့အား နမ့်လန်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိုင်းကျော်လှိုင်ထံ ပြန်လည်အပ်နှံခဲ့သည်။

ယင်းသို့ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသူများမှာ အမျိုးသား ၁၉ ဦးနှင့် အမျိုးသမီး ခြောက်ဦးတို့ဖြစ်ရာ ၎င်းတို့၏ အိမ်အပြန်ခရီးစရိတ်အတွက် နယ်မြေခံတပ်ရင်းမှ ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

ကျောင်းများတွင်ပညာပေးဟောပြောပွဲနှင့် စာဖတ်ဝိုင်းများ ကွင်းဆင်းဆောင်ရွက်

အိမ်မဲ အောက်တိုဘာ ၈

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ ကျောင်းစာအပြင် အသိပညာဗဟုသုတများရရှိစေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများက ကျောင်းများသို့သွားရောက်၍ လစဉ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၇ ရက် နံနက် ၁၀ နာရီက အထက(ခွဲ) ချောင်းဖျားကျောင်း၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါကျောင်းမှ ကျောင်းသား ကျောင်းသူအား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအသိပညာပေးဟောပြောခြင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ကွမ်းစားသုံးမှုအန္တရာယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်များနှင့် စာပေဖတ်ရှုခြင်းအကျိုးကျေးဇူးများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဌေးဌေးလှိုင်က ဟောပြောပြီး စာဖတ်ရှိန်မြှင့်တင်ရေးအနေဖြင့် နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်၍စာဖတ်ဝိုင်းများဆောင်ရွက်ပေးခြင်း၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းများပြသပေးခြင်းနှင့် ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များလှူဒါန်းခြင်းတို့ဆောင်ရွက်ခဲ့ရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက စိတ်ဝင်စားစွာ လေ့လာကြည့်ရှုပြီး စာအုပ်စာစောင်များကိုစိတ်ဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

ဌေးဌေးလှိုင်(ပြန်/ဆက်)

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန္တလေး ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

e-Government အကောင်အထည်ဖော်ခြင်းဖြင့်အစိုးရနှင့် ပြည်သူများ၏လုပ်ဆောင်မှုများ တိုးတက်ကောင်းမွန်လာမည်

ဦးတင်မောင်ဝင်း

Ms Meili Hsiao

ဦးသောင်းစုငြိမ်း

Myanmar e-Government ဆွေးနွေးပွဲနှင့် ICT ပြပွဲ(နေပြည်တော်) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ ရက်နှင့် ၈ရက်တို့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပခဲ့ရာ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လွှတ်တော်ကော်မတီများ၊ ပြည်တွင်း၊ ပြည်ပ ပညာရှင်များ တက်ရောက်ဆွေးနွေးခဲ့ပြီး နောက်ဆုံးနေ့ ဆွေးနွေးပွဲပြီးနောက် e-Government အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ မေးမြန်းချက်များကို ဖော်ပြအပ်ပါသည်။

ဦးတင်မောင်ဝင်း
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (ဆိပ်ကမ်းမြို့နယ်)
ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ

လွှတ်တော်မှာ e-Government ကို ပြီးခဲ့တဲ့ တစ်လကျော်လောက်ကစပြီး မြန်မာပြည်အနေနဲ့ ဆောင်ရွက်ဖို့ ပြည်ထောင်စုအစိုးရကို တင်သွင်းခဲ့ပါတယ်။ e-Government အကောင်အထည်ဖော်ခြင်းအားဖြင့် အစိုးရနဲ့ ပြည်သူတွေရဲ့လုပ်ဆောင်မှုတွေက တိုးတက်ကောင်းမွန်လာမယ်။ ကုန်ကျစရိတ်တွေ၊ လာဘ်စားမှုတွေ လျော့သွားမယ်။ ဘာဖြစ်လို့တိုက်တွန်းရလဲဆိုတော့ e-Government စလာတာ ၂၀၀၂ ခုနှစ်က စလာတာ အခု ၂၀၁၆ခုနှစ်အထိ ၁၄ နှစ်အတွင်း သိသိသာသာ ပြောင်းလဲလာခြင်းမရှိလို့ လွှတ်တော်ကနေ အစိုးရကို တိုက်တွန်းရတဲ့အခါမှာ ကွန်ပျူတာအသင်းကနေ e-Government ဖိုရမ်လုပ်တာ တိုင်းပြည်အတွက် အများကြီးအကျိုးရှိပါတယ်။ အရင်ကတော့ ပြည်သူတွေရဲ့ပါဝင်မှု သိပ်မရခဲ့ဘူး။ အခုတော့ စမတ်ဖုန်းတွေသုံးစွဲတာ သန်း ၃၀ ကျော်နီးပါးလောက်ရှိနေတော့ တချို့လုပ်ငန်းတွေက စမတ်ဖုန်းကနေတစ်ဆင့် အစိုးရကနေ ပြည်သူတွေကို ဆက်သွယ်တာ။ ဒီဖိုရမ်လုပ်ခြင်းအားဖြင့် ပြည်သူတွေဟာ ဘယ်လိုအသုံးပြုရမလဲ သိလာမယ်။ e-Government ကို ထိုင်ဝမ်(တိုင်ပေ)မှာ ဘယ်လိုဖြတ်ကျော်ခဲ့လဲဆိုတာ ပြောပြတော့ သိလာပြီ။ ပြင်သစ်မှာ ဘယ်လိုလုပ်တယ်၊ ထိုင်ဝမ်မှာ ဘယ်လိုလုပ်တယ်၊ တခြားနိုင်ငံတွေမှာ ဘယ်လိုလုပ်လဲ ဆိုတာတွေကို နမူနာယူပြီးတော့ မြန်ဆန်အောင်တော့ လုပ်နေပါတယ်။ နိုင်ငံတကာမှာ e-Government ကို ဘယ်လိုဖော်ဆောင်ကြတယ်ဆိုတာ ကြည့်ပြီးတော့ မြန်မာပြည်မှာလည်း အခုလုပ်တော့ နည်းနည်းတော့စိတ်ပူတာပေါ့။ လက်ရှိ ဥပဒေတွေ အခြေခံအားဖြင့်ရှိပေမယ့် ခေတ်နဲ့ညီအောင် ပြန်လည်ပြုပြင်ရေးဆွဲရမှာက လွှတ်တော်မှာ တာဝန်ရှိနေပါတယ်။ အစိုးရဌာနကလည်း လုပ်နေပါတယ်။ e-Government ကိုတော့ အစိုးရကို တိုက်တွန်းလိုက်ပြီ၊ အစိုးရကလည်း လုပ်ပါမယ်လို့ ပြောတယ်။ သုံးလလောက်နေရင်တော့ ဘာတွေများတိုးတက်မှုရှိနေပြီလဲ ပြန်သုံးသပ်ရမယ်။ ပထမကတော့ e-Government ကို ဖိုကယ်ဝန်ကြီးဌာနအနေနဲ့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကပါ။ အခုတော့ ဖိုကယ်ဝန်ကြီးဌာန မဟုတ်တော့ဘဲ Steering ကော်မတီကို နိုင်ငံတော်သမ္မတ ဒါမှမဟုတ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဦးဆောင်မယ်လို့ ကြားတယ်၊ ဒါက တိုးတက်မှုတစ်ခုပဲ။ အဲဒီအဖွဲ့ထဲမှာ ဘယ်သူတွေပါလဲ။ ဘယ်သူတွေ ဘာလုပ်ကြမလဲ လွှတ်တော်ကနေ စောင့်ကြည့်သွားမှာဖြစ်ပါတယ်။

Ms Meili Hsiao - Director General၊ Institution for Information Industry-III၊ Taiwan-တရုတ်(တိုင်ပေ)

မြန်မာနိုင်ငံရဲ့ e-Government အတွက် Master Plan ရှိနေတာကိုလည်း မနေ့က ဆွေးနွေးပွဲမှာသိရပါတယ်။ ဒီအတွက်လည်း မြန်မာတစ်နိုင်ငံလုံးကလည်း ကြိုးစားနေကြပါတယ်။

အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကိုလည်း တွေ့ရပါတယ်။ မြန်မာနိုင်ငံမှာ Infrastructure က အဆင်သင့်မဖြစ်သေးဘူး။ အဲဒီအတွက် သင်တန်းတွေ စဖို့ကလည်း လိုအပ်နေပါတယ်။ အဲဒီအတွက်ကို ထိုင်ဝမ်ရဲ့ Institution for Information Industry-III က အတွေ့အကြုံတွေနဲ့ ကူညီပေးနိုင်ဖို့ ရှိနေပါတယ်။ အခု မြန်မာပြည်က တက်ရောက်တဲ့လူကြီးတွေရဲ့စိတ်ဝင်စားမှုတွေက သိချင်စိတ်ပြင်းပြနေတာကို ပြနေပါတယ်။ မြန်မာနိုင်ငံမှာ Leapfrog ဖွံ့ဖြိုးတိုးတက်လာဖို့ အခွင့်အလမ်းတွေ အများကြီး ရှိနေပါတယ်။ ထိုင်ဝမ်ရဲ့ ICT နည်းပညာတွေနဲ့ e-Government အတွေ့အကြုံတွေနဲ့ ကူညီပေးဖို့လည်း စိတ်ဆန္ဒရှိနေပါတယ်။

ဦးသောင်းစုငြိမ်း MD - Information Matrix (e-Government Forum Organizer)

ဒီ e-Government Conference ကနေ ကျွန်တော်တို့မျှော်မှန်းတာက နိုင်ငံတော်အကြီးအကဲက လာပြီးတော့ ပြခန်းတွေ လေ့လာသွားတော့ Exposure တွေ ရသွားမယ်၊ ပြည်တွင်း၊ ပြည်ပ ICT ကုမ္ပဏီတွေကလည်း တစုတစည်းတည်း ပြသခွင့်ရ၊ ဆွေးနွေးခွင့်ရတယ်။ အတွေ့အကြုံတွေကို ဖလှယ်ကြတယ်။ Master Plan က မူကြမ်းတော့ဆွဲပြီးသား။ ဘယ်လို ဆက်လုပ်မလဲဆိုတာတော့ မသိသေးဘူး။ သေချာတာကတော့ Master Plan အပေါ်မှာ အခြေခံပြီးတော့ပဲ e-Government ဆက်လုပ်ကြမယ့် တွန်းအားတစ်ခုကတော့ ဒီပွဲကနေရရှိလာမှာပါ။ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာတော့ e-Government ကို ဖြစ်ထွန်းစေချင်တယ်ဆိုရင် ဝန်ကြီးချုပ်တွေထံ သွားပြီး ရှင်းပြဖို့ ရှိပါတယ်။ ဒီမှာ တင်ပြသွားတဲ့ Presentation တွေရယ်၊ ဟောပြောဆွေးနွေးချက်တွေကို ဝန်ကြီးဌာနအားလုံးကို ဖြန့်ဝေသွားဖို့ရှိပါတယ်။

(သန့်ဇင်ဝင်း)

■ ရွှေဖုံးမှ

ကြံ့ခိုင်မှုကောင်းသော ကားသစ်များဖြင့် ပြေးဆွဲနိုင်ရေးကို ဆောင်ရွက်လျက်ရှိရာ ဥပမိရုပ်မကောင်းသော အိုဟောင်းဘတ်စ်ကားများကို အပ်နှံခွင့်ပြုမည်ဖြစ်ပြီး လူစီးယာဉ် ပြန်လည်ခွင့်ပြုပေးမည်ဟု အဆိုပါအဖွဲ့ထံမှ သိရသည်။

ယင်းသို့ ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် လက်ရှိ ဘတ်စ်ကားလိုင်းများတွင် ပြေးဆွဲနေသော အနှစ် ၂၀ နှင့်အထက် အိုဟောင်းနေသော ဘတ်စ်ကားများကို ယာဉ်အသစ်အစားထိုးလဲလှယ်ရေးအစီအစဉ် စတင်သွားမည်ဖြစ်ပြီး အိုဟောင်းဘတ်စ်ကား အပ်နှံပါက လူစီးယာဉ်တင်သွင်းခွင့် ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အများပြည်သူ သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

"အဓိကက ဘတ်စ်ကားစနစ် ပြုပြင်ပြောင်းလဲရေး လုပ်တာပါ။ အဲဒီမှာ ပိုင်ဆိုင်မှုပြောင်းတာပေါ့။ တစ်ဦးချင်းစနစ်ကနေ အများပိုင်စနစ်ပြောင်းတာပါ။ နောက်တစ်ခုက ပြေးဆွဲတဲ့စနစ်ပြောင်းတာမှာ အခုဆိုရင် လိုင်းငယ်ပေါင်း ၃၅၀ လောက်ရှိတယ်။ အဲဒါကို လမ်းကြောင်းတူ ဦးတည်ရာတူတာတွေကို စနစ်တကျစုစည်းပြီး လိုင်း ၅၀၊ ၆၀ လောက် ကျစ်ကျစ်လျစ်လျစ်လုပ်မယ်။ လမ်းမကြီး တစ်လမ်းကို လိုင်းတစ်လိုင်းပဲ ပြေးဆွဲတဲ့စနစ်မျိုးပါ။ အများပိုင်ကုမ္ပဏီကားလိုင်းတွေကို ဆွဲစေပါမယ်။ နောက် စီမံအုပ်ချုပ်မှုမှာလည်း အခု မ.ထ.သ ကနေ ဆောင်ရွက်နေတာက နောင်ဆိုရင် သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့က အများပိုင်ဘတ်စ်ကားလိုင်းတွေကို စီမံသွားမယ်။ နောက်ဆုံးအရေးကြီးတာက ကားအိုကားဟောင်း လဲတဲ့စနစ်ပါ။ လက်ရှိယာဉ်ပိုင်ရှင်တွေနဲ့ တွေ့ပြီးသွားပြီ။ ကားသစ်လဲဖို့အတွက် ယာဉ်ပိုင်ရှင်တွေမှာ အခက်အခဲရှိတယ်။ ပြီးတော့ လက်ရှိ ဘတ်စ်ကားတွေကို ရန်ကုန်ပြင်ပကို နယ်ကျော်ရောင်းခွင့်ပြုပေမယ့်လည်း ဝယ်မယ့်သူမရှိဘူး။ ဒါကြောင့် လက်ရှိကားပိုင်ရှင်တွေလည်း နစ်နာမှုမရှိအောင် ရန်ကုန်မြို့ရဲ့ ဘတ်စ်ကားပြေးဆွဲမှုမှာလည်း ယာဉ်အသစ်တွေနဲ့ ဝန်ဆောင်မှုကောင်းတဲ့စနစ်တွေဖြစ်အောင်ဆိုပြီး အစိုးရအဖွဲ့ကနေ စီစဉ်ပေးတာမှာ အနှစ် ၂၀ အထက် ကားဟောင်းတွေကို ဦးစားပေးလဲလှယ်တဲ့အခါမှာ ဘတ်စ်ကားအပ်ရင် လူစီးကား ခွင့်ပြုပေးမယ်။ စီအင်န်ဂျီအပါအဝင် အပ်ရမှာပါ။ ဒါကို တဖြည်းဖြည်းချင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဒေါက်တာမောင်အောင်က ကြေးမုံသတင်းစာသို့ ပြောသည်။

ယင်းသို့ ဘတ်စ်ကားများ အိုဟောင်းအစားထိုးလဲလှယ်ရာတွင် လက်ရှိယာဉ်ပိုင်ရှင်များ နစ်နာမှုမရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် လက်ရှိပြေးဆွဲနေမှုကိုလည်း ထိခိုက်ခြင်းမရှိစေရန်အတွက် စနစ်တကျ အချိန်ယူဆောင်ရွက်သွားမည်ဟု သိရသည်။ ဘတ်စ်ကားအိုဟောင်းလဲလှယ်မှုအတွက် ၁၉၉၅ ခုနှစ်အောက်၊ အနှစ် ၂၀ ကျော်နေပြီဖြစ်ပြီး ဥပမိရုပ်နှင့် ကြံ့ခိုင်မှုမကောင်းသော ယာဉ်များကို ဦးစားပေးလဲလှယ်ခွင့်ပြုသွားမည်ဖြစ်သည်။

"ဘတ်စ်ကားပြေးဆွဲတဲ့စနစ်ဟာ ပြည်သူအများကြီးနဲ့ပတ်သက်တာဖြစ်တဲ့အတွက် စနစ်တစ်ခုကို ဝုန်းခနဲဆိုပြီး ပြောင်းသွားမှာ မဟုတ်ပါဘူး။ စာရင်းအရ အိုဟောင်းယာဉ် ၃၀၀၀ ကျော် ၄၀၀၀ လောက်ရှိတာမှာ နှစ် ၂၀ ကျော်နေတဲ့ ယာဉ်အစီးရေ ၁၇၀၀ လောက်ကို ဦးစားပေးလဲလှယ်မှာပါ။ အဲဒီမှာ ဘတ်စ်ကားအပ်ပြီး လူစီးယာဉ် ပြန်လည်ခွင့်ပြုပေးမှာဖြစ်သလို အဲဒါကို ရောင်းချင်တာပဲဖြစ်ဖြစ်၊ ရောင်းလို့ရတဲ့ ပိုက်ဆံကို ဘတ်စ်ကား ပြန်ဝယ်ချင်တာပဲဖြစ်ဖြစ် အစိုးရအနေနဲ့ ကုမ္ပဏီနဲ့ချိတ်ဆက်ပြီး အရစ်ကျဝယ်ယူနိုင်အောင် ဆောင်ရွက်ပေးမယ်။ ဒါမှမဟုတ် အခုထူထောင်ထားတဲ့၊ နောက်ထပ်ထူထောင်လာမယ့် အများပိုင်ဘတ်စ်ကားလိုင်းတွေမှာ ဝင်ရောက်ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ဦးစားပေးအနေနဲ့ ထည့်သွင်းဆောင်ရွက်ပေးမယ်။ အဓိကကတော့ ပြည်သူလိုလားနေတဲ့ အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ် အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ဖို့ အရေးကြီးပါတယ်။ အများပိုင်ဘတ်စ်ကားလိုင်းတွေ ဈေးသက်သက်သာသာနဲ့ ပြေးဆွဲပေးနိုင်ဖို့ဆိုတာ စီအင်န်ဂျီရရှိဖို့လည်း လိုအပ်ပါတယ်။ ဒါကြောင့် အပ်ကားတွေအနေနဲ့ စီအင်န်ဂျီကိုပါ အပ်ရမှာဖြစ်ပြီး အပ်ကားတွေကနေရရှိလာတဲ့ စီအင်န်ဂျီတွေကိုလည်း အများပိုင်ဘတ်စ်ကားလိုင်းတွေကို ညီတူညီမျှ ပြန်လည်ခွဲဝေအသုံးပြုစေမှာဖြစ်ပါတယ်"ဟု ဒေါက်တာမောင်အောင်က ဆက်လက်ရှင်းပြသည်။

လက်ရှိတွင် စာရင်းများအရ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသော ဘတ်စ်ကားအစီးရေမှာ ၇၀၀၀ ကျော်ခန့်ရှိပြီး နေ့စဉ် ပျမ်းမျှ ပြေးဆွဲစာရင်းမှာ ၄၀၀၀ ကျော်ခန့်ရှိကြောင်း သိရသည်။ ယင်းတွင် နှစ် ၂၀ ကျော် အိုဟောင်း စီးတီးဘတ်စ်နှင့် မီနီဘတ်စ်အရေအတွက် မှာ ၁၇၀၀ ခန့် ဒိုင်နာ၊ ဘီအမ်ယာဉ်များအပါအဝင် ၃၀၀၀ ကျော်ခန့်ရှိကြောင်း သိရသည်။ အဆိုပါယာဉ်များအား တဖြည်းဖြည်းအစားထိုးလဲလှယ်သွားမည်ဖြစ်သည့်အပြင် အိုဟောင်းယာဉ်များ လဲလှယ်နေစဉ်တွင် အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ မထိခိုက်စေရန်အတွက် အများပိုင်ဘတ်စ်ကားလိုင်းများ ထူထောင်ပြေးဆွဲနိုင်ရေးကို ဆောင်ရွက်လျက်ရှိရာ ယခု နှစ်ကုန်ပိုင်းတွင် အများပိုင်ဘတ်စ်ကားလိုင်းသစ် ပြေးဆွဲနိုင်မည်ဖြစ်သည့်အပြင် လက်ရှိပြေးဆွဲနေသော BRT Lite ယာဉ်လိုင်းတွင်လည်း ယာဉ်အစီးရေ အစီး ၁၀၀ ကျော် ထပ်မံတိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အများပြည်သူသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ သိရသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်တွင် ယာဉ်ကြောရှုပ်ထွေးကြပ်တည်းမှုများနှင့် စနစ်မကျသော သယ်ယူပို့ဆောင်ရေးစနစ်များကို ပြုပြင်ပြောင်းလဲရန်ဆောင်ရွက်ရာတွင် အဓိကကျသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်ကို ထိရောက်အောင်မြင်စွာ အသုံးချနိုင်ရန် လိုအပ်မည်ဟု ပညာရှင်များကလည်း အကြံပြုထားကြသည်။ ယင်းကြောင့်လည်း ပညာရှင်များပါဝင်သော အများပြည်သူ သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ဖွဲ့စည်းကာ ဘတ်စ်ကားပြေးဆွဲခြင်းစနစ် ပြုပြင်ပြောင်းလဲမှုကို အဓိကထားလုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းအပြင် အစိုးရအဖွဲ့အနေဖြင့် မူလလျာထားငွေထက် ဘတ်ဂျက်ပိုမိုတိုးမြှင့်ရရှိခဲ့ရာတွင် အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ငွေလုံးငွေရင်းအသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပြီး အများပိုင်ဘတ်စ်ကားလိုင်းများ ထူထောင်ဆောင်ရွက်ခြင်းများ ပါဝင်ကြောင်းသိရသည်။

(ဆုနှင်းလှဲ့)

❐ ရောဝတီမှ

Swimming Doctors -3 ရေယာဉ်ပေါ်ရှိ ဆေးကုသခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဖဲကြိုးဖြတ်၍ ရေယာဉ်အား ရေချပေးသည်။

Swimming Doctors -3 ရေယာဉ်သည် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသို့ Uniteam Marine(Yangon)Limited မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် စာချုပ် ချုပ်ဆိုအပ်နှံထားသော ရေယာဉ်ဖြစ်သည်။ အဆိုပါ Limited အနေဖြင့် ဂျာမနီသမ္မတနိုင်ငံ Stiftfun Glife Foundation ၏ ပံ့ပိုးငွေဖြင့် တည်ဆောက်ပေးရန် အပ်နှံခဲ့ခြင်းဖြစ်သည်။

အဆိုပါရေယာဉ်သည် အလျား ပေ ၁၁၀ x ဖြက် ၂၈ ပေ၊ ဇောက် ၈ပေ၊ ရေဆူး ၃ ပေ ၃ လက်မရှိသည်။ ပင်မအင်ဂျင်အဖြစ် 176 KW (236 HP)ရှိ အင်ဂျင်နှစ်လုံး၊ မီးစက် 30 KVA နှစ်လုံး တပ်ဆင်ထားသည်။ ရေယာဉ်တွင် ဆေးကုသခန်း သုံးခန်း၊ အသေးစား ခွဲစိတ်ခန်း တစ်ခန်း၊ ဓာတ်ခွဲခန်းတစ်ခန်း၊ မျက်စိကုသခန်း တစ်ခန်း၊ သွားဆေးကုသခန်းတစ်ခန်းနှင့် ဆေးသိုလှောင်ခန်း တစ်ခန်းပါဝင်သည်။ ရေယာဉ်တန်ဖိုးမှာ (ဆေးရုံ ဆေးခန်းသုံး ပစ္စည်းမပါ) ငွေကျပ် သိန်း ၄၈၃၀ ဖြစ်သည်။

မြန်မာ့သင်္ဘောကျင်းအနေဖြင့် ၂၀၁၄ ခုနှစ်တွင် Swimming Doctors -2 ရေယာဉ်ကို လွှဲပြောင်းပေးအပ်ခဲ့ပြီး ရေချပွဲအခမ်းအနားသို့ ဂျာမနီသမ္မတနိုင်ငံ သမ္မတ၏ဇနီး မစ္စစ်ဒါနီလာရှထ် တက်ရောက်ခဲ့သည်။အဆိုပါရေယာဉ်ကို ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ကျေးရွာများတွင် ဆိုက်ကပ်ပြီး ဆေးကုသမှုများပေးလျက်ရှိကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဒေါက်တာမြင့်ထွေး၊ ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိသူများ၊ ဂျာမနီသမ္မတနိုင်ငံ သံရုံးမှ သံအမတ်ကြီး၊ တိုင်းအဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်း - ကိုကိုဇော်
ဓာတ်ပုံ-ဇော်မင်းလတ်

❖ ကျောဖုံးမှ

အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းနှင့် အမှုဆောင်များက ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲနောက်ဆုံးနေ့ပွဲစဉ်များကို အောက်တိုဘာ ၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မန္တလေးမြို့ခံအားကစားပရိသတ်များ စိတ်ဝင်တစားလာရောက်အားပေးလျက်ရှိသည်။

(ရဲရင့်ရှိုင်း)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

အင်ဒိုနီးရှားလေတပ်မှ အင်အားအကြီးမားဆုံး စစ်ရေးလေ့ကျင့်မှုပြုလုပ်

ဂျကာတာ အောက်တိုဘာ ၈
အင်ဒိုနီးရှားနိုင်ငံပိုင်နက်နယ်မြေ နာတူနာပင်လယ်ကောင်းကင်ယံ၌ အင်ဒိုနီးရှားလေတပ်၏ အင်အားအကြီးမားဆုံးစစ်ရေးလေ့ကျင့်မှုကို အောက်တိုဘာ ၆ ရက်က ပြုလုပ်ခဲ့ကြောင်း၊ ယင်းစစ်ရေးလေ့ကျင့်မှုတွင် အင်ဒိုနီးရှားတပ်ဖွဲ့ဝင် ၂၀၀၀ ခန့်နှင့် ဂျက်တိုက်လေယာဉ်ဒါဇင်များစွာပါဝင်ကြောင်း ကျိုဒိုသတင်းတွင်ဖော်ပြသည်။

ယင်းလေတပ်စစ်ရေးလေ့ကျင့်ပွဲကို အင်ဒိုနီးရှားသမ္မတဂျိုကိုဝီဒိုဒိုနှင့် အင်ဒိုနီးရှားတပ်မတော်မှ ကြည်း၊ ရေ၊ လေတပ်ဖွဲ့များ၏ ဦးစီးချုပ်များတက်ရောက်ကြည့်ရှုကြပြီး ဆူခွိုင်းနှင့်အက်ဖ်-၁၆ အမျိုးအစားဂျက်တိုက်လေယာဉ်များ နာတူနာပင်လယ်ကောင်းကင်ယံ၌ စစ်ရေးလေ့ကျင့်မှုပြုလုပ်ကြသည်။

ယင်းလေတပ်စစ်ရေးလေ့ကျင့်မှုတွင် ဟော့ခ်၊ တီ-၅၀နှင့် အီးအမ်ဘီ-၃၁၄ စူပါတူကာနို့စ် လေယာဉ်များလည်း ပါဝင်ပြီး အင်ဒိုနီးရှားနိုင်ငံပိုင်နက်ရေပြင်တွင်းသို့ ဝင်ရောက်ရန် ကြိုးပမ်းသည့်သင်္ဘောန်တူပစ်မှတ်များအား ဗုံးကြဲတိုက်ခိုက်မှုကို လေ့ကျင့်ကြသည်။

ယင်းလေတပ်စစ်ရေးလေ့ကျင့်မှုသည် အင်ဒိုနီးရှားစစ်ဘက်က ပြုလုပ်သည့် ပုံမှန်စစ်ရေးလေ့ကျင့်မှု များ၏အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ရက်ထနိုမာဆူဒီက သတင်းသမားများကို ပြောကြားခဲ့သည်။ အင်ဒိုနီးရှားလေတပ်၏ အလားတူစစ်ရေးလေ့ကျင့်မှုကို ၂၀၁၃ ခုနှစ်အတွင်းက နာတူနာပင်လယ်ပြင်၌ ပြုလုပ်ခဲ့ဖူးသည်။

ကျိုဒို။

မော်ရေးရှသျှတွင် ရှာဖွေတွေ့ရှိသည့် လေယာဉ်အပျက်အစီးအပိုင်းအစ အမ်အိတ်ချ်-၃၇၀ လေယာဉ်မှဖြစ်ဟု မလေးရှားပြောကြား

ကွာလာလမ်ပူ အောက်တိုဘာ ၈
မော်ရေးသျှကျွန်းတွင် ရှာဖွေတွေ့ရှိရသော လေယာဉ်အပျက်အစီး အပိုင်းအစတစ်ခုသည် ၂၀၁၄ ခုနှစ် မတ်လအတွင်းက ခရီးသည်နှင့် လေယာဉ်အဖွဲ့သား ၂၃၉ ဦးအား တင်ဆောင်ပျံသန်းစဉ် ပျောက်ဆုံးသွားခဲ့သည့် မလေးရှားလေကြောင်းမှ လေကြောင်းခရီးစဉ်အမှတ်-၃၇၀ အဖြစ် ပျံသန်းခဲ့သော လေယာဉ်၏ အစိတ်အပိုင်းဖြစ်ကြောင်း မလေးရှား တာဝန်ရှိသူတစ်ဦးက အောက်တိုဘာ ၇ ရက်တွင် ပြောကြားသည်ဟု ရိုက်တာသတင်း၌ ဖော်ပြသည်။

ယင်း ဘိုးရင်း-၇၇၇ အမျိုးအစား ခရီးသည်တင်လေယာဉ်သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တော်မှ တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ဦးတည်ပျံသန်းစဉ် ပျောက်ဆုံးသွားခြင်းဖြစ်ပြီး ရှာဖွေရေးလုပ်ငန်းများကို နှစ်နှစ်ကြာလုပ်ဆောင်ခဲ့ပြီးနောက် ရပ်ဆိုင်းထားခဲ့ပြီးဖြစ်သည်။

ပြင်သစ်နိုင်ငံပိုင် ရီယူနီယံကျွန်းတွင် ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်းက ရှာဖွေတွေ့ရှိရသော အပျက်အစီးအစိတ်အပိုင်းတစ်ခုနှင့် ယင်းလအတွင်း၌ပင် တန်ဇန်းနီးယားနိုင်ငံကမ်းလွန်ရှိ ပမ်ဘာကျွန်းတွင် ဒုတိယမြောက်ရှာဖွေတွေ့ရှိခဲ့သည့် အပျက်အစီး အစိတ်အပိုင်းတစ်ခုတို့ကို ပျောက်ဆုံးသွားသော မလေးရှားလေကြောင်းပိုင်လေယာဉ်၏ အစိတ်အပိုင်းများဖြစ်ကြောင်း အတည်ပြုခဲ့ပြီးဖြစ်သည်။ **ရိုက်တာ။**

ပြုံယမ်း၏ ဒုံးကျည်လွှတ်တင်မှုနောက်ထပ်ပြုလုပ်မည်ကို အမေရိကန်သတိပေး

ဝါရှင်တန် အောက်တိုဘာ ၈
မြောက်ကိုရီးယားနိုင်ငံက ဒုံးကျည်စမ်းသပ်လွှတ်တင်မှုကို နောက်ထပ်ပြုလုပ်မည်ဖြစ်သဖြင့် အမေရိကန်နိုင်ငံခြားရေး ပြောရေးဆိုခွင့်ရှိသူက ပြုံယမ်းအား သတိပေးပြောကြားခဲ့ကြောင်း သတင်းများအရသိရသည်။

ပြုံယမ်းက အောက်တိုဘာ ၁၀ ရက်တွင် ကျရောက်မည့် မြောက်ကိုရီးယားအလုပ်သမားပါတီ၏နှစ်ပတ်လည်အခမ်းအနား အထိမ်းအမှတ်တစ်ခုအဖြစ် နျူလက်နက်စမ်းသပ်မှု (သို့မဟုတ်) ဒုံးကျည်လွှတ်တင်မှုကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ထင်မြင်ချက်များ မြင့်တက်လျက်ရှိသည်။

အမေရိကန်နိုင်ငံအနေဖြင့် ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာများနှင့် မကြာမီကာလအတွင်း ရင်ဆိုင်ရဖွယ်ရှိသည်ဟု မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက အောက်တိုဘာ ၆ ရက်တွင် ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီက ဝါရှင်တန်အနေဖြင့် ပြုံယမ်း၏ခြိမ်းခြောက်မှုကို အလေးအနက်ထားလက်ခံပါကြောင်းနှင့် ထိုသို့ခြိမ်းခြောက်ခြင်းသည် ပြုံယမ်းအနေဖြင့် ရန်လိုမှုသဘောကို ပြသနေခြင်းဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ပြုံယမ်းအနေဖြင့် ထိုသို့လုပ်ဆောင်ခြင်းသည် အမေရိကန်နိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဖြေရှင်းချက်နှင့်အညီ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပူးပေါင်းပြီး ပြုံယမ်းအပေါ် စီးပွားရေးပိတ်ဆို့မှုများ ယခင်ကထက်ပိုမိုထားရှိမည်ကို စိုးရိမ်ခြင်းကြောင့် လုပ်ဆောင်ခြင်းဖြစ်သည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။

အောက်တိုဘာ ၁၀ ရက်တွင် အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့က ပူးတွဲစစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်မည်ဖြစ်သည်။ ယင်းစစ်ရေးလေ့ကျင့်မှုတွင် အမေရိကန် နျူကလီးယားဒုံးလက်နက်တင်လေယာဉ်ဖြစ်သည့် ယူအက်စ်အက်စ်ရိုနယ် ရီဂန်ကို ထည့်သွင်းလေ့ကျင့်မည်ဖြစ်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ။

ဂျပန်နိုင်ငံ အာဆိုမီးတောင်မှ ပြာမှုန့်များမှုတ်ထုတ်

ကျိုတို အောက်တိုဘာ ၈
ဂျပန်နိုင်ငံ ကူမာမိုတိုစီရင်စုအနောက်တောင်ပိုင်းရှိ အာဆိုမီးတောင်သည် အောက်တိုဘာ ၈ ရက်နံနက်ပိုင်းတွင် ပြာမှုန့်များနှင့် ကျောက်တုံးအပိုင်းအစများ မှုတ်ထုတ်နေသဖြင့် ယင်းတောင်သို့ အလည်ပတ်ရောက်ရှိနေကြသည့် ခရီးသွားများအား ဘေးလွတ်ရာသို့ပြောင်းရွှေ့ကြရန်နှင့် အနီးဝန်းကျင်သို့ ဖြတ်သန်းသွားလာမှုများ မပြုလုပ်ရန် ဂျပန်အာဏာပိုင်များက ပိတ်ပင်ထားကြောင်း သိရသည်။

အာဆိုတောင်၏ ပြာမှုန့်များမှုတ်ထုတ်မှုသည် ၁၉၈၀ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဖြစ်သည်ဟု ရာသီဥတုလေ့လာစောင့်ကြည့်ရေးအာဏာပိုင်များက ဆိုသည်။

အာဆိုမီးတောင်ဝမှမှုတ်ထုတ်ခဲ့သော ကျောက်ခဲတုံးများသည် တစ်ကီလိုမီတာ အကွာအဝေးသို့ ရောက်ရှိခဲ့သည်။

မိုးလေဝသနှင့်ဇလဗေဒအေဂျင်စီက အဆိုပါမီးတောင်လှုပ်ရှားမှုနှင့်ပတ်သက်ပြီး အနီးဝန်းကျင်ရှိ ပြည်သူများအား ဘေးလွတ်ရာသို့ပြောင်းရွှေ့သွားကြရန် သတိပေးချက်များ ထုတ်ပြန်ထားသည်။ သတိပေးချက်အဆင့် သတ်မှတ်ချက်ငါးဆင့်ရှိသည့်အနက် အဆင့် (၂)မှ (၃)ထိ သတ်မှတ်ထားကြောင်း သိရသည်။

အာဆိုမီးတောင်မှ ကျောက်တုံးကျောက်ခဲများနှင့် ချော်ရည်များသည် မီးတောင်ဝမှ နှစ်ကီလိုမီတာအကွာအဝေးထိ ရောက်ရှိစီးဆင်းနိုင်ပြီး အနီးဝန်းကျင်ရှိ အိုတာနှင့် ကာဂါဝါစီရင်စုများအထိ ရောက်ရှိနိုင်ကြောင်း တာဝန်ရှိသူများကဆိုသည်။ **အင်န်အိတ်ချ်ကေ။**

အာရှ-ပစိဖိတ်ဒေသတွင်း အခွင့်အလမ်းပွင့်အွန်လိုင်းသင်ကြားရေးဆိုင်ရာ ပညာရှင်များအစည်းအဝေးတက်ရောက်ရန်ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၈

ယူနက်စကိုနှင့် ကိုရီးယားသမ္မတနိုင်ငံ National Institute for Lifelong Education (NILE) တို့ပူးပေါင်း၍ ကိုရီးယားသမ္မတနိုင်ငံ Seoul National University တွင် အောက်တိုဘာ ၁၀ ရက်မှ ၁၁ ရက်အထိ ကျင်းပမည့် ဒုတိယအကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသတွင်း အခွင့်အလမ်းပွင့်အွန်လိုင်းသင်တန်းများ သင်ကြားပို့ချရေးဆိုင်ရာ ပညာရှင်များအစည်းအဝေး (Second Regional Expert Meeting on Massive Open Online Courses-MOOCS-in Asia and the Pacific) သို့ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသည့် ရန်ကုန်အဝေးသင်တက္ကသိုလ်ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာလှတင့်သည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့သို့ အောက်တိုဘာ ၈ ရက်ညတွင် ထွက်ခွာသွားကြောင်း သိရသည်။

ရန်ကုန်အဝေးသင်တက္ကသိုလ်သည် ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှစတင်၍ ဘွဲ့လွန်ဥပဒေပညာဒီပလိုမာသင်တန်းကို အွန်လိုင်းဖြင့် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ဥပဒေပညာဘွဲ့ (LLB) ငါးနှစ်သင်တန်းကို အွန်လိုင်းဖြင့် သင်ကြားပို့ချပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် ဘွဲ့ကြိုသင်တန်းကို အွန်လိုင်းဖြင့် သင်ကြားပို့ချပေးလျက်ရှိသော တစ်ခုတည်းသော တက္ကသိုလ်ဖြစ်ပြီး အာရှအဝေးသင်တက္ကသိုလ်များအဖွဲ့နှင့် နိုင်ငံတကာအဝေးသင်တက္ကသိုလ်များကောင်စီတို့တွင်လည်း အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုခြင်းခံရပြီး အဝေးသင် သင်ကြားရေးဆိုင်ရာကိစ္စများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော တက္ကသိုလ်တစ်ခုဖြစ်သည်။ အဆိုပါအစည်းအဝေးတွင် အရည်အသွေးပြည့်ဝသော အွန်လိုင်းသင်တန်းများ ပိုမိုတိုးချဲ့ဖွင့်လှစ်နိုင်ရေးဆိုင်ရာကိစ္စများကို အာရှ-ပစိဖိတ်ဒေသများမှ ပညာရှင် ၂၅ ဦးတို့က ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

(စောသိန်းဝင်း)

မြန်မာစာပေချစ်မြတ်နိုးသူများအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၈

မြန်မာစာပေ ချစ်မြတ်နိုးသူများအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို အောက်တိုဘာ ၂၉ ရက် စနေနေ့တွင် ရန်ကုန်မြို့ကျောက်တံတားမြို့နယ် ကုန်သည်လမ်း စာပေဗိမာန်ခန်းမ၌ မွန်းလွဲ ၁ နာရီမှ ၄ နာရီအထိ ကျင်းပမည်ဖြစ်ရာ မြန်မာစာပေချစ်မြတ်နိုးသူတိုင်း တက်ရောက်နိုင်ကြောင်း ဖိတ်ကြားထားသည်။

မြန်မာစာပေ ချစ်မြတ်နိုးသူများအသင်းအား မြန်မာစာပေကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ မြန်မာစာပေ ပြန့်ပွားတိုးတက်စေရန်၊ မြန်မာစာပေ၏ ဂုဏ်ကို မြှင့်တင်ရန်၊ မြန်မာစာပေ ချစ်မြတ်နိုးသူများတိုးပွားစေရန်၊ မြန်မာစာပေ ချစ်မြတ်နိုးမှုကိုအခြေခံ၍ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းများ ထိန်းသိမ်းတက်စေရန်၊ မြန်မာစာပေစွမ်းအားဖြင့် နိုင်ငံနှင့် နိုင်ငံသားတို့၏ အကျိုးကိုသယ်ပိုးရန် စသောရည်ရွယ်ချက်များဖြင့် တည်ထောင်ထားသည်။ အသင်းသက်တမ်းမှာလည်း လေးနှစ်ရှိပြီဖြစ်သည်။

မြန်မာစာပေ ချစ်မြတ်နိုးသူများအသင်း (ဗဟို)ကို ဥက္ကဋ္ဌဂုဏ်ထူးဦးသိန်းနိုင်၊ ဒု-ဥက္ကဋ္ဌ ဦးအေးချို(မဟာ ဝိဇ္ဇာ)၊ ဆရာသူရဇော်၊ အတွင်းရေးမှူး ဦးအောင်စိုးဦး၊ တွဲဖက်အတွင်းရေးမှူး ဆရာမောင်ခေတ်ထွန်း၊ ဆရာ အောင်ကြည်ညွန့်တို့နှင့် ဖွဲ့စည်းထားသည်။ မုံရွာမြို့နှင့် မအူပင်မြို့တို့တွင် အသင်းခွဲများဖွဲ့စည်းပြီးဖြစ်၍ မန္တလေးအသင်းခွဲကိုလည်း ဖွဲ့စည်းရန် စည်းရုံးပြင်ဆင်လျက်ရှိသည်။

အသင်းဝင်လိုသူများသည် ဂုဏ်ထူးမြန်မာစာခန်းမအမှတ် ၁၈၈၊ ဆိပ်ကမ်းသာလမ်း အလယ် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ရုံးအဖွဲ့မှူး ဦးအောင်မြင့် ဖုန်း -၀၉-၇၈၂၂၀၇၉၈ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် တွင်းဖြည်းအုပ်စု ကွင်းအမှတ် (၈၀၁) တောင်သူဦးသိန်းဝင်း၏ ဆင်းသုခ ကိုးဧက မျိုးသန့်စံပြကွက်တွင် အောက်တိုဘာ ၆ ရက်က မျိုးကွဲနုတ်ပယ်မှု တောင်သူပညာပေးသရုပ်ပြပွဲ ပြုလုပ်စဉ်။ (၄၉၇)

ရထားနှင့်တိုက်မှုဖြစ်စဉ်များ လျှော့နည်းကျဆင်းရေးဟောပြော

မော်လမြိုင် အောက်တိုဘာ ၈

ရထားရဲတပ်ဖွဲ့ အမှတ်(၁၅)တပ်ခွဲ မော်လမြိုင်မှ တပ်ခွဲမှူး ဒု-ရဲမှူး ငွေဝင်းသည် အောက်တိုဘာ ၇ ရက်က တပ်စု(၁) တပ်စိတ်(၃)မုတ္တမရှိ တပ်ဖွဲ့ဝင်လေးဦး၊ မိသားစု ၁၀ဦး၊ မုတ္တမဘူတာရုံပိုင် ဦးထိုက်လင်း၊ မုတ္တမရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစိုးတင်နှင့် မုတ္တမရပ်ကွက်နေပြည်သူတို့အား ရထားနှင့် ယာဉ်တိုက်မှုဖြစ်စဉ်များ၊ ရထားကြိတ်မှု၊ တိုက်မှု၊ ပြုတ်ကျမှုဖြစ်စဉ်များ လျှော့နည်းကျဆင်းစေရေးအတွက် အသိပညာပေးဟောပြောဆွေးနွေးကြောင်း သိရသည်။

(ရထားရဲတပ်ဖွဲ့)

တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)တွင် ခြင်္သေ့အညိုအထီးတစ်ကောင်နှင့် အမတစ်ကောင်ရောက်ရှိ

မန္တလေး အောက်တိုဘာ ၈

မန္တလေး အောင်မြေသာစံမြို့နယ်ရှိ တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ)တွင် တိရစ္ဆာန်မျိုးစုံရှိသော်လည်း ခြင်္သေ့မရှိသဖြင့် နေပြည်တော် ဆာဖာရီဥယျာဉ်မှ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ) သို့ ခြင်္သေ့အထီးတစ်ကောင်နှင့် ခြင်္သေ့အမတစ်ကောင်တို့ အောက်တိုဘာ ၇ ရက် ညပိုင်းက ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)မှ အုပ်ချုပ်ရေးမှူး ဦးတင်ရွှေက ပြောသည်။ "ကျွန်တော်တို့ဥယျာဉ်ထဲမှာ ခြင်္သေ့မပြသနိုင်တာ နှစ်တော်တော် ကြာနေပါပြီ။ ကျွန်တော်တို့ဥယျာဉ်အနေနဲ့ အများပြည်သူ ကြည့်ရှုလေ့လာနိုင်ဖို့အတွက် အစည်းအဝေးတွေမှာ တင်ပြတဲ့အတွက် ခြင်္သေ့တွေရောက်ရှိလာခဲ့ခြင်းဖြစ်ပါတယ်"ဟု အုပ်ချုပ်ရေးမှူးက ပြောသည်။

အဆိုပါ ခြင်္သေ့အညိုနှစ်ကောင်မှာ အထီးနှင့်အမ စုံတွဲဖြစ်ပြီး အထီးမှာ ခြောက်နှစ်သားရှိကာ ရမ်ဘိုဟုလည်းကောင်း၊ အမမှာ ခုနစ်နှစ်သားရှိပြီး ပင်ကီဟုလည်းကောင်း အမည်ပေးထားသည်။ ယခု ခြင်္သေ့စုံတွဲမှတစ်ဆင့် မျိုးပွားကာ ခြင်္သေ့များ ဆက်လက်ပြသနိုင်ရန် ရည်ရွယ်ထားသည်ဟု အုပ်ချုပ်ရေးမှူးက ပြောသည်။

တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)တွင် တောင်ဆိတ်နီ၊ စိုင် အစရှိသည့် ပြည်တွင်းရှားပါးမျိုးစိတ် သတ္တဝါများကိုလည်း ပြသနိုင်ရန် စီစဉ်နေကြောင်း ဥယျာဉ်တာဝန်ရှိသူများက ပြောသည်။ အဆိုပါတိရစ္ဆာန်ဥယျာဉ်တွင် တွားသွား၊ နို့တိုက်၊ ကျေးငှက် အစရှိသည့် တိရစ္ဆာန်မျိုးစိတ်ပေါင်း ၁၀၁ မျိုး၊ ကောင်ရေ ၁၀၉၁ ကောင် ပြသထားသည်။

တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ)သို့ လာရောက်အပန်းဖြေမည့်ပြည်သူများအနေဖြင့် ပိတ်ရက်မရှိဖွင့်လှစ်ထားပြီး ဝင်းကြေး လူကြီး ငွေကျပ်တစ်ထောင်နှင့် ကလေး ငွေကျပ်ငါးရာ သတ်မှတ်ထားကြောင်း သိရသည်။ **အောင်မင်းထွန်း(မန္တလေး)**

၂၀၁၆ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ ညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့သော သဝဏ်လွှာ

"ခေတ်သစ်လူ့ဘောင်အဖွဲ့အစည်းသို့ အိမ်တိုင်ရာရောက် ဖြန့်ဝေစို့"

ကမ္ဘာ့တစ်ဝန်း စာပို့လုပ်ငန်းများသည် အခြားသော ဝန်ဆောင်မှုလုပ်ငန်းများကဲ့သို့ စာပို့လုပ်ငန်းကိုအသုံးပြုသောလူထုကို အဓိကထားဝန်ဆောင်မှုပေးပါသည်။

ကမ္ဘာအနှံ့ပူးပေါင်းဆောင်ရွက်မှုဖြစ်စဉ် သာဓကအနေဖြင့် ကမ္ဘာ့စာပို့တိုက်သမဂ္ဂကို လွန်ခဲ့သော ၁၄၂ နှစ်ခန့်က ကမ္ဘာအနှံ့စာပို့ခြင်းလုပ်ငန်းကို အခက်အခဲမရှိ တွင်တွင်ကျယ်ကျယ် ပို့ဆောင်နိုင်ရန်ဟူသောရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းနိုင်ခဲ့ပါသည်။

သုံးစွဲသူများထံသို့ အိမ်တိုင်ရာရောက်ပို့ဆောင်ပေးသည့် ဝန်ဆောင်မှုကို စာပို့တိုက်လုပ်ငန်းများ ထိရောက်တွင်ကျယ်စေရေးနှင့် သုံးစွဲသူများ၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးရေးဟူသည့် ရည်မှန်းချက်များက ပိုမိုတွင်ကျယ်စေခဲ့ပါသည်။

ကမ္ဘာတစ်ဝန်းစာပို့လုပ်ငန်းကို သုံးစွဲသူများက ယုံကြည်သည့်နည်းတူ ကမ္ဘာ့စာပို့တိုက်သမဂ္ဂအဖွဲ့ကြီးမှလည်း ပြည်တွင်းသာမက ပြည်ပစာပို့လုပ်ငန်းများကိုပါ ယုံကြည်စွာသုံးစွဲသူများအတွက် ကမ္ဘာ့တစ်ဝန်းထိရောက်သော ဝန်ဆောင်မှုအဖြစ် တွင်တွင်ကျယ်ကျယ် ဆောင်ရွက်လျက်ရှိပါသည်။

သို့ရာတွင် သုံးစွဲသူများ၏ လိုအပ်ချက်များမှာ လျင်မြန်စွာပြောင်းလဲလျက်ရှိသည်။ ယနေ့ခေတ် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကြောင့် အိမ်တိုင်ရာရောက်ဖြန့်ဝေမှုပေးခြင်းထက် သာလွန်သော ဝန်ဆောင်မှုကို လိုအပ်သောသုံးစွဲသူများ ပေါ်ထွက်လာလျက်ရှိပါသည်။ သုံးစွဲသူများသည် မိမိတို့လိုအပ်သော အချိန်အခါတိုင်းတွင် ဝန်ဆောင်မှုရရှိရန် လိုလားကြပါသည်။ ဤလိုအပ်ချက်များသည် ပိုမိုအဆင်ပြေလွယ်ကူ၍ တစ်ဦးတစ်ယောက်ချင်းစီအတွက် သီးသန့်ဆန်သော ဝန်ဆောင်မှုများဖြစ်ပါသည်။

ဤသို့သော ဆန်းသစ်သည့် လိုအပ်ချက်များသည် အတားအဆီးတစ်ခုဖြစ်နိုင်သော်လည်း ကျွန်ုပ်တို့ကမ္ဘာ့စာပို့တိုက်သမဂ္ဂအဖွဲ့ကြီးသည် ထိုစိန်ခေါ်မှုများကို အခွင့်အရေးအဖြစ်မှတ်ယူပြီး သုံးစွဲသူများ၏ လိုအပ်ချက်များနှင့် အကိုက်ညီဆုံးသော ဝန်ဆောင်မှုများကိုပေးနိုင်မည်ဟု မျှော်လင့်မိပါသည်။

ထိုသို့ လုပ်ဆောင်နိုင်ရန် ကမ္ဘာ့စာပို့တိုက်သမဂ္ဂအဖွဲ့ကြီးသည် သုံးစွဲသူများ၏ အိမ်တံခါးဝများထက် ကျော်လွန်၍ ဖြန့်ဝေမှုပေးသော ဝန်ဆောင်မှုနည်းလမ်းအသစ်များကို စဉ်ဆက်မပြတ်ရှာဖွေလျက်ရှိပါသည်။

အစ္စတန်ဘူလ် ကမ္ဘာ့စာပို့လုပ်ငန်း မဟာဗျူဟာတွင် ကမ္ဘာ့စာပို့တိုက်သမဂ္ဂအဖွဲ့ကြီးသည် ၂၀၁၇-၂၀၂၀ အတွင်းနှင့် ၂၀၂၀ အလွန် စာပို့လုပ်ငန်းများအတွက် သင့်လျော်သောအစီအစဉ်များကို လမ်းညွှန်ပေးပါသည်။ ထိုအစီအစဉ်များတွင် အရေးကြီးသောရည်မှန်းချက်သုံးရပ်ကို ချမှတ်ထားပါသည်။ ၎င်းတို့မှာ -

ရည်မှန်းချက် ၁။ ။ စာပို့လုပ်ငန်းကွန်ရက်များအချင်းချင်း ချိတ်ဆက်လုပ်ကိုင်မှုတိုးတက်ရန်

ရည်မှန်းချက် ၂။ ။ စာပို့လုပ်ငန်းရေရှည်တည်တံ့ရန်နှင့် ခေတ်မီတိုးတက်ရန်

ရည်မှန်းချက် ၃။ ။ ကမ္ဘာတစ်ဝန်းစာပို့လုပ်ငန်းများ တိုးတက်အောင်မြင်စေရန်

ကမ္ဘာ့စာပို့တိုက်သမဂ္ဂ၏ ၂၀၂၀ မျှော်မှန်းချက်သည် ပြောင်းလဲခြင်းလုပ်ငန်းစဉ်များကို ဦးတည်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ၎င်းမျှော်မှန်းချက်တိုင်း ကျွန်ုပ်တို့စာပို့လုပ်ငန်းသည် နောင်လေးနှစ်လွန်ကာလတစ်လျှောက် ရှင်သန်တိုးတက်စေမည့် ဆန်းသစ်၊ တီထွင်၊ ဖန်တီး၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို အလေးထားဆောင်ရွက်မည်ဖြစ်သည်။

နိုင်ငံတကာ၊ ဒေသတွင်းနှင့် ပြည်တွင်းအတူတကွ ပူးပေါင်းလုပ်ကိုင်သော စာပို့လုပ်ငန်းကွန်ရက်နှင့် စာပို့လုပ်ငန်းကို အစိုးရနှင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ တိုးတက်မှုအတွက် ကြားခံတစ်ခုအဖြစ်သတ်မှတ်သောအဖွဲ့အစည်းများကြားတွင် ဆန်းသစ်မှုများကို မျှဝေ၊ တိုးမြှင့်၊ ဖြန့်ဝေနိုင်သည့် စာပို့လုပ်ငန်းကြီးပေါ်ပေါက်လာရန် လုပ်ဆောင်ရမည်ဖြစ်သည်။

ခြုံငုံ၍ပြောရလျှင် သုံးစွဲသူများ၏ နေ့စဉ်ဘဝတွင် လိုအပ်ချက်များနှင့် မျှော်မှန်းချက်များယူဆောင်လာသော အခွင့်အရေးအသစ်များကို ကျွန်ုပ်တို့ ကမ္ဘာ့စာပို့တိုက်သမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ပေးရမည်ဖြစ်သည်။

ကမ္ဘာ့စာပို့တိုက်သမဂ္ဂကြီးသည် သုံးစွဲသူများ၏ လိုအပ်ချက်များနှင့် မျှော်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စာပို့လုပ်ငန်းတွင် တာဝန်ရှိသူများနှင့် အခြားတာဝန်ရှိသူ အသီးသီးတို့ ပူးပေါင်းဆောင်ရွက်ခြင်းအပြင် ၎င်းတာဝန်ရှိသူအသီးသီးမှ သုံးစွဲသူများ၏ အစဉ်မပြတ်ပြောင်းလဲနေသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် နည်းလမ်းအသစ်များ ဆွေးနွေးလုပ်ဆောင်နိုင်ရန် အခြေအနေများဖန်တီးပေးလျက်ရှိသည်။

ကျွန်ုပ်တို့သည် ကမ္ဘာပေါ်တွင်ရှိသော နိုင်ငံသားများနှင့် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းအမျိုးမျိုးတို့အတွက် ယုံကြည်အားကိုးရသော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူများအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပါသည်။

ပျော်ရွှင်ဖွယ်ရာ ကမ္ဘာ့စာပို့တိုက်နေ့ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကမ္ဘာ့စာပို့တိုက်နေ့

သတင်းမီဒီယာနှင့် လွတ်လပ်မှု

ဦးဟန်ညွန့်(ဥပဒေ)

ပင်ကိုသဘာဝ

"သတင်းသမား(သို့မဟုတ်) စာပေအနုပညာသမားများ အနေဖြင့် ပင်ကိုသဘာဝအရ လွတ်လပ်ခွင့်ကို အလွန်မြတ်နိုးကြောင်း၊ စာနယ်ဇင်းသမားများ၏ လွတ်လပ်စွာ ရေးသားခွင့်နှင့် လွတ်လပ်ခွင့်အတွက် အကာအကွယ်ရှိရန် လိုအပ်သည်ဟု လက်ခံယုံကြည်ပါကြောင်း"

(ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်)

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်တွေ့ဆုံစဉ် အထက်ပါအတိုင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

တာဝန်သိစွာသုံးစွဲရန်

စာနယ်ဇင်းသမားများအနေဖြင့် လွတ်လပ်စွာ ရေးသားခွင့်ရှိသော်လည်း ထိခိုက်နစ်နာမှုများကို ကာကွယ်ရန်လိုအပ်ကြောင်း၊ လွတ်လပ်စွာရေးသားခွင့်နှင့် ရေးသားမှုများအတွက် တာဝန်ယူမှုလည်းရှိရမည်ဖြစ်ကြောင်း၊ သတင်းမီဒီယာကောင်စီအနေဖြင့် လွတ်လပ်မှုကို သုံးစွဲသည့်အခါ တာဝန်သိစွာသုံးစွဲနိုင်ရန်အတွက် ထိန်းသိမ်းပေးရမည်ဖြစ်ကြောင်း၊ စာနယ်ဇင်း၏ ဂုဏ်သိက္ခာနှင့် အရှိန်အဝါကို အမှန်တကယ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် သတင်းမီဒီယာကောင်စီသည် လိုအပ်ပါကြောင်းနှင့် ရှိသင့်သည်ဟု ယခင်ကတည်းက ယုံကြည်ပါကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

ကောင်စီဥက္ကဋ္ဌ

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေး (ဖိုးသောကြာ ခေတ်+မိုး)က ကောင်စီ၏ ဆောင်ရွက်ချက်များ ဆွေးနွေးခြင်း၊ အပြန်အလှန် ညှိနှိုင်းခြင်းများပြုခဲ့ပါသည်။ တွဲဖက်အတွင်းရေးမှူး(၁) ဒေါ်သင်းသင်းသာ၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးကျော်စွာမင်းတို့ကလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌများ၊ ကောင်စီဝင်များကလည်းကောင်း ကဏ္ဍအလိုက် တင်ပြညှိနှိုင်းခဲ့ကြသည်။

ညှိနှိုင်းချက်များ

ညှိနှိုင်းဆွေးနွေးချက်များအနက် အောက်ပါအချက်များကို ကောက်နုတ်တင်ပြပါသည် -

(၁) သတင်းသမားများ လုံခြုံမှုရရှိရေး၊
(၂) ဥပဒေပါ လုံခြုံမှုအခွင့်အရေးအပါအဝင် ဆက်စပ်မှုများ စဉ်းစားသုံးသပ်ရေး၊
(၃) တိုင်းဒေသကြီးအလိုက် သတင်းရယူမှုအဆင့် အတန်းခွဲခြားမှုရှိနေဆဲအခြေအနေ၊
(၄) ဝန်ကြီးဌာနအလိုက် အစိုးရပြောရေးဆိုခွင့်ရှိသူများ ပူးပေါင်းဆောင်ရွက်မှု အားနည်းနေဆဲ အခြေအနေ၊
(၅) အရည်အသွေးတောက်ပြောင်သော သတင်းသမားများပေါ်ထွန်းရေး၊
(၆) ပုံနှိပ်မီဒီယာအခန်းကဏ္ဍ ကျဆင်းမှုအခြေအနေသုံးသပ်ရေး၊
(၇) ဆိုရှယ်မီဒီယာများနှင့် ကြော်ငြာများကိစ္စ၊
(၈) သတင်းထောက်များအား အသိအမှတ်ပြုကတ်ပြားထုတ်ပေးရန်အစီအမံ၊
(၉) သတင်းမီဒီယာဥပဒေအပေါ် အားသာချက်၊ အားနည်းချက်များ ပြန်လည်သုံးသပ်ခြင်း၊
(၁၀) မဏ္ဍိုင်လေးရပ် အလုပ်ရုံဆွေးနွေးပွဲကျင်းပပြုလုပ်ရေး၊
(၁၁) တိုင်းရင်းသားမီဒီယာများ ဖွံ့ဖြိုးတိုးတက်ရေးစသည့်အချက်များ တင်ပြဆွေးနွေးခဲ့ကြသည်။

လွှတ်တော်သတင်းရယူခြင်း

လွှတ်တော်သတင်းရယူခြင်းနှင့် စပ်လျဉ်း၍ တွေ့ကြုံရသည့် အခက်အခဲများ၊ ဝန်ကြီးဌာနအလိုက် သတင်းစာရှင်းလင်းပွဲများ ပုံမှန်ဆက်တိုက်ပြုလုပ်ရေး၊ ပြောရေးဆိုခွင့်ပုဂ္ဂိုလ်များက သတင်းမီဒီယာ၏ မေးမြန်းချက်များကို ပြည့်ပြည့်စုံစုံဖြေကြားရေး၊ ပုဂ္ဂလိကသတင်းစာများ၏ အခန်းကဏ္ဍနှင့် အခက်အခဲများ၊ တပ်မတော်နှင့် သတင်းမီဒီယာ ဆက်နွှယ်မှုများအကြောင်း၊ နိုင်ငံတကာသတင်းမီဒီယာနှင့် ချိတ်ဆက်မှုများ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် သတင်းမီဒီယာများ တွေ့ဆုံလမ်းညွှန်မှုခံယူရေးစသည်တို့ကိုလည်း ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

သတင်းမီဒီယာသမားတိုင်း လွတ်လပ်မှုကို ချစ်မြတ်နိုးသည်။ လွတ်လပ်မှု၏ အနှစ်သာရနှင့် ထိခိုက်နစ်နာမှု၏ အထိန်းအကွပ်ကို နားလည်သဘောပေါက်ကြသည်။ တာဝန်သိမှုနှင့် ပေါင်းစပ်သည့်အခါ လွတ်လပ်မှုသည် ဂုဏ်သိက္ခာမြင့်မားသည်။ ဤသို့ဖြစ် ဒီမိုကရေစီ၏ အနှစ်သာရကို ရယူခံစားနိုင်ကြမည်။

တစ်ခုတည်းသောအဖွဲ့အစည်း

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် စာနယ်ဇင်းသမားများနှင့်စပ်လျဉ်း၍ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာဆောင်ရွက်နိုင်သည့် တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်သည်။

(သတင်းမီဒီယာ ဥပဒေ၊ ပုဒ်မ ၁၂)

စတုတ္ထမဏ္ဍိုင်

"သတင်းမီဒီယာလုပ်ငန်းသည် စတုတ္ထမဏ္ဍိုင်အဖြစ် ပီပြင်စွာရပ်တည်နိုင်စေရန်"ဟူသော ရည်ရွယ်ချက်သည် သတင်းမီဒီယာဥပဒေပုဒ်မ ၃(ခ)၏ ပြဋ္ဌာန်းချက်ဖြစ်သည်။ သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များ အပြည့်အဝရရှိစေရန်၊ နိုင်ငံသားတိုင်း၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးရန်လည်း ဥပဒေရည်ရွယ်ချက်များဖြစ်သည်။

သတင်းအချက်အလက်ရယူခွင့်

သတင်းအချက်အလက်ရယူခွင့်နှင့် စပ်လျဉ်း၍ သတင်းမီဒီယာနည်းဥပဒေ အခန်း(၉)တွင် ဖော်ပြထားသည်။ သတင်းမီဒီယာသမားသည် အများပြည်သူသိခွင့်ရှိသော သတင်းအချက်အလက်များကို တောင်းခံရာတွင် သတင်းမီဒီယာသမား သက်သေခံကတ်ပြားပြသ၍ သက်ဆိုင်ရာအဖွဲ့အစည်းများထံမှ တောင်းယူကြည့်ရှုခွင့်ရှိသည်။ အမှန်တကယ် ကျသင့်သည့်အဖိုးအခမှလွဲ၍ အခြားအပိုဆောင်းစရိတ်များ၊ အဖိုးအခများပေးရန်မလိုဘဲ တောင်းယူကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်ရှိသည်။

ငြင်းဆန်ခြင်း၊ အချိန်ဆွဲခြင်း မရှိစေရ

အများပြည်သူသိခွင့်ရှိသော သတင်းအချက်အလက်များကို ထုတ်ပြန်ရန်တာဝန်ရှိသည့် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနမဆို အများပြည်သူသိခွင့်ရှိသော သတင်းအချက်အလက်များ၊ ဓာတ်ပုံ၊ သရုပ်ဖော်ပုံ၊ ကိန်းဂဏန်း၊ စာရင်းဇယားများကို တောင်းယူကြည့်ရှုရာတွင်လည်းကောင်း၊ မိတ္တူကူးယူခွင့်ရယူရာတွင် လည်းကောင်း တာဝန်ရှိသူသည် ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ငြင်းဆန်ခြင်း၊ အချိန်ဆွဲခြင်းမရှိစေရ။

(သတင်းမီဒီယာနည်းဥပဒေများ-၃၁)

သတင်းတောင်းခံသူကတိုင်ကြားလာပါက

သတင်းမီဒီယာများ၏ သတင်းအချက်အလက် တောင်းခံမှုအပေါ် ခိုင်လုံသော အကြောင်းပြချက်ဖြင့် ငြင်းဆိုနိုင်သည်။ အဆိုပါအကြောင်းပြချက်သည် ခိုင်လုံမှုမရှိကြောင်း၊ သို့မဟုတ် ဥပဒေနှင့်မကိုက်ညီကြောင်း၊ သတင်းတောင်းခံသူက တိုင်ကြားလာပါက သက်ဆိုင်ရာတာဝန်ရှိသူသည် ဥပဒေပုဒ်မ ၂၄ နှင့်အညီ စီစဉ်ဆောင်ရွက်ပေးရမည်။ ဆောင်ရွက်ပြီးစီးမှုကို သက်ဆိုင်ရာ သတင်းမီဒီယာသို့ ပြန်လည်အကြောင်း ပြန်ကြားရမည်။ ထိုဖြေရှင်းချက်ကို မကျေနပ်ပါက သတင်းမီဒီယာအဖွဲ့အစည်း သို့မဟုတ် သတင်းမီဒီယာသမားသည် သတင်းမီဒီယာကောင်စီသို့ တိုင်ကြားနိုင်သည်။ ကောင်စီသည် တိုင်ကြားချက်နှင့်ပတ်သက်ပြီး ပြည်ထောင်စု၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများထံ အကြောင်းကြားရမည်။ အဆိုပါ အကြောင်းကြားချက်ရရှိပါက ၎င်းအဖွဲ့အစည်းများက အရေးယူဆောင်ရွက်ပေးရမည်။

(သတင်းမီဒီယာနည်းဥပဒေများ ၃၁(ဃ))

သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်များ

သတင်းမီဒီယာဥပဒေပုဒ်မ ၄ တွင် သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်များကို ဖော်ပြပြဋ္ဌာန်းထားသည်။ သတင်းမီဒီယာသမားများသည် -

(က) ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်စွာ ဝေဖန်ထောက်ပြ၊ အကြံပြုရေးသားခွင့်ရှိသည်။
(ခ) နိုင်ငံသားတိုင်း သိခွင့်ရှိသော သတင်းအချက်အလက်များနှင့် သဘောထားအမြင်များကို ကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ စုံစမ်းဖော်ထုတ်ရေးသားခွင့်နှင့် သတင်းထုတ်လွှင့်ခွင့်တို့ရှိသည်။
(ဂ) နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဆုံးရှုံးမှုဆိုင်ရာကိစ္စရပ်များကို ဖော်ထုတ်ရေးသားခွင့်ရှိသည်။
(ဃ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက သတ်မှတ်ထားသော စည်းကမ်းနှင့်အညီ အစိုးရရုံး၊ ဌာန၊ အဖွဲ့အစည်းများတွင် သတင်းအချက်အလက် ရယူခွင့်နှင့် ဝင်၊ ထွက်သွားလာခွင့်တို့ရှိသည်။

သတင်းမီဒီယာလုပ်ငန်း၏ ထုတ်ဝေစာသည် စိစစ်ခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

လွတ်လပ်မှု

သတင်းမီဒီယာသမားတိုင်း လွတ်လပ်မှုကို ချစ်မြတ်နိုးသည်။ လွတ်လပ်မှု၏ အနှစ်သာရနှင့် ထိခိုက်နစ်နာမှု၏ အထိန်းအကွပ်ကို နားလည်သဘောပေါက်ကြသည်။ တာဝန်သိမှုနှင့် ပေါင်းစပ်သည့်အခါ လွတ်လပ်မှုသည် ဂုဏ်သိက္ခာမြင့်မားသည်။ ဤသို့ဖြင့် ဒီမိုကရေစီ၏ အနှစ်သာရကို ရယူခံစားနိုင်ကြမည်။

သတင်းမီဒီယာဥပဒေ

သတင်းမီဒီယာဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ပြန်ကြားရေးဝန်ကြီးဌာနသည် သတင်းမီဒီယာကောင်စီနှင့် ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။
(ခ) ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကောင်စီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။ **(ပုဒ်မ-၃၃)**

တင်ပြချက်

သတင်းမီဒီယာနှင့်လွတ်လပ်မှုသည် ပြည်သူတို့၏ အကဲဖြတ်မှုအပေါ်တွင် မူတည်နေမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

မူးယစ်ဆေးအခမဲ့ဖြတ်ပေးပြီး အလုပ်အကိုင်ရရှိရေး ကူညီမည်

သထုံ အောက်တိုဘာ ၈

မွန်ပြည်နယ်အတွင်းရှိ မူးယစ်ဆေးစွဲနေသူများအား ပြည်နယ်ရဲတပ်ဖွဲ့၊ ပြည်နယ်မူးယစ်ဆန့်ကျင်ရေးအသင်း (MANA)၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ကျန်းမာရေးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် အခမဲ့ဆေးကုသပေးမည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင်ပါ ကူညီသွားမည်ဖြစ်ကြောင်း သထုံခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

"ဒီအစီအစဉ်က စက်တင်ဘာ ၁ ရက်ကစပြီး ပြည်နယ်တစ်ခုလုံးမှာ လုပ်နေတာပါ။ မူးယစ်ဆေးဝါးပပျောက်ရေး နည်းလမ်းလေးတစ်ခုပါ။ သုံးတဲ့သူမရှိရင် အရောင်းအဝယ်က သိပ်ပြီးမဖြစ်နိုင်တော့ဘူး။ ဆေးစွဲနေသူတွေအများစုဟာ သူတို့ဘဝမှာ ဒီအခြေအနေကြောင့် ခွဲခြားဆက်ဆံခံရမှုတွေ၊ မယုံကြည်မှုတွေနဲ့ နေလာရတယ်။ ဒီအခြေအနေကနေပြီးတော့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုတွေပြန်ရလာပြီး ဘဝကိုရပ်တည်မှုခိုင်မာလာအောင် လုပ်ဆောင်ပေးရတာပါ"ဟု သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးကြီး နန္ဒဝင်းက ပြောသည်။

ဆေးစွဲနေသူများနှင့် မိသားစုများအနေဖြင့် ဆေးဖြတ်လိုပါက သထုံခရိုင်အတွင်းရှိ မည်သည့် မြို့နယ်ရဲတပ်ဖွဲ့မဆို ဆက်သွယ်နိုင်ပြီး ဆေးဖြတ်မည့်သူများအား ဖမ်းဆီးအရေးယူခြင်းမရှိသည့်အပြင် ဆေးဖြတ်နေသည့် နှစ်ပတ်တာကာလအတွင်း စားသောက်နေထိုင်မှုအတွက် ထောက်ပံ့မှုများပေးမည်ဖြစ်ကာ ဆေးပြတ်ပါက အလုပ်အကိုင်ရရှိရေးအတွက်လည်း ချိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မွန်ပြည်နယ်အတွင်း ၂၀၁၅ ခုနှစ်တွင် မူးယစ်ဆေးဝါးအမှုပေါင်း ၁၃၀ မှ တရားခံ ၂၀၉ ဦးအား ဖမ်းဆီးနိုင်ခဲ့ပြီး ၂၀၁၆ ခုနှစ် ကိုးလတာကာလအတွင်း၌ မူးယစ်ဆေးဝါးအမှု ၂၁၀ တွင် တရားခံ ၃၀၃ ဦးအား ဖမ်းဆီးနိုင်ခဲ့ရာ မူးယစ်ဆေးဝါးဖမ်းဆီးနိုင်မှုတိုးလာသည်ကို တွက်ချက်၍ သုံးစွဲသူပမာဏမြင့်တက်နေကြောင်း သိရသည်။ **သက်ဦး(သထုံ)**

အဖြောင့်များနှင့်ကမ္ဘာ

ဒေါက်တာခင်စန်းမော်

ယမန်နေ့မှအဆက်

လည်ပတ်သွားလာရင်း ပိုင်ရှင်နှင့်အတူ လမ်းလျှောက်လာသော အိမ်မွေးခွေး အချို့ကို တွေ့ဖူးသွားရာ Diaper ခေါ် ကလေးသေးခံအဝတ် ပတ်ပေးထားသည်ကို မြင်ရသဖြင့် ပြုံးမိပါသေးသည်။ သတ်မှတ်ထားသော လမ်းများတွင်သာ အိမ်မွေးတိရစ္ဆာန်များကို ခေါ်ဆောင်ခွင့်ရှိပြီး မိမိအိမ်မွေးတိရစ္ဆာန်က စွန့်လိုက်သော အညစ်အကြေးကို မိမိကသာ တာဝန်ယူကျုံးကာ အမှိုက်ပုံးထဲ စွန့်ပစ်ရပေသည်။

မြန်မာနိုင်ငံတွင် အိမ်မွေးတိရစ္ဆာန် ချစ်သူအချို့က ဤအချက်မှာ အားနည်းကြသည်။ ကိုယ့်အိမ်မှာမွေးထားသည့် အိမ်မွေးခွေးကို လမ်းမပေါ် လွှတ်ကျောင်းကာ အညစ်အကြေးစွန့်ခိုင်းသည့်အလေ့အကျင့်သည် ပတ်ဝန်းကျင်သန့်ရှင်းရေးကိုပါ အထူးထိခိုက်စေပါသည်။ အချို့က သူတစ်ပါး အိမ်ရှေ့မှာ (အပေါ့၊ အလေး) တည်ကြသည်။ မိမိအိမ်မှာ မိမိကိုယ်တိုင်မကျုံးလိုသည့်ခွေး၏ အညစ်အကြေးကို သူတစ်ပါးတို့၏ အိမ်ရှေ့မျက်နှာစာမှာ စွန့်ပစ်ခိုင်းပြီး မျက်နှာလွှဲခဲပစ်လုပ်ခြင်းသည် တရားမျှတပါရဲ့လား။ ထို့ကြောင့်ပင် ဓားနှင့်ခုတ်ခံရသော၊ တုတ်နှင့်အရိုက်ခံရသော တိရစ္ဆာန်များအဖြစ် ဆေးခန်းသို့ရောက်လာရခြင်းဖြစ်ပေသည်။ အရင်းစစ်တော့ အမြစ်မြေက ဆိုသကဲ့သို့ ထိုဖြစ်ရပ်များအတွက် အိမ်မွေးတိရစ္ဆာန်ပိုင်ရှင်များမှာသာ တာဝန်ရှိနေပါသည်။

ဂျပန်နိုင်ငံတွင် သန့်ရှင်းရေးကို အထူးဦးစားပေးကြောင်း ယုံမှားသံသယဖြစ်စရာမလိုပါ။ လမ်းများ၊ ပလက်ဖောင်းများ၊ အဆောက်အအုံအတွင်းအပြင် အားလုံး အမှိုက်တစ်စမရှိဘဲ သန့်ရှင်းသပ်ရပ်နေသည်။ ကစားကွင်းများမှာဆိုလျှင် အမှိုက်သိမ်းသူများက သန့်ရှင်းသပ်ရပ်နေသော အဖြူစွတ်စွတ်ဝတ်စုံများကို ကြော့ကြော့မော့မော့ ဝတ်ထားကြသည်။ သူတို့တွန်းလာသည့် အမှိုက်ပုံးထဲသို့ အမှိုက်လာပစ်လျှင် ပြုံးရွှင်စွာလက်ခံယူကြသည်။ အမှိုက်သိမ်းရသည့် အလုပ်ကို အလွန်ဂုဏ်ယူစွာလုပ်ကိုင်နေသည့်ပုံပေါက်နေသည်။

“အကျင့်သည်အလေ့ကိုဖြစ်စေသည်” ဆိုသည့် စကားအတိုင်း ဂျပန်လူမျိုးများက စည်းကမ်းလိုက်နာကြသောအခါ ခေတ္တခဏသာလာသည့် ဧည့်သည်တိုးရစ်များကလည်း အလိုအလျောက်လိုက်နာကြပါသည်။

မြန်မာနိုင်ငံတွင် အမှိုက်သိမ်းစနစ်နှင့် ပတ်သက်ပြီး တရားဝင်ညွှန်ကြားထားချက်များရှိကြသည်။ ဆေးရုံ၊ ဆေးခန်းများအတွက် သတ်မှတ်ချက်မှာ အနီရောင်အိတ်တွင် ပုလင်းကွဲ အစအန၊ ဆေးထိုးအပ်၊ အကြောဆေးပိုက်၊ ဆေးပုလင်းခွံတို့ကို ထည့်ရမည်။ အဝါရောင်အိတ်တွင် ကူးစက်ရောဂါများနှင့် ပတ်သက်သည့် ဂွမ်း၊ သွေး၊ သလိပ်၊ တံတွေး၊ ပတ်တီး၊ လက်အိတ်စသော ပစ္စည်းများကို ထည့်ရမည်။ အပြာရောင်အိတ်(ယခင်ကအမည်းရောင်) တွင် စားကြွင်းစားကျန်နှင့် အမှိုက်သရိုက်များကို ထည့်ရမည်ဟု ညွှန်ကြားထားသောကြောင့် စနစ်တကျ စွန့်ပစ်ပါသော်လည်း မျက်စိရှေ့မှောက်မှာပင် အိတ်များကို သွန်ချကာ ပုလင်းများ၊ ပိုက်များအား ထုတ်နုတ်ရွေးချယ်နေသဖြင့် တားဆီးခဲ့ရဖူးပါသည်။ အခြေခံဗဟုသုတပိုင်းတွင် အားနည်းချက်များရှိနေသည့်အချက်က ထင်သာမြင်သာ ဖြစ်နေပေသည်။

လွန်ခဲ့သော နှစ်များက ကျန်းမာရေးကိစ္စ၊ ပညာရေးကိစ္စများနှင့် ပတ်သက်၍သာ နိုင်ငံခြားသို့ မဖြစ်မနေသွားရောက်ခဲ့သော်လည်း ယခုနောက်ပိုင်းမှာ ပြည်ပခရီးသွားခြင်းဖြင့် ခေတ်မီနိုင်ငံများ၏ တိုးတက်ပြောင်းလဲနေမှုကို မြင်တွေ့နိုင်ခြင်း၊ ကောင်းမွန်သော စည်းကမ်းများကို အတုယူနိုင်ခြင်း၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာနိုင်ခြင်း၊ အစားအသောက် အနေအထိုင်ဓလေ့စရိုက်ချင်း မတူကွဲပြားကြသော ကမ္ဘာပေါ်ရှိ လူသားမျိုးနွယ်တို့ကို တွေ့ဆုံလေ့လာနိုင်ခြင်းတို့ကြောင့် ပြည်ပခရီးသွားခြင်းကို နှစ်သက်လာပါသည်။

ပြည်ပခရီးသွားသောအခါ အမျိုးသမီးများအတွက် အလွန်အရေးပါသော ကိစ္စမှာ Rest Room ခေါ် ရေအိမ်ဝင်ခြင်းပင်ဖြစ်သည်။ ထိုအကြောင်းကို အစချီသဖြင့် အချို့က နှာခေါင်းရှုံ့ချင်ရှုံ့ကြမည်။ သို့သော် ဤကိစ္စသည် လုံးဝမလွှဲမရှောင်သာသော ကျန်းမာရေးကိစ္စသာဖြစ်သည်။

လက်ဆေးကြွေကန်မှ ရေဘုံပိုင်ခေါင်းများသည်ပင် တစ်နှစ်နှင့် တစ်နှစ် တစ်နိုင်ငံနှင့် တစ်နိုင်ငံ၊ တစ်မြို့နှင့်တစ်မြို့ မတူကြပါပေ။ အချို့က ဘုံပိုင်ခေါင်းခလုတ်ကို ဘေးသို့တွန်း၍ ဖွင့်ရသည်။ အချို့က အပေါ်သို့မော့၍ ဖွင့်ရသည်။ အချို့က လက်ဖြင့်ဖိချမှ ရေထွက်သည်။ ခေတ်မီတိုးတက်သောနေရာများမှာတော့ လူ၏လက်က ရေဘုံပိုင်ခေါင်းအောက်သို့ရောက်မှ အလိုအလျောက်ရေကျလာသည်။ လက်ဆေးဆပ်ပြာရည်ကို ဘူးဖြင့်ထည့်ပြီး နံရံမှာ ကပ်ထားသည်လည်းရှိသည်။ ရေဘုံပိုင်ခေါင်းကဲ့သို့ ဖွင့်မှ ကျလာသည်လည်းရှိသည်။ လက်နှင့်ခံလိုက်ရုံဖြင့် အလိုအလျောက်ကျလာသည်လည်းရှိပါသည်။

လက်ဆေးပြီး စက္ကူလက်သုတ်ပဝါနှင့် သုတ်ကာ အမှိုက်ပုံးထဲထည့်ရခြင်းမျိုး အလွန်နည်းသွားပြီး လက်ကို လေပူနှင့်အခြောက်ခံသည့် စက်တွေကို အသုံးများကြသည်။ လေမှုတ်သည့်စက်အောက်မှာ လက်နှစ်ဖက်ကို ပြလိုက်သည်နှင့် လေပူများထွက်လာပြီး အလိုအလျောက် အခြောက်ခံသည့် စက်မျိုးရှိသကဲ့သို့ လက်နှစ်ဖက်ကို စက်ထဲသို့ ဒေါင်လိုက်ထည့်မှ လေမှုတ်ပေးသည့် စက်မျိုးကိုလည်း အသုံးပြုလာကြသည်။

လက်ဆေးခြင်းနှင့် လက်ကို ခြောက်သွေ့အောင်လုပ်ခြင်းတို့အား ရှေ့မှ

❛ စိုက်ပျိုးထားသော သစ်တစ်ပင်၏ ပင်စည်သည် ဖြောင့်ဖြောင့်တန်းတန်းထွက်ပေါ်လာပါက ပုံမှန်အတိုင်း ရှင်သန်ခွင့်ပေးသည်။ ပင်စည်က အနည်းငယ်မျှ ကောက်လာပြီဆိုသည်နှင့် ဘေးမှ အထိန်းအကွပ်တိုင်များ ညှပ်ပြီး ပင်စည်ကို ဖြောင့်အောင်လုပ်ဆောင်ထားသည်ကို မြင်တွေ့ရပါသည်။ ဤမြင်ကွင်းက ဆင့်ပွားအတွေးများကို ဖြစ်ပေါ်စေပါသည်။ ❜

အခြားသူလုပ်သည်ကို မသိမသာကြည့်ပြီး အတုယူ၍ရပါသေးသည်။ Toilet ခေါ် ရေအိမ်ထဲမှ အတွေ့အကြုံများက တစ်ဦးတည်းကြုံရမည့် အကြောင်းအရာများဖြစ်ကြသည်။ မြန်မာပြည်ရှိ အဆင့်မြင့်ဟိုတယ်ကြီးများ၊ စားသောက်ဆိုင်ကြီးများ၏ Rest Room များနှင့် မစိမ်းလှသောသူများဖြစ်သော်လည်း အမှတ်တမဲ့ အပြုအမူများကို သတိပြုရန်လိုပါသည်။

မင်္ဂလာဒုံလေယာဉ်ကွင်းတွင် ဖြစ်သည်။ ပြည်ပသို့ထွက်ခွာရန် စောင့်ဆိုင်းနေစဉ် အမျိုးသမီးရေအိမ်သို့ ဝင်သွားရာ အခန်းတိုင်းက လူပြည့်နေသည်။ စောင့်ဆိုင်းနေသူများထဲမှာ နိုင်ငံခြားသူများလည်း ပါဝင်သည်။ တံခါးတစ်ချပ်ပွင့်ပြီး မြန်မာအမျိုးသမီးကြီးတစ်ဦး ထွက်လာသည်။ ရှေ့မှာရောက်နှင့်နေသော နိုင်ငံခြားသူများက ထိုရေအိမ်ထဲသို့မဝင်ဘဲ ပေကပ်ပြီး စောင့်နေကြသည်။ ဘာကြောင့်ပါလိမ့်ဟုတွေးနေဆဲ အကြောင်းရင်းကို မကြာခင်သိရပါသည်။ ထိုအခန်းထဲမှ ထွက်သွားသော အမျိုးသမီးကြီး၏ ရေဆွဲချသံကို မကြားရ၍ အားလုံးကရှောင်နေကြခြင်းဖြစ်သည်။ ခေတ်မီတိုးတက်သော အဆင်အပြင်၊ အပြောင်းအလဲများကြောင့် မည်သည့်ခလုတ်ကို မည်သို့နှိပ်ရမည်ဟု မသိခြင်းလည်း ဖြစ်နိုင်ပါသည်။

ထိုအချက်သည် အသေးအဖွဲဟု ထင်မှတ်စရာဖြစ်သော်လည်း နိုင်ငံရပ်ခြားမှာတော့ အားနည်းချက်မဖြစ်ရအောင် သတိထားဖို့လိုပါသည်။ ဂျပန်၊ ဟောင်ကောင် စသော ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံတို့ရှိ ရေအိမ်များထဲ၌ သန့်ရှင်းရေးအလုပ်သမား အမျိုးသမီးတစ်ယောက်၊ နှစ်ယောက် အမြဲရှိနေတတ်သည်။ မသန်စွမ်းသူများအတွက် Wheel chair နှင့်ဝင်ရန် အိမ်သာခန်း၊ ရိုးရိုးလူများအတွက် ပုံမှန်အိမ်သာခန်း၊ ကလေးပါသူမိခင်များအတွက် ကလေးတင်ထားရန်စင်၊ ကလေးသေးခံအနှီး (Diaper) လဲရန် အမှိုက်ပုံး၊ ဆေးကြောပေးရန် ရေပန်းခလုတ်များ ပါဝင်သော အိမ်သာခန်းများရှိကြသည်။

Toilet ထဲဝင်လျှင် သန့်ရှင်းရေးခလုတ်ကို ဦးစွာရှာထားသင့်သည်။ မည်သို့မည်ပုံ အသုံးပြုရမည်ကို ကြိုတင်လေ့လာထားသင့်သည်။ အချို့က အိမ်သာကြွေကမုတ်အနောက်ဘက် ရေတိုင်ကီနှင့်ကပ်လျက် ဘေးမှာ နှိပ်ချရန်ခလုတ်ပါသည်။ အချို့က ရေတိုင်ကီအောက်နားမှာ တပ်ဆင်ထားသည်။ အချို့က ရေတိုင်ကီ၏ အပေါ်မျက်နှာပြင်မှာ နှိပ်ချရန် ခလုတ်ရှိသည်။ ယခုနောက်ပိုင်းမှာ ရေတိုင်ကီတွင် ခလုတ်လုံးဝမပါတော့ဘဲ နောက်ဘက်နံရံမှာ ခလုတ်တစ်ခုပါရှိသည်။ လူက မတ်တတ်ရပ်လိုက်သည်နှင့် ခလုတ်က ဆင်ဆာဖတ်လိုက်ပြီး အလိုအလျောက် ရေဆွဲချပေးလေသည်။ အချို့ခလုတ်များက လက်ဝါးနှင့်အုပ်ပြီး ဖိလိုက်မှ ရေကျလာသည်။

ယခုသုံးစွဲကြသော အိမ်သာကမုတ်များ၏ ဘေးဘက်တွင် ပုံပြထားသော ခလုတ်များပါရှိသည်။ ကမုတ်ပေါ်ထိုင်လိုက်သည်နှင့် အလိုအလျောက် အနွေးဓာတ်ပေးလာသည်။ ရေအိမ်သုံးစက္ကူ သို့မဟုတ် ရေပန်းခလုတ်များလုံးဝမပါရှိတော့ဘဲ အလိုအလျောက်သန့်စင်ပေးသည့် ရေပန်းခလုတ်များ တပ်ဆင်ထားသဖြင့် နှိပ်လိုက်ရုံသာလိုအပ်သည်။ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအတွက် အားပြု၍ထရန် လက်တန်းများပါရှိသည်။ အခန်းတိုင်း၌ လူပြည့်နေပါက အပြင်ဘက်မှ လူများသည် စနစ်တကျတန်းစီပြီးသားဖြစ်သွားသည်။ နိုင်ငံကြီးသားပီသမှု စည်းကမ်းသေဝပ်မှုတို့ကို လှစ်ပြနေသကဲ့သို့ပင်။

ဂျပန်နိုင်ငံအကြောင်းဖော်ပြပြီး သူတို့လို ဖွံ့ဖြိုးတိုးတက်ပြီးသားနိုင်ငံက အစစကောင်းမွန်သည်။ မိမိတို့နိုင်ငံက အရာရာညံ့ဖျင်းသည်ဟု နှိုင်းယှဉ်နှိမ့်ချနေခြင်းမဟုတ်ပါ။ ခရီးသွားအဖွဲ့များကို ဆွဲဆောင်သည့်အနေဖြင့် လိုက်လံပြသသော နေရာများမှာ ပျော်စရာ ရွှင်စရာ သာယာကြည်နူးဖွယ်ရာ အကောင်းအမွန်ပြယုဂ်များသာဖြစ်နေကြသည်။ ထိုအကောင်းအမွန်ပြယုဂ်များ၏ နောက်ကွယ်မှာ ယာကူဇာဂိုဏ်းတို့၏ ကြီးစိုးမှုများ၊ စီးပွားရေးချုပ်ကိုင်မှုများ၊ မလုံခြုံမှုများရှိနေပါသည်။ ပုံမှန်လူတန်းစေ့နေနိုင်ရေးအတွက် သူတို့မည်မျှကြိုးစားရပ်တည်ရသည်။ မည်သို့ဝင်ငွေရှာရသည်။ မည်သည့်ဖိစီးမှုများရှိနေသည်ကို မှန်းဆနိုင်ပါသည်။ အစစအရာရာ ကုန်ဈေးနှုန်းကြီးမြင့်လှသော ဂျပန်နိုင်ငံတွင် စားဝတ်နေရေးနှင့် လူနေမှုစရိတ်ကိုကာမိစေရန် တစ်နေ့တာ၏ အချိန် မည်မျှကြာအောင် လုပ်ကိုင်နေရသလဲ။ အလုပ်နှစ်ခု၊ သုံးခု လုပ်နေရသလားဆိုသည်မှာ ဖြည့်စွက်တွေးကြည့်သင့်သော အကြောင်းအရာများ ဖြစ်ကြသည်။ ထို့ကြောင့်ပင် အလုပ်ဖိစီးမှုများလွန်းသောအချိန်၊ အလုပ်လက်မဲ့ဖြစ်သွားသော အချိန်မှာ ကိုယ့်ကိုယ်ကိုယ် သတ်သေကြသော သတင်းများကို ကြားသိနေရခြင်းဖြစ်သည်။

သို့သော် သန့်ရှင်းမှုရှိခြင်း၊ စည်းကမ်းလိုက်နာခြင်းနှင့် ဥပဒေကို လေးစားခြင်းတို့က အားကျအတုယူဖွယ်ကောင်းလှသည်။ ဂျပန်နိုင်ငံကို ရောက်ချိန်၌ ချယ်ရီပွင့်ချိန်က ကုန်ဆုံးလုဖြစ်နေချေပြီ။ တွေ့သမျှ မြင်သမျှ ချယ်ရီပင်တိုင်းမှာ အပွင့်တို့က အစွမ်းကုန်ဖူးပွင့်နေကြသည်။

ဧည့်လမ်းညွှန်၏ဆိုစကားအရ ချယ်ရီအမျိုးအစားပေါင်း ၈၀၀၀ ကျော်ရှိသည်ဟု သိရသည်။ ချယ်ရီအမျိုးအစားကွဲပြားသလို အပွင့်ပုံစံ၊ အရောင်အသွေးကလည်း စုံလင်လှပလွန်းပေသည်။ လှပသော ချယ်ရီပွင့်များနှင့် အမိအရဓာတ်ပုံရိုက်နေသူတွေက သူ့ထက်ငါ အလုအယက်ပင်။ သို့သော် ထိုချယ်ရီပန်းပွင့်များကို ခူးဆွတ်ဖို့ဝေးစွ၊ ထိတွေ့ကိုင်တွယ်ခြင်းပင် မပြုကြ။ သူတို့၏ ဥပဒေအရ သစ်ပင်ပန်းမန်များကို သဘာဝအတိုင်းထားခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းပင်ဖြစ်ပါသည်။

လူကြီးလူငယ်များကို မဆိုထားနှင့် ငယ်ရွယ်နုနယ်သော ကလေးများကပါ သစ်ပင်ပန်းမန်များကို ထိတွေ့ကိုင်တွယ်ခြင်းလုံးဝမရှိပေ။ ကိုဘေးနှင့် အိုဆာကာမြို့များတွင် နေထိုင်ကြသူများသည် မြေနေရာရှိသလောက်လေးမှာ သစ်ပင်ပန်းပင်များကို စိုက်ပျိုးထားကြသည်။ ခြံစည်းရိုးတံခါးလေးမှာပင် ပန်းအိုးလေးများ ချိတ်ဆွဲထားသည်ကို တွေ့ရသည်။

ထိုသစ်ပင်များကို ဂရုတစိုက်ကြည့်ရင်း ထူးခြားမှုတစ်ခုကို သတိထားမိလာသည်။ စိုက်ပျိုးထားသော သစ်တစ်ပင်၏ ပင်စည်သည် ဖြောင့်ဖြောင့်တန်းတန်းထွက်ပေါ်လာပါက ပုံမှန်အတိုင်း ရှင်သန်ခွင့်ပေးသည်။ ပင်စည်က အနည်းငယ်မျှကောက်လာပြီဆိုသည်နှင့် ဘေးမှ အထိန်းအကွပ်တိုင်များညှပ်ပြီး ပင်စည်ကို ဖြောင့်အောင်လုပ်ဆောင်ထားသည်ကို မြင်တွေ့ရပါသည်။

ဤမြင်ကွင်းက ဆင့်ပွားအတွေးများကို ဖြစ်ပေါ်စေပါသည်။

ချမှတ်ထားသော စည်းကမ်းချက်ဥပဒေများကို လိုက်နာခြင်းသည် သစ်ပင်၏ ပင်စည် ဖြောင့်ဖြောင့်တန်းတန်း ရှင်သန်ခြင်းနှင့် ဆင်တူသည်။ စည်းကမ်းဥပဒေများကို ချိုးဖောက်စပြုခြင်းသည် ပင်စည်ကွေးကောက်လာခြင်းဟု ခိုင်းနှိုင်း၍ ရပါသည်။ အနည်းငယ်ကွေးကောက်စပြုသည်နှင့် ဘေးမှ အထိန်းအကွပ်တိုင်များညှပ်ပြီး ဖြောင့်တန်းစွာရှင်သန်အောင်လုပ်ခြင်းသည်-

“ဆုံးမစကားဆိုသည်များကို မှတ်ထားဝမ်းထဲ၊ စိတ်မစွဲလျှင်
သဲဒဏ်ရေဒဏ်၊ ပေးရမှန်သည်၊ ခံမည်သာကြုံလော၊ မင်းတို့ကျော”

ဆိုသည့် ရှင်မဟာသီလဝံသ၏ “တပည့်ဆုံးမစာ” အတိုင်း တင်းတင်းကျပ်ကျပ် ပြစ်ဒဏ်ပေးခြင်းဟု တွေးမိပါသည်။

သစ်တစ်ပင်ချင်းသည် ပြည်သူလူထု တစ်ဦးတစ်ယောက်ဖြစ်ပြီး ဖြောင့်မတ်စွာရှင်သန်ခြင်းသည် စည်းကမ်းလိုက်နာခြင်း၊ ဥပဒေကို လေးစားခြင်းဖြစ်မည်ဆိုပါက တည့်မတ်အောင် ထိန်းကွပ်ခြင်းသည် ငယ်စဉ်ကတည်းက စည်းကမ်းမချိုးဖောက်အောင်၊ အတုယူမမှားအောင် တင်းတင်းကျပ်ကျပ် ထိန်းသိမ်းခြင်းပင် ဖြစ်ပေမည်။

ထိုဖြစ်ရပ်များကို ကောက်နုတ်ပြခြင်းကြောင့် မြန်မာနိုင်ငံရှိ လူအားလုံး စာရိတ္တမကျိုင်ယိမ်းယိုင်ပြိုလဲနေပြီဟု မဆိုလိုပါ။ လျော့ရဲရဲဖြစ်နေခြင်းကို တည့်မတ်အောင် ကြပ်ကြပ်မတ်မတ် ထိန်းကွပ်ပေးခြင်းဖြင့် နောင်လာမည့် မျိုးဆက်များမှာ ကောင်းသောအလေ့အကျင့်များ စွဲမြဲစေရန် ရည်ရွယ်လိုရင်းဖြစ်ပါသည်။

အကောက်တွေအကြောင်း အကောင်းဆုံးပြနည်းမှာ အဖြောင့်များနှင့် ယှဉ်ပြခြင်းဟု ဆိုပါသည်။ ကောက်ကွေးကွေးမွေးဖွားလာရသည့်တိုင် ကြပ်မတ်ပြုပြင်ပေးခြင်းဖြင့် သစ်ပင်တစ်ပင်ကို မှန်ကန်စွာ ရှင်သန်ခွင့်ပေးခြင်းကိုလည်း မပြထိုက်ပါသလော။ ။

ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွား၊ တစ်နည်းအားဖြင့် ပြည်သူ့ဘဝ လိုအပ်ချက်များကို တစ်နေ့ထက်တစ်နေ့ တစ်စထက်တစ်စ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွားတိုးတက်မြင့်မားလာပြီး"ရေမြင့်ကြာတင့်" ဆိုသကဲ့သို့ နိုင်ငံ၏ဂုဏ်ဒြပ်လည်း ပိုမိုဝင့်ထည်ခိုင်မာလာမည်ဖြစ်ပါသည်။

*သို့ဖြစ်ရာ ပြည်သူ့ကိုယ်စား နိုင်ငံတော်၏ အရေးအရာကိစ္စအရပ်ရပ်ကို တာဝန်ယူဆောင်ရွက်နေကြသည့် နိုင်ငံ၏ယန္တရားများဖြစ်သော ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေး သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပြည်သူများသိရှိနိုင်ရန်အတွက် **"တက်ကြွအားသွန်နိုင်ငံ့ဝန်ဦး"** အခန်းကဏ္ဍတစ်ခုအဖြစ် စီစဉ်တင်ပြလိုက်ပါသည်။*

မြန်မာ့စာတိုက်လုပ်ငန်း၏ ၁၈၉ နှစ်တာ ခရီးမှသည် အနာဂတ်ဆီသို့....

သတင်းဆောင်းပါး - ရီရီမြင့်၊ ဥမ္မာသန့်
ဓာတ်ပုံ - ရဲထွဋ်

ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ရန်ကုန်စာတိုက်ကြီး၏ သက်တမ်းမှာ ယခုဆိုလျှင် ၁၆၂ နှစ်တိုင်ရှိပြီဖြစ်သော်လည်း ပြည်သူတို့အတွက် စာပို့လုပ်ငန်းများကို ပစ္စက္ခတိုင် တာဝန်ထမ်းဆောင်နေဆဲ။ ကမ္ဘာလှည့်ခရီးသွားများကိုလည်း ရန်ကုန်ရှေးဟောင်းမြို့ပြအမွေအနှစ် အဆောက်အအုံတစ်ခုအဖြစ် ဆွဲဆောင်နေဆဲ။ ရန်ကုန်စာတိုက်ကြီးကို ၁၈၅၄ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မြန်မာ့စာတိုက်လုပ်ငန်း သမိုင်းများအရ ၁၈၂၇ ခုနှစ်တွင် စစ်တွေစာတိုက်ကို စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်၍ ၁၈၉ နှစ်တိုင်ရှိခဲ့ချေပြီ။ ပဲခူးစာတိုက်ကို ၁၈၅၂ ခုနှစ်တွင် ဒုတိယမြောက် ဆက်လက်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

"ကျွန်မ စာတိုက်မှာ မှတ်ပုံတင်လုပ်ပြီး ပထမဆုံး စာလာပို့တာပါ။ ကျွန်မ စာတိုက်ကို ဖုန်းဆက်မေးလိုက်တော့ ဒီနေ့ပို့ မနက်ဖြန်ရောက်တယ်ဆိုလို့ လာပို့တာပါ။ ဒီဝန်ဆောင်မှုကိုကြိုက်တယ်။ စာပို့ခဈေးနှုန်းကလည်း စာတိုက်ကြီးနဲ့ ပုဂ္ဂလိက အလွန်ကွာနေပါတယ်။ ဒါကြောင့် စာတိုက်ကြီးက မှန်လည်းမှန် မြန်လည်းမြန်ဆိုတော့ စာတိုက်ကြီးကပဲ ပို့တော့တာပါ"ဟု ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ ဒေါ်ဖြိုးဖြိုးရီက ဆိုသည်။

မြန်မာ့စာတိုက်လုပ်ငန်း လက်ထောက်အထွေထွေမန်နေဂျာ ဦးရွှေထွန်းမောင်က "ဒီနေ့ပို့ ဒီနေ့ရောက်ကို နေ့ချင်းရောက်စာဝေတယ်လို့ခေါ်ပါတယ်။ ပထမ စလုပ်တာကတော့ ရန်ကုန်မြို့ထဲမှာ စလုပ်ပါတယ်။ ဆိုင်ကယ်နဲ့သယ်ယူပို့ဆောင်ပြီးတော့ ဝေတဲ့စနစ်ပေ့ါ။ အခု စမ်းသပ်တာကတော့ ပုဂ္ဂလိကမော်တော်ယာဉ်အသင်းတွေနဲ့ အကျိုးတူ ပူးပေါင်းဆောင်ရွက်ဖို့ရှိတယ်။ ပြည်သူကိုတော့ တိတိကျကျ မကြေညာရသေးဘူး။ ပြည်သူကိုကြေငြာတာကတော့ ဒီနေ့ပို့ မနက်ဖြန်ရောက် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ကိုတော့ ကြေညာထားတယ်။ မရောက်ရင် ပို့ခ ပြန်အမ်းထားတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်မှစ၍ စာတိုက်မင်းကြီးကို စာတိုက်ညွှန်ကြားရေးဝန်၊ အင်ဂျင်နီယာချုပ်ကို ကြေးနန်းညွှန်ကြားရေးဝန်အဖြစ် ပြောင်းလဲခေါ်တွင်ခဲ့သည်။ ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၄ ရက်တွင် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (Universal Postal Union - UPU) အဖွဲ့ဝင်ဖြစ်ခဲ့သည်။ ၁၉၅၆ ခုနှစ် မေလ ၅ ရက်တွင် နိုင်ငံခြားစာပို့တိုက်ဌာနကို စတင်တည်ထောင်ခဲ့သည်။ ၁၉၅၉ ခုနှစ်မှစ၍ ကျေးရွာအရောက် စာပို့ဆက်သွယ်ရေး၊ စာဆက်သွယ်ရေး မှန်မှန်နှင့်မြန်မြန် ရောက်ရှိရေး၊ တိုးတက်ဖွံ့ဖြိုးရေး စသည့် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခဲ့သည်။ ၁၉၆၀ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်တွင် စာတိုက်နှင့် ကြေးနန်းဌာနတို့ကို ပြန်လည်ပေါင်းစည်းပြီး ညွှန်ကြားရေးမှူးချုပ်၏ လက်အောက်တွင် ထားရှိအုပ်ချုပ်စေခဲ့သည်။

စစ်မဖြစ်မီက မြန်မာပြည်အနှံ့အပြားတွင် စာတိုက်ကြီး၊ ငယ်ပေါင်း ၆၂၅ ခုရှိခဲ့ရာ ၁၉၅၉ -၁၉၆၀ ခုနှစ်တွင် စာတိုက်ကြီး၊ ငယ်ပေါင်း ၆၀၁ ခုသာရှိတော့ကြောင်း ပြောကြားသည်။

၁၉၇၆ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ဆက်သွယ်ရေးလုပ်ငန်းများကို စီးပွားရေးဆန်ဆန် လုပ်ကိုင်ဆောင်ရွက်ရန်ညွှန်ကြားခဲ့ရာ စာတိုက်လုပ်ငန်းကိုလည်း စီးပွားရေးဆန်ဆန်ဆောင်ရွက်ခဲ့သည်။ ၁၉၆၂ ခုနှစ် မတ်လတွင် စာတိုက်စုစုပေါင်းအရေအတွက် ၆၈၆ ခု ရှိခဲ့ရာမှ ၁၉၇၅ ခုနှစ် မတ်လတွင် ၁၀၉၄ ခု၊ ၁၉၈၇ ခုနှစ် မတ်လတွင် ၁၁၁၃ ခုသို့ တိုးတက်ခဲ့သည်။

"စာရွေး စာပို့လုပ်ငန်းနှင့် အောက်မြန်မာပြည် စာတိုက်များဌာန၊ လက်ရှိမှာက ရန်ကုန်စာတိုက်ကြီး ပူးတွဲတာဝန်ထမ်းဆောင်နေပါတယ်။ စာတိုက်လုပ်ငန်းမှာ နှစ်ပိုင်းရှိတယ်။ ပြည်တွင်းစာတိုက်ဌာနနဲ့ အပြည်ပြည်ဆိုင်ရာစာတိုက်ဌာနရှိပါတယ်။ အပြည်ပြည်ဆိုင်ရာ စာတိုက်ဌာနမှာ ပြည်ပစာပို့လုပ်ငန်းဆိုတာရှိတယ်။ အပြည်ပြည်ဆိုင်ရာ အမြန်စာပို့လုပ်ငန်းဆိုတာရှိတယ်။ ပြည်ပစာပို့လုပ်ငန်းကို ၄၃/ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ်မှာ ဖွင့်ထားပါတယ်။ အပြည်ပြည်ဆိုင်ရာစာတိုက်ဌာနကတော့ စမ်းချောင်းမြို့နယ် ဟံသာဝတီအဝိုင်းအနီးမှာရှိတယ်။ ပြည်ပနိုင်ငံပေါင်း ၁၀၂ နိုင်ငံနဲ့ ချိတ်ဆက်ပြီး စာတွေ၊ ပါဆယ်တွေပို့ပေးတယ်။ ၁၀၂ နိုင်ငံက ရောက်လာတဲ့စာတွေကို ပြည်တွင်းစာတိုက်ဌာနတွေနဲ့ ပေါင်းပြီးတော့ တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးမှာ ဝေပေးတဲ့ လုပ်ငန်းလုပ်တယ်။ ပြည်တွင်းစာတိုက်ဌာနမှာ စာတိုက်ကြီး သုံးခုရှိတယ်။ နေပြည်တော်မှာရှိတဲ့ စာတိုက်ကိုတော့ နေပြည်တော်ဗဟိုစာတိုက်ကြီးလို့ခေါ်တယ်။ ရန်ကုန်နဲ့မန္တလေးမှာရှိတဲ့ စာတိုက်တွေကိုတော့ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးလို့ခေါ်တယ်။ စာတိုက်ကြီးတွေက စာတိုက်ငယ်တွေထက် ပိုပြီးအလုပ်များတယ်။ စာရွေးစာပို့လုပ်ငန်းကတော့ ပိတ်ရက်မရှိဘူး။ ရထားစာရွေးနဲ့ချောထည့်လုပ်ငန်းလည်း ပိတ်ရက်မရှိဘူး။ ဆောင်ပုဒ်ရှိတယ်၊ ချောရပ်တန့်မှုမရှိစေရ၊ စာတိုက်တွေသာ ပိတ်ချင်ပိတ်မယ်၊ နိုင်ငံတိုင်းမှာရှိတဲ့ ချောကတော့ ပို့နေရတယ်၊ ရုံးပိတ်ရက်ဖြစ်နေပေမယ့် ရိုးရိုးစာကတော့ ပို့နေရတယ်။ စာတိုက်က ပုံမှန်အားဖြင့် ပိတ်ရက်မရှိဘူးလို့ပြောရမှာဖြစ်တယ်။ စာတွေကို ရထား၊ ကား၊ လေယာဉ်တို့နဲ့ပို့နေရတဲ့အတွက် ဝန်ထမ်းတွေက Rotate နဲ့သွားနေပါတယ်"ဟု မြန်မာ့စာတိုက်လုပ်ငန်း လက်ထောက်အထွေထွေမန်နေဂျာ ဦးရွှေထွန်းမောင်က ပြောသည်။

အပြည်ပြည်ဆိုင်ရာအမြန်စာပို့လုပ်ငန်း (EMS International)ကို ၁၉၉၅ ခုနှစ် ဇန်နဝါရီလ ၂ ရက်မှစ၍ စင်ကာပူနိုင်ငံနှင့် စတင်ဆောင်ရွက်ခဲ့သည်။ ယခုအခါ အပြည်ပြည်ဆိုင်ရာအမြန်စာပို့လုပ်ငန်းကို စင်ကာပူပို့စ်ဖြင့် မေးလ်နက်ဝက်ဘ်ချိတ်၍ နိုင်ငံပေါင်း ၁၀၂ နိုင်ငံအထိ တိုးချဲ့၍ အပြန်အလှန်ပေးပို့ဆောင်ရွက်လျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာအမြန်ချောပို့လုပ်ငန်း (Myanmar DHL Limited)ကို ၁၉၉၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး နိုင်ငံပေါင်း ၂၂၈ နိုင်ငံသို့ ပြည်ပအမြန်ချောပို့လုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။

"အမေရိကကို စာနဲ့ပစ္စည်းလာပို့တာပါ။ စာတိုက်ကြီးမှာပို့ရတာ မြန်လည်းမြန်ပြီး ဝန်ဆောင်မှုကလည်း ကောင်းတာကြောင့် လာပို့ရတာဖြစ်ပါတယ်။ လက်ခံတဲ့ဘက်မှာလည်း အဆင်ပြေတယ်လို့ ပြောပါတယ်။ ပစ္စည်းတွေနဲ့စာကလည်း မြန်မြန်ဆန်ဆန်နဲ့ လွယ်ကူစွာရောက်တယ်။ ဟိုကလည်း ပြန်ပို့တာ ရောက်ပါတယ်"ဟု သယ်န်းကျွန်းမြို့နယ်မှ မအေးအေးမော်က ပြောသည်။

သယ်န်းကျွန်းမြို့နယ်မှ ကိုဇင်မျိုးထက်က"အမေရိကကို စာနဲ့ပစ္စည်း လာပို့တာပါ။ အမေရိကကိုပို့တာ အခု ပထမဆုံးအကြိမ်ပါ။ ဒူဘိုင်းကိုတော့ ပို့နေကျပါ။ စာနဲ့ ပစ္စည်းပို့ရတာ လွယ်ကူမြန်ဆန်ပါတယ်။ ဝန်ဆောင်မှုဈေးနှုန်းကလည်း ပြသတဲ့ဈေးနှုန်းအတိုင်း သင့်တင့်ပါတယ်။ ပစ္စည်းတွေ ဟိုမှာသွားထုတ်တဲ့အချိန်မှာ အားလုံးရောက်ပါတယ်။ ဒူဘိုင်းကိုပို့ရင် တစ်ပတ်က အများဆုံးပါ။ အမေရိကကိုလည်း တစ်ပတ်ပဲ ကြာတယ်လို့ပြောပါတယ်။ အပြင်ကနေတော့ မပို့ဘူးပါဘူး။ စာတိုက်မှာပဲပို့တယ်။ အားလုံးကလည်း စာတိုက်ကိုပဲ လမ်းညွှန်ကြပါတယ်။ ဒါကြောင့် ဒီကိုပဲ လာတာပါ၊ အဆင်ပြေပါတယ်။ ဒီလိုမျိုးစာတိုက်ရှိနေတာကြောင့် အခြားနိုင်ငံတွေကို အခက်အခဲမရှိဘဲ လွယ်လွယ်ကူကူ မြန်ဆန်စွာရောက်တဲ့အတွက် ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

အမြန်ငွေပို့လွှာလုပ်ငန်းကို ၁၉၈၅ ခုနှစ် ဇွန် ၃ ရက်တွင်စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့အထိ ရန်ကုန်-မန္တလေး အပါအဝင် မြို့ပေါင်း ၄၀၂ မြို့သို့ ပေးပို့ဆောင်ရွက်လျက်ရှိသည်။ အမြန်ချောပို့လုပ်ငန်းကို ၁၉၉၂ ခုနှစ် ဧပြီ ၁ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့အထိ နေပြည်တော်နှင့် မြို့ပေါင်း ၁၀၅ မြို့၊ ရန်ကုန်မြို့နှင့် မြို့ပေါင်း ၁၃၉ မြို့နှင့် မန္တလေးနှင့်မြို့ပေါင်း ၉၀ စုစုပေါင်း ပြည်တွင်းအမြန်ချောပို့စနစ်ဖြင့် မြို့ပေါင်း ၂၀၂ မြို့ကို ပေးပို့ဆောင်ရွက်လျက်ရှိသည်။

DEMS (Domestic Express Mail Service) ပြည်တွင်းအမြန်ချော ခြေရာခံထောက်လှမ်းစနစ် (Track & Trace System) အား ပြည်တွင်းအမြန်ချောပို့လုပ်ငန်း ဆောင်ရွက်လျက်ရှိသော မြို့များနှင့် ၂၀၀၉ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဆောင်ရွက်လျက်ရှိသည်။

၂၀၁၀ ခုနှစ် ဧပြီ ၁ ရက်မှစ၍ Postal Data Information System Project ဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ စာတိုက်တစ်ခုချင်းစီ၏အချက်အလက်များနှင့် နေ့စဉ် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို Online မှတစ်ဆင့် နေ့စဉ်ချိတ်ဆက်တင်သွင်းဆောင်ရွက်ခြင်းဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် မန်နေဂျာများနှင့် ရုံးချုပ်တာဝန်ရှိသူများက သုံးသပ်ကြီးကြပ်ကွပ်ကဲနိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံစာတိုက်လုပ်ငန်းမှ ရိုးရိုးချောစာလုပ်ငန်း (ပြည်တွင်း၊ ပြည်ပ)၊ မှတ်ပုံတင်စာလုပ်ငန်း(ပြည်တွင်း၊ ပြည်ပ)၊ ရိုးရိုးငွေပို့လွှာလုပ်ငန်း(ပြည်တွင်း)၊ အမြန်ငွေပို့လွှာလုပ်ငန်း(ပြည်တွင်း)၊ ရိုးရိုးချောထုပ်လုပ်ငန်း(ပြည်တွင်း)၊ မှတ်ပုံတင်ချောထုပ်လုပ်ငန်း(ပြည်တွင်း၊ ပြည်ပ)၊ ပြည်တွင်းအမြန်ချောပို့လုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာအမြန်ချောပို့လုပ်ငန်း၊ တံဆိပ်ခေါင်းရောင်းလုပ်ငန်းနှင့် စာတိုက်သေတ္တာ ငှားရမ်းခြင်းလုပ်ငန်းတို့ကို ဝန်ဆောင်မှုပေးလျက်ရှိသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ ပြည်သူဗဟိုပြု စာတိုက်ဝန်ဆောင်မှုများကို ယခုထက်ပိုမိုဖြည့်ဆည်းပေးနိုင်ရန် တိုးချဲ့ဆောင်ရွက်လိုသဖြင့် ပူးပေါင်းဆောင်ရွက်မည့် ပြည်တွင်း/အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်းအား မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှုပေးခြင်း၊ ကိုယ်စားငွေကောက်ခံခြင်းလုပ်ငန်းများ (မိုဘိုင်းဖုန်းငွေဖြည့်ပေးခြင်း၊ လေယာဉ်/ကားလက်မှတ်/ အမြတ်ခွန်/ အာမခံလုပ်ငန်း/ အရစ်ကျရောင်းချခြင်းများအတွက် ငွေကောက်ခံပေးခြင်း)၊ Online Shopping လုပ်ငန်းများအတွက် ပေးဝေခြင်းနှင့် ငွေကောက်ခံခြင်း၊ ဘဏ်လုပ်ငန်းကိုယ်စားလှယ် ဆောင်ရွက်ပေးခြင်း၊ Mobile Money မှ လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် စာတိုက်လုပ်ငန်းမှ ဝန်ဆောင်မှုပေးနိုင်မည့် မည်သည့်လုပ်ငန်းမဆို ဆောင်ရွက်ပေးခြင်းတို့ကို မြန်မာ့စာတိုက်လုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်လိုသည့် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ကုမ္ပဏီလုပ်ငန်းရှင်များကို ဖိတ်ခေါ်ထားကြောင်း သိရသည်။

ဆက်လက်၍ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ရှိ လူစည်ကားရာနေရာများတွင် Mobile Post Office ဆောင်ရွက်ခြင်း၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် ASEAN Postal Business Meeting ကျင်းပခြင်း၊ အထိမ်းအမှတ်တံဆိပ်ခေါင်း ထုတ်ဝေရောင်းချခြင်းနှင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ Myanmar DHL Ltd. နှင့် သုံးနှစ်ဆက်လက်၍ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း စသည်တို့ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မျက်မှောက်ကာလတွင် အိုင်တီနည်းပညာများ အဆင့်မြင့်မားလာသော်လည်း မြန်မာ့စာတိုက်လုပ်ငန်းမှာ တိမ်ကောမသွားဘဲ ခေတ်စနစ်နှင့်အညီ ဝန်ဆောင်မှုများ ပေးလျက်ရှိရာ ၁၉၈၈-၁၉၈၉ ခုနှစ်တွင် စာတိုက်စုစုပေါင်း ၁၁၁၅ ခု ရှိခဲ့ရာမှ ၂၀၁၆ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် လုပ်ငန်းပြည့် ၇၈၂ ခု၊ စာတိုက်ခွဲ ၂၀၈ ခု၊ ကျေးရွာကိုယ်စားလှယ် ၃၉၁ ခု စုစုပေါင်း ၁၃၈၁ ခု သို့ တိုးတက်ခဲ့ကြောင်း စာရင်းဇယားများအရ သိရသည်။

မြန်မာ့စာတိုက်လုပ်ငန်းကို ချို့ယွင်းချက်၊ အားနည်းချက်များရှာပြီး ပြည်သူကို အလုပ်အကျွေးပြုသွားမည်ဟု မြန်မာ့စာတိုက်လုပ်ငန်း လက်ထောက်အထွေထွေမန်နေဂျာ ဦးရွှေထွန်းမောင်၏ဆိုစကားကလည်း နှစ်ပေါင်း ၁၆၂ နှစ် သက်တမ်းရှိ ရန်ကုန်စာတိုက်ကြီးအတွင်း၌ ပျံ့လွင့်လျက်ရှိနေပါတော့သည်။ ။

မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးကိစ္စနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၈

မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးသည် ဗုဒ္ဓသာသနာတော်အတွက်ရည်စူး၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အား ရေစက်ချလှူဒါန်းပြီးဖြစ်၍ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုသော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုကိုသော်လည်းကောင်း လွှဲပြောင်းပေးအပ်ရန်မရှိကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇာနည်ဝင်းက မီဒီယာများအား ပြောကြားလိုက်သည်။

ယနေ့နံနက် ၁၀ နာရီတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၌ ပြုလုပ်သည့် မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး ကိစ္စနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် ဦးဇာနည်ဝင်းက ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

ထို့ပြင် ထေရဝါဒဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် သာသနာ့အကျိုးလိုလားသော တာဝန်ရှိပုဂ္ဂိုလ်များက မဟာသန္တိသုခကျောင်းတော်ကြီးကိစ္စ ပြီးငြိမ်းစေရန် ညှိနှိုင်းဆောင်ရွက်ခဲ့သော်လည်း လန်ဒန်ဆရာတော် ဦးဥတ္တရပါ သံဃာငါးပါးက ထေရ်ကြီးဝါကြီး နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား ဝန်ချတောင်းပန်မှု မပြုနိုင်ကြောင်း ပြောကြားခဲ့သဖြင့် ညှိနှိုင်းမှုကိစ္စ မအောင်မြင်ခဲ့ကြောင်း။

ဥပဒေအရဆောင်ရွက်ပါက မည်သူနစ်နာမည်၊ မည်သူသက်သာမည်ဆိုသည်ကို လေ့လာကြည့်လျှင် သိနိုင်ကြောင်း၊ ပြီးခဲ့သည့်ကိစ္စများကို အာဃာတမထားကြောင်း၊ Win-Win သီအိုရီအရ အတတ်နိုင်ဆုံးပြီးငြိမ်းသွားအောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ဥပဒေအတိုင်းသွားရန် လန်ဒန်ဆရာတော်က ရွေးချယ်ခဲ့သည့်အတွက် ဥပဒေအတိုင်းသာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လန်ဒန်ဆရာတော် ဦးဥတ္တရပါ သံဃာငါးပါးကို သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေ ၂၀/၉၀ ဖြင့် အရေးယူခြင်းသာဖြစ်ကြောင်း၊ ပိုင်ဆိုင်မှုအငြင်းပွားသည့်ကိစ္စမဟုတ်ပါကြောင်း ဦးဇာနည်ဝင်းက ဆက်လက်ပြောကြားသည်။

လန်ဒန်ဆရာတော် ဦးဥတ္တရက "ဘုန်းကြီးတို့ကို လာဆွေးနွေးထားတာရှိတယ်။ ဘုန်းကြီးတို့ကို ပြန်လွှတ်ပေးမယ်၊ တောင်းပန်ခိုင်းတယ်။ တောင်းပန်ရမှာက ဘုန်းကြီးတို့ ပြစ်မှားလို့ တောင်းပန်ရတာမျိုးမဟုတ်ဘဲ အပြစ်ရှိလို့ တောင်းပန်ရတဲ့ဟာမျိုးဆိုရင် ဘုန်းကြီးတို့က မတောင်းပန်နိုင်ဘူး။ ဒီကိစ္စနဲ့ပတ်သက်လို့ ဆုံးဖြတ်ထားတာ တိတိကျကျမရှိဘဲ သူပိုင်ကိုယ်ပိုင်ငြင်းနေတဲ့အငြင်းမှာ ဘုန်းကြီးတို့က ခေတ္တခဏသွားရောက်နေတဲ့ ပုံစံမျိုးနဲ့နေတာဖြစ်တယ်။ အဲ့ဒီပိုင်နက်အတွင်းမှာနေတယ်။ နိုင်ငံတော်သံဃမဟာနာယကကို ဘုန်းကြီးတို့က အကြည်ညိုပျက်အောင်ပြောတယ်ဆိုတဲ့ စွဲချက်တွေ၊ နိုင်ငံရေးလုပ်တယ်ဆိုတဲ့ စွဲချက်တွေနဲ့ အစိုးရက တရားစွဲထားတဲ့အတွက်ကြောင့် သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေ ၂၀/၉၀ ဖြေရှင်းဖို့ ကျန်နေတယ်။ ဥပဒေအရ ဆောင်ရွက်ဖို့ကလွဲလို့ မရှိပါဘူး"ဟု မီဒီယာတစ်ခုနှင့်တွေ့ဆုံစဉ် မိန့်ကြားထားကြောင်း သိရသည်။

၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ပီနန်ဆရာတော် ဦးပညာဝံသက မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ သီတင်းသုံးလိုကြောင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ထံသို့ လျှောက်ထားတင်ပြခဲ့သည့်အတွက် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ၄၇ ပါးစုံညီ အဋ္ဌာရသမအစည်းအဝေးက "ဦးပညာဝံသ တစ်ပါးတည်းကိုသာ အာဂန္တုရဟန်းအဖြစ် သီတင်းသုံးခွင့်ပြုရန်" ဆုံးဖြတ်ထားကြောင်း ဦးဇာနည်ဝင်းက ဆိုသည်။

မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၏ လက်ရှိအခြေအနေနှင့်ပတ်သက်၍လည်း သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးကို နိုင်ငံတော်အစိုးရမှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ လှူဒါန်းထားခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကသာ စီမံပိုင်ခွင့်ရှိကြောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏အမိန့်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လောလောဆယ် မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးကို ချိပ်ပိတ်ထားကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်ပနိုင်ငံများရှိ ထေရဝါဒမြန်မာဘုန်းတော်ကြီးကျောင်းများတွင် ကျောင်းထိုင်နိုင်ရန်၊ သာသနာပြုနိုင်ရန်အတွက် ဗုဒ္ဓတရားတော်များကို နိုင်ငံခြားဘာသာစကားဖြင့် ကျွမ်းကျင်စွာ ဟောပြောနိုင်သည်အထိ သင်ကြားလေ့ကျင့်ပေးရန် မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါကျောင်းမှ ဒီပလိုမာ (ဗုဒ္ဓဓမ္မ) သင်တန်းအောင်မြင်သည့် သံဃာတော် ၁၂၅ ပါးပေါ်ထွန်းခဲ့ပြီးဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

ရေကြည်မြို့တွင် မြေယာမဲ့တောင်သူအချို့မှ မြေယာလုပ်ပိုင်ခွင့်ရရှိရေး ဆန္ဒဖော်ထုတ်

ရေကြည် အောက်တိုဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့တွင် ယနေ့နံနက်ပိုင်းက နိုင်ငံတော်မှ စွန့်လွှတ်မြေဧက ၉၀၀ အား သရက်ချောင်းကျေးရွာအုပ်စု အလယ်စုကျေးရွာ မြေယာမဲ့တောင်သူ ၁၄၄ ဦးသို့ စိုက်ပျိုးရာသီအမီ အညီအမျှ ခွဲဝေချထားနိုင်ရေးအတွက် ဆန္ဒဖော်ထုတ်ပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆန္ဒဖော်ထုတ်ပွဲကို ရေကြည်မြို့ နေဝင်းရပ်ကွက် ဘောလုံးကွင်းမှစတင်ကာ နေဝင်းရပ်ကွက် ဆေးရုံလမ်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးထောင့်မှ အောင်ဆန်းလမ်းမကြီး၊ ဆရာစံရပ်ကွက် (၁)လမ်းမှ ဆရာစံဘောလုံးကွင်းအထိ အင်အား ၁၄၄ ဦးဖြင့် စီတန်းလှည့်လည်ကာ "အကျင့်ပျက်လာဘ်စားမှုရှိသော ဝန်ထမ်းများအား အရေးယူပေးပါ"၊ "နိုင်ငံတော်မြေယာကို ရောင်းစားပေါင်းစာ အကျင့်ပျက်တောင်သူများအား တည်ဆဲဥပဒေအရ အရေးယူပေးပါ"၊ "(၃) နှစ်ဆက်တိုက် နိုင်ငံပိုင်မြေယာပေါ်တွင် ကျူးကျော်လုပ်စားနေသော တောင်သူများအား ထိရောက်စွာအရေးယူပေးပါ"၊ "ပြည်သူ့အစိုးရ ပြည်သူ့အကျိုးဆောင်ရွက်ပေးပါ" စာသားပါ ဆိုင်းဘုတ်များကိုင်ဆောင်ပြီး စွန့်လွှတ်မြေဧက ၉၀၀ အမြန်ချထားရေး ကြွေးကြော်ကာ စီတန်းလှည့်လည်ခဲ့ကြသည်။ ဦးဆောင်သူ သရက်ချောင်းအလယ်စုမှ ဦးမင်းတင်က မိမိတို့ရွာအနီးတွင် နိုင်ငံတော်မှ စွန့်လွှတ်မြေဧက ၉၀၀ အား ဆင်းရဲနွမ်းပါးသော မြေယာမဲ့တောင်သူများကို ယခုနှစ်စိုက်ပျိုးရာသီအမီ စည်းကမ်းနှင့်အညီ အညီအမျှခွဲဝေချထားပေးရန် ရည်ရွယ်ချက်ဖြင့် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ပြီး ဆန္ဒဖော်ထုတ်ခဲ့ကြောင်း ပြောကြားသည်။ **သိန်းဇော်(ရွှေလီဦး)**

✱ မလေးရှားမှ

မလေးရှားနိုင်ငံ ပူထရာဂျာရာမြို့တွင် Ministry of Higher Education of Malaysia & University Technology Malaysia တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် Varsity Boat Race 2016 ပြိုင်ပွဲသို့ တက္ကသိုလ်များ လှေလှော်အသင်း(ရန်ကုန်)မှ အားကစားသမား စုစုပေါင်း ၁၄ ဦး သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အမျိုးသား ၁၁ ဦး၊ အမျိုးသမီးသုံးဦး ပါဝင်မည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲဝင်အားကစားသမားများသို့ အောင်နိုင်ရေးအလံအပ်နှင်းပွဲအခမ်းအနားကို အောက်တိုဘာ ၈ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်ခန်းမ၌ ကျင်းပခဲ့ရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်အသီးသီးတို့မှ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများ၊ တက္ကသိုလ်များ လှေလှော်အသင်း(ရန်ကုန်)မှ လက်ရွေးစင်အားကစားသမား ၁၄ ဦးနှင့် အသင်းအုပ်ချုပ်သူ၊ နည်းပြများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားခဲ့ပြီး အောင်နိုင်ရေးအလံကို အပ်နှင်းပေးခဲ့သည်။ တက္ကသိုလ်များ လှေလှော်အသင်း(ရန်ကုန်)၏ ကြိုတင်ပြင်ဆင်လေ့ကျင့်ဆောင်ရွက်မှုများကို တက္ကသိုလ်များ လှေလှော်အသင်း (ရန်ကုန်)ဥက္ကဋ္ဌ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဒေါ်ခင်နိုင်ဦးက ရှင်းလင်းတင်ပြခဲ့သည်။ ဆက်လက်၍ အားကစားအောင်နိုင်ရေးအတွက် အလှူရှင်များက အလှူငွေပေးအပ်ခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်သော ကြိုးပမ်းဆောင်ရွက်မှုများသည် တက္ကသိုလ်အားကစားလောက ပြန်လည်ထွန်းတောက်လာစေရန် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည့်အပြင် ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှ တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲတွင် အောင်ပွဲများရရှိစေရေးအတွက်လည်း ကြိုတင်ပြင်ဆင် လေ့ကျင့်ဆောင်သွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြောကြားသွားခဲ့သည်။

(၀၀၁)

○ အာဆီယံမှ

မလေးရှားနှင့် ခြေစစ်ပွဲအောင်အသင်း၊ ညနေ ၆ နာရီတွင် မြန်မာနှင့် ဗီယက်နမ်၊ နိုဝင်ဘာ ၂၃ ရက် ညနေ ၃ နာရီတွင် မလေးရှားနှင့် ဗီယက်နမ်၊ ညနေ ၆ နာရီတွင် မြန်မာနှင့် ခြေစစ်ပွဲအောင်အသင်း၊ နိုဝင်ဘာ ၂၆ ရက် ညနေ ၆ နာရီတွင် သုဝဏ္ဏကွင်း၌ မြန်မာနှင့် မလေးရှား၊ ဝဏ္ဏသိဒ္ဓိကွင်း၌ ဗီယက်နမ်နှင့် ခြေစစ်ပွဲအောင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် အိမ်ရှင်အသင်းဖြစ်သောကြောင့် အုပ်စုပွဲစဉ် သုံးပွဲစလုံးကို ညနေ ၆ နာရီ၌ ကစားမည်ဖြစ်သည်။ ဖိလစ်ပိုင်၌ ကျင်းပမည့် အုပ်စု(က) ပွဲစဉ်များအဖြစ် နိုဝင်ဘာ ၁၉ ရက်တွင် ထိုင်းနှင့် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့်စင်ကာပူ၊ နိုဝင်ဘာ ၂၂ ရက်တွင် ထိုင်းနှင့် စင်ကာပူ၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်၊ နိုဝင်ဘာ ၂၅ ရက်တွင် စင်ကာပူနှင့် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို တက်ရောက်သည့် အသင်းများ၏ နိုင်ငံတို့တွင် ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ဆူဇူကီးဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ်လက်ခံကျင်းပမည်ဖြစ်ပြီး အောင်မြင်မှုရရှိရန် ပြင်ဆင်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၀၄ ပြိုင်ပွဲတစ်ကြိမ်သာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး ကျန်အကြိမ်များတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ မြန်မာ့လက်ရွေးစင်အသင်းကို နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်က ကိုင်တွယ်လျက်ရှိပြီး ပဏာမကစားသမား ၂၃ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ **(ရှိုင်းထက်ဇော်)**

ကြေးမုံ ဖတ်ကြည့်

မြန်မာစာပေပြန့်ပွားရေး၊ တိုးတက်ထွန်းကားရေးနှင့် စာဖတ်ပရိသတ်များ စာအုပ်စာပေအပေါ်တွင် ပိုမိုစိတ်ဝင်စားမှု ရှိစေရေးအတွက် "ကြေးမုံဖတ်ကြည့်"ကဏ္ဍသစ်ကို ဖွင့်လှစ်လိုက်ပါသည်။ ကြေးမုံဖတ်ကြည့်ကဏ္ဍသည် စာအုပ်ထုတ်ဝေမှုသတင်းများကိုလည်း ပုံမှန်ဖော်ပြပေးခြင်းဖြင့် စာသမားများ၏ချင်ခြင်းကို တစ်ဖက်တစ်လမ်းမှ ကူညီပေးလိုပါသည်။ ပုံနှိပ်ထုတ်ဝေမှုသတင်း၊ ကြေးမုံဖတ်ကြည့်ကဏ္ဍဟု ထင်ရှားစွာလိပ်မူ၍ အမှတ်(၇၇)၊ (၅၂)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ကြေးမုံသတင်းစာတိုက်သို့ ပေးပို့နိုင်ကြပါသည်။

ကျော်စောမင်း

၁။ ။ဝေဖန်ရေးစာပေ

ယခုအပတ်တွင် ဝေဖန်ရေးအကြောင်း မိတ်ဆက်မည်ဟု စိတ်ကူးပြီး မောင်စွမ်းရည် အစရှိသော ဝေဖန်စာရေးသူများ၏ စာအုပ်များနှင့် ပါမောက္ခဦးတင်ရွှေမှအစ မင်းခက်ရဲအဆုံး စာပေဝေဖန်ရေးသဘောတရား ရေးခဲ့ကြသူများ၏ စာအုပ်များကို ဆွဲထုတ်စုပုံထားပါသည်။ မဖတ်ရသေးသောစာအုပ်များကို ရွေးထုတ်ဆဲတွင် အလွန်စိတ်ဝင်စားစရာကောင်းသော စာအုပ်တစ်အုပ်တွေ့၍ ဖတ်မိလိုက်ရာ မိုးလင်းကာလသို့တိုင်သွားပါတော့သည်။ ဘာသာဗေဒပညာရှင်ဟု လူသိနည်းသော်လည်း ရသစာရေးဆရာအဖြစ်လည်းကောင်း၊ စာပေသဘောတရားများနှင့် ရသပညာသဘောတရားများတွင် နှံ့စပ်သူအဖြစ်လည်းကောင်း ကျော်ကြားသော မြင့်သန်း(စသည်၊ စသည်ဖြင့် . . စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ သမိုင်း၊ ရသပညာ စသည့် အရေးအသားများ။ နှစ်ကာလများ၊ မတ် ၂၀၁၂)။

ပြင်စရာတစ်ခုကိုတော့ အရင်ပြောချင်ပါသည်။ လားစင်၏ အမှာစာတွင် "ပါရဂူဘွဲ့ရသင့်ပါသည်။ မရလည်း ဝယ်ပေးနိုင်သူများက ဝယ်ပေးစေချင်သည်"ဟုပါသည်။ ပါရဂူဘွဲ့ရသင့်ပါသည်။ မရလည်း ဝယ်ပေးနိုင်သူများက ဝယ်ပေးစေချင်သည်ဟု ဖြစ်သင့်သည်။

စာအုပ်တစ်အုပ်လုံးကို လွှမ်းမိုးနေသည်မှာ ပညာရှင်ယောင်ဆောင်နေသော စာရေးသူအချို့၏ စိတ်ထင်မျက်မှန်း၊ တောရမ်းမယ်ဘွဲ့ သမိုင်းအမြင်၊ ယဉ်ကျေးမှုအမြင်များအပေါ် ဝေဖန်သည့် pungent remarks ခေါ် ခပ်စပ်စပ် ရိုက်ချက်များဖြစ်သည်။ အမှာစာရေးပေးသူကပင်လျှင် "တစ်ထိုင်တည်းနှင့် အပြီးဖတ်ရမည့်စာအုပ်မျိုးမဟုတ်။ ဖတ်ပြီး လွှင့်ပစ်ရမည့်စာအုပ်မျိုး မဟုတ်။ ခုဖတ်၍ နားမလည်သေးလျှင် နောက်တစ်ကြိမ်၊ နှစ်ကြိမ်ဖတ်ကြည့်။ ပုဆိုးမဝတ်တတ်၊ ထဘီမဝတ်တတ်တော့သည့် ပို့စ်မော်ဒန်မြန်မာလူငယ်တို့လည်း ဖတ်ကြည့်သင့်သည်။"ဟု ရေးပါသည်။ ဆင်ခြင်ရမည့်အချက်ဟု ယူဆပါသည်။ ရေးသူကို လေသံဆင်ခြင်ရန် ပြောခြင်းမဟုတ်ပါ။ အရေးခံပုဂ္ဂိုလ်များက ဆင်ခြင်သင့်ကြောင်း၊ ဆင်ခြင်ရန်ဖြစ်ကြောင်း ပြောလိုရင်းဖြစ်ပါသည်။

ပထမဆောင်းပါးမှာ ဂီတသဘင်ဆိုင်ရာ မြန်မာရသပညာနောက်ခံသမိုင်းအမည်ရှိ ၂၀၀၆ တွင် မြင့်သန်းရရှိသော ၂၀၀၅ တွင် ထုတ်လုပ်ဟန်ရှိသော စာတမ်းကို ချဉ်းကပ်သုံးသပ်ခြင်းဖြစ်သည်။ အကဲဒမစ်ကျကျဟုခေါ်ကြသော ဘာသာရပ်တစ်ခုခုတွင် အခြေခံမှအစ လက်တစ်ဆုံးနှိုက်ဆည်းပူးခဲ့ပြီး တစ်သက်တာလုံး ဤနယ်ပယ်မှာပင် ကျင်လည်ရင်း ရှေ့တိုးစူးစမ်းသော ပညာရှင်စစ်စစ်တို့၏ ဘက်စုံထောင့်စုံ လေ့လာရေးမျိုးဖြင့်သာ ရေးသားရသော သမိုင်းကြောင်းဖော်ထုတ်မှုစာတမ်းမျိုးကို တတ်ယောင်ကား အပြင်လူက လိုရာဆွဲရေးသားလာလျှင် ပညာရှင်တို့ ဆတ်ဆတ်ခါ နာတတ်ကြသည်။ ပညာရှင်သည် အတုများအပေါ် အကဲဆတ်တတ်သည်မှာ အဆန်းမဟုတ်ပါ။ စနစ်တကျလေ့လာပါလျက် သုံးသပ်ပုံမှားခြင်း၊ အရေးကြီးသော ကွင်းဆက်တစ်ခုကို မျက်စိလျှမ်းသွားခြင်းမျိုးတွင် သာယာညင်းပျောင်းစွာ တည့်မတ်ပေးလိမ့်မည်ဖြစ်သော်လည်း ဘာသက်သေမျှမရှာဖွေဘဲ တောရမ်းမယ်ဘွဲ့ထင်ရာ ရေးခြင်း၊ တမင်ထိမ်ချန်ခြင်း၊ အကျိုးမျှော်၍ အကြိုက်လိုက်ရေးခြင်းတို့တွင်ကား သည်းခံစိတ်မွေးနိုင်မည်မဟုတ်။

ဤစာအုပ်နှင့်ပတ်သက်၍ ဤမျှလောက်သာ ပြောပါမည်။ သမိုင်း၊ ယဉ်ကျေးမှု၊ ရသပညာ စသည်များကို စိတ်ဝင်စားကြသော၊ ပညာချစ်သူများရှာဖွေဖတ်ရှုသင့်သော စာအုပ်ဟုပဲ ညွှန်းလိုက်ပါမည်။ ဤလိုစာမျိုးသည် ဖတ်ပြီးဖတ်ကာမတ္တာရပ်နေရမည့် စာမျိုးမဟုတ်။ စာပေသဘောတရား၊ ရသပညာသဘောတရားများအတွက် ရည်ညွှန်းချက်များပါနေသဖြင့် အကျယ်လေ့လာလိုသူများအတွက်



သိုက်စာတစ်ခုဖြစ်သည်။ အင်္ဂလိပ်ဝေါဟာရများ တိကျစွာ ဘာသာပြန်ပေးထားခြင်းကိုလည်း ကျေးဇူးတင်ထိုက်ပါသည်။ ရေကန်သာကြာတိုင်းအေးနှင့်ဆက်နွှယ်၍ (နောက်ပိုင်းတွင် လည်းထပ်၍) ဆွေးနွေးပေးထားသော သမိုင်းဖြစ်ရပ်မှန်ခြင်း historicity အစရှိသည့် သမိုင်းနောက်ခံဝတ္ထုများမှ ပြဿနာများအပေါ် သုံးသပ်ချက်များကိုကား ကျေနပ်သူ၊ မကျေနပ်သူ ဟူ၍နှစ်စုကွဲလိမ့်မည်ထင်ပါသည်။

၂။ ။ခေတ်ပေါ်ကဗျာ

ခေတ်သစ်ကဗျာ၊ ခေတ်ပြိုင်ကဗျာ စသည်ဖြင့် ခေါ်ကြသော်လည်း အလွယ်သဘောဖြင့် ခေတ်ပေါ်ကဗျာဟုပဲ သုံးလိုက်ပါမည်။ မျက်မှောက်ကာလ (ဆိုကြပါစို့ ပြီးခဲ့သော ၁၀နှစ်အတွင်း) မှာမှ ယခင်အမျိုးအစားများနှင့် မတူသော သီးသန့်ဟန်ဖြင့် ထွက်လာသည့် ကဗျာသစ်ဟု ပြောလိုခြင်းဖြစ်ပါသည်။

ထိုကဗျာသစ်များကို ချဉ်းကပ်ရန်မလွယ်ပါ။ ဂန္ထဝင်ကဗျာကို ကာရန်၊ စပ်ထုံး၊ အလင်္ကာ၊ ဒေါသ စသည်တို့ဖြင့် အကဲဖြတ်လေ့ရှိသည်။ ထိုနည်းဟောင်းသည် ဂန္ထဝင်ကဗျာအတွက် အဆင်ပြေပါသည်။ ရေးပုံသားပုံအတွက် သတ်မှတ်ပေတံရှိပြီး ဖြစ်နေ၍ နှစ်သက်ခံစားမှုအစစ်ကို ဖြစ်စေသော ကဗျာ့ဂုဏ်အင် ပါ/မပါ ကိုသာ ဝေဖန်သူက ဆုံးဖြတ်ရန်ကျန်တော့၏။

ခေတ်ပေါ်ကဗျာများကား ထိုသို့မဟုတ်။ ကဗျာရေးသူ၏ ခေတ်ကိုလည်း သိရန်လိုသည်။ ကဗျာရေးသူ၏ ဝန်းကျင်ကိုလည်း သိရန်လိုသည်။ ကဗျာထဲမှာ ထွန်းပြနေသော (ကဗျာရေးသူ၏) စရိုက်ကိုလည်း သိရန်လိုသည်။ သို့မှသာ ကဗျာရေးသူနှင့် ထပ်တူခံစားနိုင်မည်ဖြစ်သည်။ ခေတ်ပေါ်ကဗျာကို ခြေရာခံဖို့ ဒီလောက်တောင်လိုသလားဟု မေးလျှင် ထို့ထက်မက လိုအပ်ပါသေးသည်ဟုပဲ ဖြေရလိမ့်မည်။ ခေတ်ပေါ်ကဗျာတွင်ပါတတ်သည့် အရေးကြီးသော ထူးခြားချက်တစ်ခုမှာ ကဗျာရေးသူ၏ နက်ရှိုင်းသော အတွင်းပိုင်းဖြစ်သည်။ တန်ဆာပလာတွေ ညွတ်နေအောင်

ဝတ်ဆင်ပြီး အဆန်းဆုံးအဝတ်အထည်နှင့် ဆေးဆိုးပန်းရိုက်မျက်နှာများကိုသာ အလှဟု ထင်လာခဲ့ကြသော (တည့်တည့်ပြောရလျှင် စကားလုံးအကွန့်အညွန့်တွေ၊ ကာရန်လှလှတွေကိုသာ ကဗျာဟု ထင်မှတ်ခဲ့ကြရသော) လူ့ဝန်းကျင်တစ်ခုသည် အတွင်းသားအလှဟု ခေါ်သော aesthetical beauty ကို မြင်ရန်ခက်တတ်သည်။ ခေတ်ပေါ်ကဗျာတချို့တွင် နက်ရှိုင်းသော အတွင်းစိတ်မှလာသည့် စကားလုံးအတွဲအစပ်များ၊ အသံများကို တွေ့ရမည်။ ဆေးဆိုးပန်းရိုက်ကိုပဲ အလှဟုထင်နေသူများက သတိပြုမိဖို့မလွယ်သော ဂုဏ်သတ္တိဖြစ်သည်။

ထိုဂုဏ်သတ္တိကိုမြင်ဖို့ ဆိုခဲ့ပြီးသည့်အတိုင်း ခေတ်၊ ဝန်းကျင်နှင့် လူကို နားလည်ရန်လိုသည်။ ဤလိုနားလည်တော့မှ ရေးသူနှင့် ဖတ်သူ တစ်သားတည်းဖြစ်သွားပြီး လိုရင်းဆိုက်သည်။ နားမလည်လည်း ခံစားလို့ရတယ်ဟူသော အပြောမှာ လေးစားလောက်ဖွယ်မရှိပါ။

ကဗျာခံစားမှုများ ရေးလေ့ရှိသူတစ်ဦး အခက်ကြုံခဲ့ဖူးသည်။ မဂ္ဂဇင်းတစ်စောင်ပါ ကဗျာတစ်ပုဒ်ကို သူက ဆစ်ပိုင်းခံစားကာ အမွှမ်းတင်သည်။ နောက်နှစ်လလောက်ကြာသောအခါ မူရင်းကဗျာဆရာက သူတကယ်ရေးပို့လိုက်သော မူရင်းကို တင်ပြပြီး (သူ့လက်ရေးဆိုးလို့လေလားမသိ) ပုံနှိပ်မူတွင် မှားနေသည်များကို တင်ပြသည်။ အမှားစာလုံးများကို ခံစားချီးကျူးပြမိသူလည်း ထိုအချိန်မှစပြီး ငုပ်သွားပါတော့သည်။

နောက်တစ်ဦး၏ အဖြစ်က ပိုဆိုးသည်။ အမေရိကန်ကဗျာတစ်ပုဒ်ကို ခံစားအမွှမ်းတင်ပြလိုက်ရာ ဘာသာပြန်မှားနေကြောင်း ထောက်ပြသူပေါ်လာသည်။ အင်္ဂလိပ်စာတွင် အထူးကျွမ်းကျင်သင့်သူ၊ ဘာသာပြန်ရာတွင် သူများထက်ပိုသတိထားသင့်သူတစ်ဦးက Standards ဆိုသည်ကို "စံသတ်မှတ်ချက်တွေ"ဟု ဘာသာပြန်လိုက်ရာ ကဗျာက အူလည်လည်ကြီး ဖြစ်သွားဖူးသည်။ စပျစ်နွယ်ရစ်ပတ်ထားတဲ့ စံသတ်မှတ်ချက်တွေနဲ့ ဆိုသည်မှာ အတော်ကြီးခေါင်းရှုပ်စေပါသည်။ Standards ဆိုသည်မှာ သလွန်/ညောင်စောင်း၏ ခြေထောက်များကိုလည်း ဆိုလိုကြောင်း သိလျှင် ကဗျာ၏ ခမ်းနားသော အခင်းအကျင်းကို ခံစားရဖွယ်ရှိပါသည်။

၃။ ။သီတင်းကျွတ်တော့မည်

သီတင်းကျွတ်တော့မည်။ ပြီးလျှင် တန်ဆောင်မုန်း။ ပြီးလျှင် နတ်တော်/ နတ်တော်လဆန်း ၁ ရက်နေ့တွင် ရိုးရာမပျက် စာပေဆုနှင်းသဘင်ရှိမည်။ ရိုးရာမပျက် ဆုရကြသူတွေလည်း ရှိလာလိမ့်မည်။ စင်မြင့်ပေါ်မှ ဆင်းပြီးတာနှင့် စာပေနယ်မှအပြီးပျောက်ကွယ်သွားသူများရှိတတ်သည်။ ဆုသည်စာပေသမားတစ်ဦးအတွက် ရာထူးတိုးပေးခြင်း ဖြစ်သည်။ ရာထူးတိုးလျှင် တာဝန်ပိုကြီးလာပြီး ပိုလည်းများ လာတတ်သည်မှာ ဓမ္မတာဖြစ်၏။ မိုးကျရွှေကိုယ်များခေတ်တွင်ကား တာဝန်ကြီးကြီးခံယူရေး၊ လုပ်ငန်းလည်ပတ်မှု ထက်မြက်ရေးတို့ထက် ရာထူးပေးဖို့ ကိုယ့်လူကို ကုလားထိုင်ထဲထည့်ဖို့က အဓိကဖြစ်လာသည်။ မလျော်အင်/ တော်မဝင်နှံ့ပြောင်းက/ဆန်လောင်းကို ဂုဏ်ခံလို့ဟူသော ရှေးစာတစ်ပုဒ်ကို သတိရစရာပင် ဖြစ်နေတတ်သည်။

၄။ ။အသစ်

မင်းခက်ရဲသည် ၂၁ရာစု မြန်မာစာပေနယ်တွင် စာပေသဘောတရားစာအုပ်များ၊ ဝေဖန်ရေးဆောင်းပါးများ၊ နိုင်ငံတကာခေတ်ပေါ်စာပေအကြောင်း မိတ်ဆက်များဖြင့် ထင်ရှားလာသူဖြစ်သည်။ ရေခြားမြေခြားမှ ခေတ်ပေါ်စာပေများအကြောင်း ရေးသားထားသော သူတို့ဘယ်လို အသစ်ဖန်တီးသလဲ (မိတ်ဆွေများ၊ မတ် ၂၀၁၄) စာအုပ်သည် လူငယ်စာပေသမားအတွက် အထောက်အကူဖြစ်လာမည်ထင်ပါသည်။ ဤလိုစာများကိုဖတ်လျှင် မူရင်းစာနှင့် အညွှန်းခံမူရင်းစာ (ကဗျာ၊ဝတ္ထု)တို့ကိုပါ ဖတ်ကြည့်ချင်စိတ်ပေါ်တတ်သည်။ ဤသို့ စိတ်ပေါ်လာလျှင် အားပေးထိုက်ပါသည်။ မြန်မာဂန္ထဝင်(ဟုဆိုသော)ဝတ္ထုများကို ဝေဖန်ရေးအမြင်သစ်ဖြင့် ချဉ်းကပ်ပြထားသော စာတစ်အုပ်လည်း ရှိပါသေးသည်။ ထိုစာအုပ်ကို ကြည့်လျှင် မင်းခက်ရဲသည် သဘောတရားတွေ ဘာသာပြန်ကြ၊ ပြန်ပြောပြနေရုံမျှသာ မဟုတ်ဘဲ ထိုလုပ်ငန်းစဉ်ကို လိုက်နာကျင့်ကြံပြနိုင်သူလည်းဖြစ်ကြောင်း ထင်ရှားသည်။ အတ္တနောမတိ အပိုတစ်ချက် စွက်ပါရစေ။ မင်းခက်ရဲ ဘယ်သူလဲဟု စိတ်ဝင်စားကြသူတွေ များစွာရှိသည်။ သူ့စာတွေ နာနာဖတ်လျှင် မှန်းဆနိုင်ပါလိမ့်မည်ဟု ပြောချင်ပါသည်။ အလျဉ်းသင့်၍ အပိုပြောလိုက်ခြင်းဟု ယူဆကြရန်ဖြစ်ပါသည်။

❖

စက်မှုဝန်ကြီးဌာနနှင့် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့ ပူးပေါင်း၍ စက်မှု/စီးပွားရေးလုပ်ငန်းများတွင် စွမ်းအင်စနစ် ထိရောက်စွာအသုံးပြုခြင်းဆိုင်ရာသင်တန်းများ အခမဲ့ဖွင့်လှစ်ပေးမည်

ရန်ကုန် အောက်တိုဘာ ၈

စက်မှုဝန်ကြီးဌာနနှင့် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့ (United Nations Industrial Development Organization- UNIDO) နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ စက်မှုလုပ်ငန်း/ စီးပွားရေးလုပ်ငန်းများတွင် စွမ်းအင်စနစ် အထိရောက်ဆုံး အသုံးပြုခြင်းဆိုင်ရာ (Energy System Optimization) သင်တန်းများကို အခမဲ့ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း UNIDO မှ သိရသည်။

အဆိုပါ သင်တန်းများဖွင့်လှစ်ပို့ချလျက်ရှိရာတွင် Compressed Air Energy System Optimization (CASO) User Level နှစ်ရက် သင်တန်းအမှတ်စဉ်(၄)နှင့် အမှတ်စဉ် (၅)ကို ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ စက်မှုဝန်ကြီးဌာန အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန သင်တန်းခန်းမ၌ အခမဲ့ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်သည်။ အမှတ်စဉ် (၄) သင်တန်းကို အောက်တိုဘာ ၂၄ ရက်နှင့် ၂၅ ရက် နှစ်ရက်သင်တန်းကို နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ လည်းကောင်း၊ အမှတ်စဉ်(၅) သင်တန်းကို အောက်တိုဘာ ၂၇ ရက်နှင့် ၂၈ ရက် နှစ်ရက်တာ အထက်ပါအချိန်အတိုင်းလည်းကောင်း ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်သည်။

ယင်းသင်တန်းသို့ Compressed Air အသုံးပြုသည့် ပုဂ္ဂလိက/အစိုးရ စက်ရုံးများမှ အင်ဂျင်နီယာများ၊ Operator များ၊ စွမ်းအင်ကုန်ကျစရိတ်လျှော့ချလိုသော စက်ရုံ၊ အလုပ်ရုံများ၊ စွမ်းအင်မန်နေဂျာအဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသူများ၊ စွမ်းအင်စနစ် အထိရောက်ဆုံး အသုံးပြုခြင်းဆိုင်ရာ Energy System Optimization ပညာရပ်ကို စိတ်ပါဝင်စားသူများ၊ မိမိစက်ရုံတွင် Compressed Air Energy အတွက် ကုန်ကျစရိတ်များပြားနေပြီး ယင်းကုန်ကျစရိတ်ကို လျှော့ချလိုသူများ တက်ရောက်နိုင်ကြောင်းနှင့် User နှင့် Expert Level တက်ရောက်အောင်မြင်ပြီးပါက Compressed Air System Optimization Expert အဖြစ် အသက်မွေးဝမ်းကျောင်း ပြုလုပ်နိုင်သည့် အခွင့်အလမ်းများရှိကြောင်း သိရသည်။

သင်တန်းသားဦးရေ ကန့်သတ်ထားပြီး သင်တန်းကို ကနေဒါနိုင်ငံသား Compressed Air System Optimization Expert မှ သင်ကြားပို့ချပေးမည်ဖြစ်သည်။ သင်တန်းသို့ အင်ဂျင်နီယာဘွဲ့ရရှိထားသူ (Bachelors in Engineering) သို့မဟုတ် Compressed Air System ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ နှစ်နှစ်နှင့်အထက်ရှိသူ၊ အင်္ဂလိပ်ဘာသာဖြင့် နားလည်ပြောဆိုနိုင်သူ ဖြစ်လျှင် ပိုမိုသင့်တော်မည်ဟု သိရသည်။ စိတ်ပါဝင်စားသူများအနေဖြင့် လျှောက်လွှာကို www.ieemyanmar.com/?page_id=4452 တွင် ဒေါင်းလုပ်ရယူဖြည့်စွက်၍ email: T.OO@unido, A.ZIN@unido.org သို့ လည်းကောင်း၊ ဖုန်း-၀၉၅၁၉၀၉၇၉၊ ၀၉၄၂၁၁၃၁၀၈၅ တို့သို့ အောက်တိုဘာ ၁၉ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားဆက်သွယ်ပေးပို့ရမည် ဖြစ်ကြောင်း UNIDO မှ သိရသည်။

(၀၀၁)

ရခိုင်ပြည်နယ် မြစ်ဝကျွန်းပေါ်နှင့် အပူပိုင်းဇုန်များရှိ မိခင်နှင့်ကလေး ၅၄၀၀၀ ကျော်အတွက် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၅ သန်း ပံ့ပိုးသုံးစွဲသွားမည်

ရန်ကုန် အောက်တိုဘာ ၈

အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့(LIFT) မှ ရခိုင်ပြည်နယ် မြစ်ဝကျွန်းပေါ်နှင့် အပူပိုင်းဇုန်များရှိ မိခင်နှင့်ကလေး ၅၄၀၀၀ ကျော်အတွက် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၅ သန်း ပံ့ပိုးသုံးစွဲသွားမည်ဖြစ်ကြောင်း ယမန်နေ့ နံနက် ၁၀ နာရီက မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ပြည်တော်သာခန်းမ၌ ပြုလုပ်သည့် အပူပိုင်းဇုန်အတွက် မိခင်နှင့်ကလေးများအား ငွေကြေးပံ့ပိုးမှုအစီအစဉ် မိတ်ဆက်ပွဲအခမ်းအနားမှ သိရသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာအောင်မိုးညိုက နိုင်ငံတစ်နိုင်ငံသည် အိမ်ထောင်စုများဖြင့် စုစည်းတည်ထောင်ထားခြင်းဖြစ်သည့်အတွက် အိမ်ထောင်တစ်စုချင်း ဖွံ့ဖြိုးတိုးတက်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ စီးပွားရေး၊ ကျန်းမာရေးနှင့် အသိပညာဗဟုသုတပြည့်စုံသည့် မိသားစုများကသာလျှင် ပုံမှန်ဖွံ့ဖြိုးပြီး ကျန်းမာသည့်ကလေးငယ်များကို မွေးဖွားပေးနိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာသန်စွမ်းသည့် ကလေးငယ်များဖြစ်လာရန် "ကနဦးဘဝအစ ရက်ပေါင်း ၁၀၀၀ ပြုစုခြင်း"သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အခြေခံအချက်များမှ တစ်ခုအပါအဝင်ဖြစ်သည်ကို သိစေလိုပါကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့မှ ဆောင်ရွက်နေသကဲ့သို့ အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများကလည်း စီမံချက်အမျိုးမျိုးဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ အားကောင်းလာစေရန် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့၏ ဦးစားပေးရေးဆွဲထားသည့် မဟာဗျူဟာလေးခုထဲတွင် အာဟာရရရှိမှု ပိုမိုကောင်းမွန်ရေးသည် တစ်ခုအပါအဝင်ဖြစ်ပြီး တစ်ကမ္ဘာလုံးအနေအထားဖြင့် ကောက်ယူထားသည့် အာဟာရချို့တဲ့မှုစာရင်းတွင် မြန်မာနိုင်ငံသည် အဆင့် ၃၉ နေရာတွင် ပါဝင်နေသည့်အတွက် ယခုဆောင်ရွက်မှုသည် အရေးပါသည့်ဆောင်ရွက်မှုဖြစ်ကြောင်း အဆိုပါအဖွဲ့မှ သိရသည်။

"ဒီဆောင်ရွက်မှုကနေ မြန်မာနိုင်ငံမှာ အသက် ငါးနှစ်အောက်ကလေးများရဲ့ ပုညက်နေမှုကို လျှော့ချဖို့ ရည်ရွယ်ပါတယ်။ ငွေကြေးပံ့ပိုးပေးတာအပြင် အာဟာရနဲ့ဆိုင်တဲ့ အသိပညာပေးမှုများကို ပေါင်းစည်းဆောင်ရွက်တာဖြစ်တဲ့အတွက် အာဟာရဓာတ်ပြည့်ဝတဲ့ အစားအစာတွေကို ဝယ်ယူစားသောက်နိုင်ပြီး ကလေးတွေနေမကောင်းတဲ့ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုတွေကို ပိုမိုလက်လှမ်းမီနိုင်မှာဖြစ်တဲ့အတွက် ပုညက်မှုကို လျှော့ချရာမှာ အကျိုးသက်ရောက်စေမှာ ဖြစ်ပါတယ်" ဟု LIFT ရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး အန်ဒရူးကာဒ်ဝုဒ်က ပြောသည်။

ပခုက္ကူ၊ ရေစကြိုနှင့် မလှိုင်မြို့နယ်တို့တွင် ဆောင်ရွက်နေသည့် အဆိုပါ စီမံချက်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်နေပြီး ကိုယ်ဝန်ဆောင်သည့် ရက်မှ ကလေးမွေးဖွားပြီး နှစ်နှစ်အထိ ရက်ပေါင်း ၁၀၀၀ အတွင်းရှိ ကိုယ်ဝန်ဆောင်နှင့် မိခင်များအား ကျေးလက်ကျန်းမာရေးဌာနများနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ တစ်ဆင့် တစ်လလျှင် တစ်ဦးကို ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

အမျိုးသားအာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်မေခင်သန်းက "ဘဝတစ်လျှောက်လုံးမှာ အရေးကြီးဆုံးကာလဖြစ်တဲ့ ကိုယ်ဝန်ရှိချိန်ကနေ မွေးပြီးနှစ်နှစ်အောက် ရက် ၁၀၀၀ အတွင်း ကလေးတွေအားလုံးကို အာဟာရအတွက် LIFT ကလုပ်တဲ့ ငွေကြေးပံ့ပိုးမှုအစီအစဉ်ပေါ့။ အခုက ကျန်းမာရေးပညာပေးနဲ့ တွဲလုပ်သွားတာဆိုတော့ ကိုယ်ဝန်ဆောင်တွေက ကလေးအတွက်အာဟာရရှိဖို့ စားသုံးလာတယ်ဆိုရင် ဒေသတွင်းမှာရှိတဲ့ မိသားစုတွေအားလုံး အာဟာရဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ဘဝအစ ရက်ပေါင်း ၁၀၀၀ စီမံချက်ကို LIFT ရန်ပုံငွေပံ့ပိုးမှုဖြင့် မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် Save the Children အဖွဲ့မှ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုန်တွင် ၂၀၁၅ ခုနှစ် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

LIFT ရန်ပုံငွေပံ့ပိုးမှုဖြင့် Save the Children အဖွဲ့မှ ရွှေ့ပြောင်းစီမံချက်ကို ရခိုင်ပြည်နယ်တွင် ၂၀၁၄ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး ရွှေ့ပြောင်းစီမံချက် အောင်မြင်မှုကြောင့် အလားတူစီမံချက်များကို မြစ်ဝကျွန်းပေါ်နှင့် အပူပိုင်းဇုန်တို့တွင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ပခုက္ကူမြို့တွင်ပြုလုပ်သည့် မိခင်နှင့်ကလေးများအား ငွေကြေးပံ့ပိုးမှု အစီအစဉ် မိတ်ဆက်အခမ်းအနားတွင် LIFT အဖွဲ့၏ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်ရွက်မှုမှတ်တမ်းနှင့် မိခင်များအားလုံးသို့ ရုပ်ရှင်သရုပ်ဆောင် အိန္ဒြာကျော်ဇင်၏ သတင်းစကားဗီဒီယိုကို ပြသခဲ့ပြီး လူမှုဝန်ထမ်းဦးစီးဌာန၊ Save the Children၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း၊ PATH PGMF၊ MPSWA၊ SPPRG၊ UN-Habitat HelpAge စသည်တို့မှ ဖွင့်လှစ်ထားသည့် အာဟာရဆိုင်ရာပြခန်းများ၊ တစ်ကိုယ်ရေသန့်ရှင်းမှုဆိုင်ရာ ပြခန်းများနှင့် အသိပညာပေးပြခန်းများကို ခင်းကျင်းပြသခဲ့သည်။

(သီသီမင်း)

ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချရေးနှင့် အလုပ်အကိုင်ရရှိရေး အရင်းမပျောက်မတည်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀၀ ကျော် ပုသိမ်မြို့၌ ထုတ်ချေး

ပုသိမ် အောက်တိုဘာ ၈

ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျော့ကျလာပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားစေရန် ရည်ရွယ်၍ ပုသိမ်မြို့၌ အောက်တိုဘာ ၄ ရက်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ၁၁ ယူနစ် ကျေးရွာ ၁၄ ရွာကို အရင်းမပျောက်မတည်လည်ပတ်ရန်ပုံငွေ တစ်ယူနစ်လျှင် ငွေကျပ်သိန်း ၃၀၀ စီဖြင့် ၁၁ ယူနစ်အတွက် ကျပ်သိန်းပေါင်း ၃၃၀၀ ကို ကျေးရွာ ၁၄ ရွာရှိ ပြည်သူ ၁၉၀၉ ဦးထံသို့ မြေပြင်အရောက်ကွင်းဆင်း၍ ကျေးရွာကော်မတီများက ချေးငွေများ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ထိုသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းကြောင့် ကျေးလက်နေပြည်သူများ တစ်အိမ်ထောင်ချင်း၊ တစ်ဦးချင်း ဝင်ငွေများတိုးပွားလာမည်ဖြစ်ရာ စီမံကိန်းတွင်ပါဝင်သော ကျေးလက်နေပြည်သူများလည်း ဝမ်းမြောက်ဂုဏ်ယူလျက်ရှိသည်။ **(ကြေးမုံ)**

ရထားရဲတပ်ဖွဲ့ အမှတ်(၁၄) တပ်ခွဲ အင်းစိန်မှ ဒုရဲမှူးစိုးမိုးလွင်ဦးစီးတပ်ဖွဲ့ဝင်များသည် အင်းစိန်ဘူတာခန်းမဆောင်၌ အောက်တိုဘာ ၇ ရက် နံနက် ၁၁ နာရီတွင် အင်းစိန်ဘူတာ(အထူးတန်း)ရုံပိုင်ကြီး ဦးမင်းမင်းဦး၊ ဈေးကုန်းအရှေ့ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစောလှထွန်းနှင့်အဖွဲ့တို့ ပူးပေါင်း၍ အင်းစိန်ဘူတာရှိ ရထားစီးခရီးသွားပြည်သူများအား ရထားများဖြတ်သန်းမောင်းနှင်ရာတွင် ရထားနှင့် လူ၊ တိရစ္ဆာန်(ကျွဲ၊ နွား)များ တိုက်မိမှုဖြစ်စဉ်များ လျော့နည်းကျဆင်းရေးအတွက် အသိပညာပေးဟောပြောပြီး ရဲတပ်ဖွဲ့ဝင်များက လက်ကမ်းစာစောင်ဖြန့်ဝေခြင်းပေးများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရစဉ်။
ဉာဏ်ဟိန်း (အင်းစိန်)

မြစိမ်းရောင်ကျေးရွာစီမံကိန်း(ငါးကဏ္ဍ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ လွှဲပြောင်းပေးအပ်

ထီးချိုင့် အောက်တိုဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ငါးကဏ္ဍ) အကောင်အထည်ဖော်ရေးလုပ်ငန်း အရင်းမပျောက်လည်ပတ်ငွေလွှဲပြောင်းပေးအပ်ပွဲကို အောက်တိုဘာ ၆ ရက် နံနက် ၁၀ နာရီက မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနရုံး၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မိုးက ကျေးရွာမြစိမ်းရောင် ကြီးကြပ်မှုကော်မတီများအနေဖြင့် ရန်ပုံငွေလျော့ပါးမှုမရှိစေရေး လည်ပတ်ရန်ပုံငွေများ ထုတ်ယူသုံးစွဲခြင်းအပေါ် စာရင်းဇယားများ စနစ်တကျပြုစု၍ ထိန်းသိမ်းဆောင်ရွက်ကြရန် မတည်ရန်ပုံငွေ အရင်းမပျောက်စေရန်အတွက် တာဝန်ယူဆောင်ရွက်ကြရန်၊ စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ရေးဆွဲပြီး ပွင့်လင်းမြင်သာစွာ ထုတ်ချေးပေးနိုင်ရေး၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ရေး၊ လက်စွဲစာစောင်ပါနည်းစနစ်များနှင့်အညီ လိုက်နာဆောင်ရွက်ပြီး ရန်ပုံငွေတိုးပွားရေးအတွက် အလေးထားဆောက်ရွက်သွားရန်၊ ကျေးလက်နေပြည်သူများ ဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်မည့် သရက်မှော်ကျေးရွာသို့ အရင်းမပျောက် လည်ပတ်ရန်ပုံငွေ သိန်း ၃၀၀ ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှူး ဦးသိန်းလင်းအောင်က ပေးအပ်ရာ သရက်မှော်ကျေးရွာ မြစိမ်းရောင် ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်တင့်က လက်ခံရယူသည်။

(ဖွဲ့မာန်-ထီးချိုင့်)

ကျေးလက်နေကလေးငယ်များအား ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့လှူဒါန်း

ပုသိမ် အောက်တိုဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ရေယာဉ်များစနစ်တကျပြေးဆွဲရေးနှင့် ကြီးကြပ်မှုကော်မတီ(ပုသိမ်)၏ စီစဉ်လမ်းညွှန်မှုဖြင့် ငါးသိုင်းချောင်းမြို့နယ် (ရ. စ. က)အဖွဲ့တို့ ပူးပေါင်းကာ ရေကြည်မြို့နယ် ညောင်မှော်ကျေးရွာအုပ်စု ရေလဲကြီး(အနောက်) ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းတွင် ဆင်းရဲနွမ်းပါး ကလေးငယ်များအား ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းပွဲကို အောက်တိုဘာ ၇ ရက် နံနက် ၁၁ နာရီတွင် ကျင်းပသည်။

ရေကြည်မြို့နယ် ညောင်မှော်ကျေးရွာအုပ်စု ရေလဲကြီးကျေးရွာ (အနောက်)တွင် အိမ်ထောင်စုပေါင်း ၁၅၀ ခန့်နေထိုင်ကြပြီး လူဦးရေ ၆၀၀ ကျော် နေထိုင်ကြသည်။ လှူဒါန်းပွဲအခမ်းအနားတွင် တိုင်းဒေသကြီး (ရ. စ. က)အတွင်းရေးမှူး ဦးမင်းသိန်းက (ရ. စ. က)အဖွဲ့ ရေယာဉ်များမှ ကောက်ခံရရှိသည့် ငွေကြေးများဖြင့် ယခုကဲ့သို့ ဆင်းရဲနွမ်းပါးသည့် ကျေးလက်နေပြည်သူများ၏ဘဝများ သာယာစေရေးနှင့် သဘာဝဘေး ရင်ဆိုင်နေကြရသည့် အရပ်ဒေသများသို့ လှူဒါန်းခြင်းများကို အဖွဲ့အနေဖြင့် လုပ်ဆောင်လျက်ရှိကြောင်း ပြောကြားခဲ့သည်။ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မူလတန်းကျောင်း ကျောင်းအုပ် ဆရာမကြီးတို့က ကျေးရွာအနေဖြင့် အလွန်ဆင်းရဲနွမ်းပါးကာ မူလတန်းကျောင်းတွင် သင်ကြားသည့် ဆရာ ဆရာမ လုံလောက်မှုရှိသော်လည်း စာသင်ခန်းနှစ်ခန်းသာရှိသည့်အတွက် (KG) တန်း တက်ရောက်သင်ကြားသည့် ကလေးငယ်များအတွက် ကျောင်းဆောင်သစ်တစ်ဆောင် လိုအပ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

တိုင်းဒေသကြီး (ရ. စ. က)နှင့် ငါးသိုင်းချောင်းမြို့နယ် (ရ. စ. က) အဖွဲ့တို့မှပူးပေါင်းကာ ရေလဲကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် တက်ရောက်ပညာသင်ကြားနေသည့် ကလေးငယ်များအား ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ LED TV၊ ဘက်ထရီနှင့် ဆိုလာပြားများကို ပေးအပ်လှူဒါန်းရာ အမက ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူခဲ့သည်။ စုစုပေါင်း လှူဒါန်းမှုတန်ဖိုးမှာ ငွေကျပ် ၁၀ သိန်းခန့်ရှိပြီး ရေလဲကြီးကျေးရွာ တစ်ဖက်ကမ်းရှိ ခေဇာရာမကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော် ဦးတေဇနိယထံသို့ သွားရောက်ပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **မြင့်ဟန် (ပြန်/ဆက်)**

ခရီးကြမ်းအခက်အခဲကို ကျော်ဖြတ်ပြီး နာဂဒေသကို ဆက်လက်ရှင်သန်စေခဲ့သူ ကျန်းမာရေးမှူး ကိုသန့်ဇင်ဦး

သတင်းဆောင်းပါး - သီသီမင်း၊ မင်းသစ်
ဓာတ်ပုံ - ကိုသန့်

ကျန်းမာရေးမှူးဆိုတာ ဆရာဝန်ရှားပါးတဲ့ ဒေသတွေမှာ ပြည်သူကို ကျန်းမာရေးဝန်ဆောင်မှုပေးတဲ့ ဝန်ထမ်းတွေပါလို့ ဆိုလာသည့် ကိုသန့်ဇင်ဦး။

ငယ်စဉ်ကတည်းက ဆရာဝန်ဖြစ်ချင်ခဲ့ပေမယ့် အမှတ်မမီတဲ့အတွက် ၁၉၉၆ ခုနှစ် တက္ကသိုလ်ဝန်ထမ်းအောင်မြင်ခဲ့တဲ့ အချိန်ကစပြီး ဆေးကုသမှုနဲ့ နီးနွယ်တဲ့ ကျန်းမာရေးတက္ကသိုလ်ကို တက်ရောက်ခဲ့ကာ ၂၀၀၃ ခုနှစ်မှာ ကျန်းမာရေးသိပ္ပံဘွဲ့ရရှိချိန်မှစ၍ ကျန်းမာရေးဝန်ထမ်းအဖြစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့မှာ စတင် တာဝန်ထမ်းဆောင်ခဲ့တယ်လို့ ကိုသန့်ဇင်ဦး က ပြောပါတယ်။

"လဟယ်ကိုတော့ ၂၀၁၆ ဇွန်လလောက်ကမှ တာဝန်ထမ်းဆောင်တာ၊ ဒီမှာက မြို့ပေါ်တွေနဲ့ မတူဘူး၊ ပီတိကလွဲ ဘာမှမရဘူး၊ ရတဲ့ပီတိကလည်း မြို့ပေါ်မှာ ပိုက်ဆံရလို့ ကုပေးလို့ရတဲ့ ပီတိနဲ့လုံးဝကိုမတူဘူး" ဟု လက်ရှိနာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ကာရော်နောက်ညိုကျေးရွာ ကျန်းမာရေးဌာနတွင် ကျန်းမာရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေသည့် ကိုသန့်ဇင်ဦးက ပြောပြပါတယ်၊

သူတာဝန်စတင်ထမ်းဆောင်သည့် လပိုင်းအတွင်း ၂၀၁၆ ခုနှစ် ဇွန်လဆန်းမှာပဲ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ထန်ခေါ်လန်မကျေးရွာတွင် ပြင်းထန်ဝက်သက်ရောဂါ (အဲဒီအချိန်တုန်းက ရောဂါအမည်ရှာမရ) ဟာ ကပ်ရောဂါသဖွယ် ဖြစ်ပွားကာ ရွာသူ ရွာသားနှင့် ကလေးသူငယ်များ နေ့စဉ်သေဆုံးနေခဲ့တဲ့ အချိန်ပါ။

မိမိအပေါ်ပေးအပ်လာသည့် တာဝန်ကို ထမ်းဆောင်ခြင်းဖြစ်သော်လည်း နေ့စဉ် ရက်ဆက်သေဆုံးမှုများရှိနေသည့် ရောဂါကျရောက်မှု အပြင်းထန်ဆုံးဖြစ်နေသော အခြေအနေကို ကိုသန့်ဇင်ဦးတစ်ယောက် အခက်အခဲကြားမှ မိမိတတ်ကျွမ်းသည့် ဆေးပညာရပ်များဖြင့် အစွမ်းကုန် ကုသစောင့်ရှောက်မှုပေးခဲ့ပြန်ပါတယ်။

"ကူးစက်ရောဂါဖြစ်ပြီဆိုတော့ ကူးမှာကို လူတော်တော်များများကြောက်ကြတယ်။ တချို့ အနီးအနားမှာရှိတဲ့ ဝန်ထမ်းတွေက ကူးစက်ရောဂါဖြစ်နေတဲ့ အဲဒီရွာကို မသွားခိုင်းကြဘူး။ ကျွန်တော်ကတော့ ကူးစက်ခံရတယ်ဆိုလည်း ကိုယ့်ကံပဲ၊ ကိုယ့်မိသားစုတွေသာဆို ဘယ်လိုလုပ်မလဲဆိုပြီးသွားခဲ့တယ်"လို့ ကိုသန့်ဇင်ဦးက ပြောပါတယ်။

ထိုစဉ်အချိန်က ကိုသန့်ဇင်ဦးတစ်ယောက် မုံရွာတွင် မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုသင်တန်း တက်ရောက်နေသည့် အချိန်လည်းဖြစ်ပါတယ်။

ထိုသို့ ၎င်းတာဝန်ကျရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းတွင် ကူးစက်ရောဂါဖြစ်ပွားနေပြီး ရွာသူရွာသားများ နေ့စဉ်နဲ့အမျှ သေဆုံးနေသည့်နေရာသို့ သွားရောက်ခဲ့ရသည့် ခရီးကတော့ လွယ်ကူလှသည့် ကိစ္စတော့ မဟုတ်ခဲ့ပါဘူး။ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ရွာသူရွာသားများ၏ ကျန်းမာရေးအသိပညာ အားနည်းမှု၊ ဆက်သွယ်ပြောဆိုသည့် ဘာသာစကားအခက်အခဲ စသည်တို့က ကျန်းမာရေးဝန်ထမ်း ကိုသန့်ဇင်ဦးအတွက် စိန်ခေါ်မှုတွေ ဖြစ်ခဲ့ရပါတယ်။

"ကျွန်တော့်အပိုင်မှာ ကူးစက်ရောဂါဖြစ်တယ်ဆိုတော့ မုံရွာကနေ ခန္တီးကို ချက်ချင်းသွားခဲ့တယ်။ မိုးကလည်းရွာ ရေတွေကလည်းကြီး၊ ရေကြီးရင် ခန္တီးက စက်လှေတွေက ပေးမကူးဘူး။ ကူးစက်ရောဂါဖြစ်နေလို့ပါ၊ အရေးကြီးလို့ပါပြောမှ ပွဲထောင်နဲ့ ပို့ပေးတယ်"လို့ ကိုသန့်ဇင်ဦးကပြောပါတယ်။

ကိုသန့်ဇင်ဦးနဲ့အတူ ဆေးကွန်ပေါင်တာတစ်ယောက် အတူလိုက်ပါခဲ့ပြီး ဒေသဦးစီးက ဆိုင်ကယ် သုံးစီး စီစဉ်ပေးခဲ့တယ်လို့သိရပါတယ်။

လဟယ်မြို့တွင် မိုးများ၍ တောင်ပြိုနေသော်လည်း ကံကောင်းထောက်မစွာဖြင့် ဘက်ဟိုးကားကြီးများဖြင့် မြေညှိထားသည့်အချိန်ဖြစ်၍ ခန္တီးမှ လဟယ်ကို ရောက်ရှိခဲ့ပြီး လမ်းတွင် နှစ်ညအိပ်ပြီးနောက် ရောဂါဖြစ်ရာ ထန်ခေါ်လန်မ ရွာသို့ ခြေကျင်ခရီးဆက်ခဲ့ရတယ်လို့ သူကဆိုပါတယ်။

သူတာဝန်ထမ်းဆောင်ရာ အိန္ဒိယနယ်စပ်အနီးမှာရှိတဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ရောဂါဖြစ်ပြီဆို ကြက်သွေးလိမ်းတယ်၊ ဂါထာမန္တာန်ရွတ်တယ်၊ အစာအာဟာရ အကြောင်းမသိဘူး၊ခြေသည်းလက်သည်းမလှီးဘူး၊ရေမချိုးတဲ့သူရှိတယ်၊ခုတော့ဆေးထိုးဆေးသောက်လုပ်လာတယ်။ နေမကောင်းရင် ကျန်းမာရေးဝန်ထမ်းနဲ့ပြရမယ်ဆိုတာ အခုသိလာပါတယ်လို့ ဒေသရဲ့ ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့တဲ့ အကြောင်းကို ရှင်းပြခဲ့ပါတယ်။

"လမ်းမှာ ဆိုက်ကယ်ပျက်တယ်၊ ချိုထဲ ပစ်ထားခဲ့တယ်။ ကျန်တဲ့ ဆိုင်ကယ်တွေနဲ့ ရိက္ခာတွေ၊ဆေးတွေ တင်ပေးပြီး ကျွန်တော်တို့ နှစ်ယောက် လမ်းလျှောက်ခဲ့တယ်၊"

"ဖွံ့ဖြိုးမှုက တော်တော်နောက်ကျတဲ့ ဒေသဖြစ်တော့၊တောင်ကုန်းတွေ၊ တောင်တွေပေါ်တက်ရတယ်၊ လမ်းကလည်း ဆင်သွားလမ်းလို လမ်းမျိုးတွေ၊ ချောက်ကမ်းပါးတွေနဲ့ဆိုတော့ သူတို့နေရာရောက်ဖို့ အတော်ခက်တယ်"လို့ သူ့အတွေ့အကြုံတွေကို ပြန်ပြောင်းပြောပြခဲ့ပါတယ်။

သက်ဆိုင်ရာဝန်ကြီးဌာနက ကျွမ်းကျင်ဆရာဝန်ကြီးများ၊နယ်မြေခံ ဆရာဝန်များ၊သူနာပြုများ၊တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ရောဂါဖြစ်ပွားနေသည့် ထန်ခေါ်လန်မ နာဂကျေးရွာသို့ ကနဦးသွားရောက်စစ်ဆေးစဉ် ရောဂါအမည်သိရှိရန်သွေးနမူနာများ ဓာတ်ခွဲစမ်းသပ်မှုကို ချက်ချင်းဆောင်ရွက်ပေးနိုင်မှုမရှိသဖြင့် ရောဂါလက္ခဏာများအရ ပြင်းထန်ဝက်သက်ရောဂါဖြစ်နိုင်သည်ဟု ကောက်ချက်ချကာ ရောဂါထိန်းချုပ်နိုင်ရန် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

" နှစ်လလောက် အဲ့ဒီနေရာမှာနေပြီး ရောဂါတွေ ကုပေးခဲ့တယ်။ ရောဂါကိုလည်း ထိန်းချုပ်နိုင်ခဲ့တယ်။ ဘာရောဂါဖြစ်တယ်ဆိုတဲ့ သွေးအဖြေတွေကိုလည်း မိုးထဲလေထဲ ရေခဲပုံးထမ်းပြီး ကျွန်တော်ကိုယ်တိုင်ပို့ဆောင်ပေးခဲ့တယ်။ နောက်ဆုံးတော့ ပြင်းထန်ဝက်သက်ရောဂါဆိုတာ အဖြေထွက်သွားတယ်"လို့ပင်ပင်ပန်းပန်း ဆောင်ရွက်ခဲ့ရသော်လည်း မိမိလုပ်ဆောင်မှုအတွက် ကျေနပ်ပီတိဖြစ်နေတဲ့ ကိုသန့်ဇင်ဦးက ဆိုပါတယ်။

တာဝန်ကျေပွန်အောင် ထမ်းဆောင်နိုင်မှုအပြင် အခက်အခဲများစွာကို စိတ်ရှည်သည်းခံပြီး မေတ္တာ၊ စေတနာ၊ အနစ်နာနှင့် ကိုယ်ချင်းစာတရားတို့ဖြင့် ရောဂါဖြစ်ပွားသည့် ဒေသသို့ အရောက်သွားကာ ရွာသူ၊ ရွာသားများနှင့် ကလေးသူငယ်များ သေဆုံးမှုကို ရပ်တန့်အောင် ထိန်းချုပ်ပေးနိုင်ပြီး ရောဂါပျောက်ကင်းအောင် ကုသပေးနိုင်ခဲ့သည့် ကိုသန့်ဇင်ဦး၏ ကြံ့ကြံ့ခံနိုင်သည့် စိတ်ဓာတ်မှာ ချီးကျူးစရာပင်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံသူ၊ နိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ၊ လူမှုအသင်းအဖွဲ့များမှ လစဉ် ချီးကျူး ဂုဏ်ပြုထိုက်သူကို ရွေးချယ်၍ ကျေးဇူးတင်လွှာ ထုတ်ပြန်ပေးလျက်ရှိရာ ယခုနှစ် ဩဂုတ်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ဦးသန့်ဇင်ဦးတစ်ယောက် ရွေးချယ်ခံခဲ့ရပြီ ဖြစ်ပါတယ်။

ကျန်းမာရေးဝန်ထမ်းဘဝတစ်လျှောက် တာဝန်ထမ်းဆောင်စဉ်ကာလများအတွင်း ကျရာနေရာတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သော်လည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ချီးကျူးဂုဏ်ပြုခြင်းက ၎င်း၏ ဘဝတွင် ပထမဆုံးဖြစ်သည့်အတွက် ဝမ်းသာကြည်နူးနေသည့် ကိုသန့်ဇင်ဦးက အခုလို ချီးကျူးခံရတော့ ပိုပြီးကြိုးစားချင်စိတ်တွေပေါ်လာတယ်၊ နောက်တစ်ခုက နာဂဒေသကလူတွေရဲ့ အသက်ကို ကယ်တင်ပေးခဲ့လို့ တစ်ရွာလုံးကိုယ်စား နာဂခေါင်းဆောင်က ပေးလိုက်တဲ့ခြုံစောင်ကလည်း ဘဝမှာ မမေ့နိုင်စရာ အမှတ်တရအနေနဲ့ဖြစ်နေတော့မှာပါ ဟုဆိုပါတယ်။ ။

မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

၉ - ၁၀ - ၂၀၁၆ (တနင်္ဂနွေနေ့)

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅	Business News
၈း၃၅	၂၀၁၆ ခုနှစ်၊ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ဝင်များ လေ့လာနိုင်ရန် (အဆိုဘာသာ ရပ်) (ခေတ်ဟောင်းတေးနှင့် ကာလပေါ် တေး) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသမီး)
၈း၄၅	ပြည်သူတို့ရဲ့စကားသံများ
၁၀း၀၀	Sunday Talk
၁၀း၃၅	မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၁၁း၃၅	"လူကုန်ကူးမှုတိုက်ဖျက်ရေးအမျိုးသားရေး တာဝန်အဖြစ် ဆောင်ရွက်ပေး"
၁၂း၃၅	This Weeks Special Interest
၁၂း၅၀	ဖြူမည်းရုပ်ရှင် "ချစ်သမျှ" (ဇော်လင်း၊ ခင်ယုမေ၊ချိုပြုံး) (ဒါရိုက်တာ-ဦးသုခ)
၃း၃၅	အောက်တိုဘာလ လပတ်မိုးလေဝသ အစီအစဉ်
၄း၁၅	၂၀၁၆ ခုနှစ်၊ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ရန် (အဆိုဘာသာရပ်) (မဟာဂီတ) [ဝါသနာရှင်(ပထမတန်း)အဆင့်] (အမျိုးသား၊ အမျိုးသမီး)
၄း၃၅	"ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ) "နောက်နှောင်းဆီက ကောက်ကြောင်းဂီတ" (အပိုင်း-၁၇၃)
၅း၁၅	ဂီတတံခါးလေးဖွင့်ပါဦး
၆း၂၀	'KARAOKE World Championships (KWC) Myanmar 2016 (LEVEL-2) (Group-4)
၇း၁၅	"သူ" (အပိုင်း-၂၈) (ပြေဇင်၊ မင်းသူ၊ ရဲမွန်၊ ဖူးစုံ၊သဇင်၊ မှုံနံ့သာ) (ဒါရိုက်တာ-ဘိုသန့်)
၇း၄၀	ဗီယက်နမ်နိုင်ငံ၌ကျင်းပခဲ့သော The Art Festival 2016 တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ ယှဉ်ပြိုင်ကပြမှုများ (အပိုင်း-၄)
၈း၀၀	ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၈း၃၅	"ရှန်းကန်လှုပ်ရှားဘဝများ" (စွန့်စား၍. . .)
၉း၀၀	ပြည်တွင်းသတင်း -တစ်ခါက အနုပညာမှတ်တမ်းများ "ချစ်ခွင့်ပန်ဆိုတေးသံချို -(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ) မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း (ပထမဆု) (ရန်ကုန်တိုင်းဒေသကြီး) (ဒုတိယပိုင်း)

အက်ဒ်မန်ကို အနိုင်ယူပြီး တရုတ်အိုးပင်း အကြိုဗိုလ်လုပွဲသို့ အန်ဒီမာရေး တက်လှမ်း

တရုတ်အိုးပင်း ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဗြိတိန်မှ အန်ဒီမာရေးသည် တစ်နိုင်ငံတည်းသား အက်ဒ်မန်ကို ၇-၆(၁၁-၉)၊ ၆-၂ ဖြင့်အနိုင်ယူ၍ အကြိုဗိုလ်လုပွဲအဆင့်သို့ တက်ရောက်သွားပြီဖြစ်သည်။ အန်ဒီမာရေးမှာ ပထမပွဲငယ်အတွင်းအမှားအယွင်းများသော်လည်း နောက်ပိုင်းတွင် လက်စွမ်းပြန်လည်တည်ငြိမ်မှု ရရှိခဲ့ကာ အမှတ်ပြတ်အနေအထားဖြင့် ပွဲဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။ ထိုသို့အနိုင်ရရှိခဲ့ခြင်းကြောင့် မာရေးမှာ ဗြိတိန်နိုင်ငံသားများနှင့် (၁၁) ကြိမ်တွေ့ဆုံမှုတွင် တစ်ကြိမ်သာ ရှုံးနိမ့်ခဲ့သည့် မှတ်တမ်းကောင်းတစ်ခုကိုပါ ထပ်မံရယူနိုင်ခဲ့သည်။

မာရေးသည် အကြိုဗိုလ်လုပွဲအဆင့်တွင် စပိန်နိုင်ငံသား ဒေးဗစ်ဖာရာနှင့် ရင်ဆိုင်ရတော့မည်ဖြစ်သည်။ အခြားအကြိုဗိုလ်လုပွဲစဉ်တစ်ရပ်တွင် ဘူဂေးလ်ရီးယားမှ ဒီမီထရော့ဗ်နှင့် ဝင်ဘယ်လ်ဒန်အိုးပင်းဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သည့် ကနေဒါနိုင်ငံသား ရာအိုနစ်တို့ တွေ့ဆုံကြမည်ဖြစ်သည်။

ဒီမီထရော့ဗ်မှာ ကွာတားဖိုင်နယ်အဆင့်တွင် ဦးစားပေးအဆင့်(၂) သတ်မှတ်ခံရသူ ရာဖေးလ်နာဒဲလ်ကို ၆-၂၊ ၆-၄ နှစ်ပွဲပြတ်ဖြင့် အနိုင်ယူနိုင်ခဲ့ခြင်းကြောင့် ဒီမီထရော့ဗ်မှာ သူ၏ ပရော်ဖက်ရှင်နယ်သက်တမ်းအတွင်း နာဒဲလ်အား ပထမဦးဆုံးအကြိမ် အနိုင်ယူနိုင်ခဲ့သူဖြစ်လာခဲ့သည်။ ဒီမီထရော့ဗ်အနေဖြင့် ရာအိုနစ်ကိုသာ အကြိုဗိုလ်လုပွဲတွင် အနိုင်ရရှိမည်ဆိုပါက တစ်နှစ်အတွင်း သုံးကြိမ်မြောက် ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်မည်ဖြစ်မည်။ ရာအိုနစ်မှာမူ စပိန်နိုင်ငံသား ဘက်စတာကို ၆-၄၊ ၆-၄ ဖြင့် အနိုင်ယူကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်လာသူ ဖြစ်သည်။

မေလဲ့သင်း-ရေးသားသည်

မန်ယူမှ ထွက်ခွာနိုင်သည်ဟု ဒီပိုင်းသတိပေး

မန်ယူတောင်ပံတိုက်စစ်မှူး ဒီပိုင်းက ၎င်းမှာ အပြည့်ခံကစားသမား သက်သက်မဟုတ်သဖြင့် ရေရှည်တွင် အရန်ခုံ၌သာ အချိန်ကုန်ဆုံးပါက မန်ယူမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း မန်ယူနည်းပြမော်ရင်ဟိုအား သတိပေးမှုပြုခဲ့သည်။ ဒီပိုင်းသည် လွန်ခဲ့သည့် တစ်နှစ်ကျော်ကြာကာလက ပီအက်စ်ဗွီမှ မန်ယူသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး အပျော်အပါးမက်လွန်းသည့်အတွက် စည်းကမ်းပိုင်း သေဝပ်မှုအားနည်းသူဟု မကြာခဏ ဝေဖန်ခံနေရသူဖြစ်သည်။ အစောပိုင်းတွင် မန်ယူ၏ အဓိကကစားသမားအဖြစ် ပွဲထွက်ခွင့်ရခဲ့သော်လည်း အသင်းလေ့ကျင့်ရေးအစီအစဉ်များသို့ နောက်ကျမှရောက်လာတတ်ခြင်း၊ ပါတီပွဲများ၌ အချိန်ကုန်ဆုံးနေတတ်ခြင်းတို့ကြောင့် ခြေစွမ်းပိုင်းပါ ထိခိုက်ခဲ့ကာ နည်းပြဟောင်း ဗန်ဟားလ်ကလည်း နောက်ပိုင်းပွဲစဉ်များတွင် အရန်ကစားသမားအဖြစ်သာ အသုံးပြုခဲ့သည်။

မော်ရင်ဟိုက သတင်းစာရှင်းလင်းပွဲများတွင် ဒီပိုင်းကို ယုံကြည်မှုအပြည့်ရှိကြောင်း ပြောကြားလေ့ရှိသော်လည်း တကယ်တမ်းတွင် ပွဲထွက်လူစာရင်း၌ အသုံးပြုလေ့မရှိသောကြောင့် ဒီပိုင်းက ၎င်းမှာ သူတစ်ပါးအားအမြဲတစေ ပံ့ပိုးပေးနေသည့် အခန်းကဏ္ဍမှသာ ကစားနိုင်သည့် အရည်အချင်းလောက်သာ ရှိသူမဟုတ်ကြောင်းတုံ့ပြန်လိုက်သည်။ ထို့ပြင် ဒီပိုင်းက ၎င်းသည် မိမိဘာဖြစ်ချင်သည်ဆိုသည်ကို မိမိဘာသာ ရှင်းရှင်းလင်းလင်း သိသူဖြစ်သောကြောင့် အရန်ခုံတွင်သာ ဆက်လက် အချိန်ကုန်ခံတော့မည်မဟုတ်ကြောင်း နည်းပြမော်ရင်ဟိုအား သတိပေးခဲ့ခြင်းဖြစ်သည်။

ဂျာနယ်လစ်များ၏ ချစ်ခင်နှစ်သက်မှုကို လိုအပ်နေသည့် ပေါ့ဘာ

ပြင်သစ်လက်ရွေးစင်အသင်းအတွက် ဝင်ရောက်ကစားခဲ့သည့် ပွဲစဉ်တွင် ပြင်သစ်ကွင်းလယ်လူ ပေါ့ဘာ၏ ခြေစွမ်းမှာ ကျဆင်းနေခဲ့သဖြင့် ပြင်သစ်အသင်းဖော် ဂရစ်ဇ်မန်းက ပေါ့ဘာမှာ ဂျာနယ်လစ်များ၏ ချစ်ခင်နှစ်သက်မှုကို အနည်းငယ်ရရှိရန် လိုအပ်နေကြောင်း ရှုမြင်သုံးသပ်သည်။ ဂရစ်ဇ်မန်းက ပေါ့ဘာမှာ ကမ္ဘာ့စံချိန်ရှင် ကစားသမားဖြစ်လာပြီးနောက် မီဒီယာများက ပေါ့ဘာကိုသာ ပို၍အာရုံစိုက် ဝေဖန်မှုပြုခဲ့ရာ ယခုကဲ့သို့သော အကျိုးဆက်များ ရရှိလာခဲ့ခြင်းဖြစ်ကြောင်း ဂရစ်ဇ်မန်းက ယုံကြည်သည်။

"ပေါလ်ဟာ သူဝင်ရောက်ကစားချိန်တိုင်း အကောင်းဆုံး စွမ်းဆောင်ရည်ကို ပြသဖို့ ကြိုးပမ်းအားထုတ်ချင်စိတ် အပြည့်ရှိသူပါ။ ဂျူဗင်တပ်နဲ့ မန်ယူတို့က အနေအထားမတူတာကြောင့် သူဟာ အချိန်တစ်ခု လိုအပ်နေတာ ဖြစ်ပါတယ်။ သူ့အတွက် ဂျာနယ်လစ်တွေရဲ့ ချစ်ခင်နှစ်သက်မှု အနည်းငယ်လိုအပ်တယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါက သူရော၊ ကျွန်တော်ရော၊ အသင်းတစ်ခုလုံးအတွက်ရော လိုအပ်နေတာပါ"ဟု ဂရစ်ဇ်မန်းက ပြောကြားခဲ့ခြင်း ဖြစ်သည်။

ပေါ့ဘာမှာ မန်ယူအတွက် စတင်ဝင်ရောက်ကစားခဲ့သည့် ပွဲစဉ်တွင် ခြေစွမ်းပြနိုင်ခဲ့သော်လည်း မန်စီးတီး၊ ဖီယင်နော့ဒ်အသင်းတို့နှင့် ရင်ဆိုင်ခဲ့ရသည့် ပွဲစဉ်များတွင် ခြေစွမ်းပိုင်း သိသိသာသာ ကျဆင်းနေခဲ့ပြီးနောက် မီဒီယာ စာမျက်နှာများတွင် ပေါ့ဘာ၊ ရွှန်းနီတို့အကြောင်းကသာ အများဆုံး နေရာယူခဲ့သည်။ ပေါ့ဘာမှာ ဂျူဗင်တပ်တွင် ကစားခဲ့သည့်အချိန်၌ ကမ္ဘာ့အကောင်းဆုံး ကွင်းလယ်ကစားသမားတစ်ဦးအဖြစ် အားလုံးက အသိအမှတ်ပြုခဲ့ကြပြီး သူပါဝင်ကစားခဲ့သည့် ပွဲတိုင်းတွင် အဘယ်ကြောင့် ဥရောပကလပ်အသင်းကြီးများက သူ့အား ဈေးကြီးကြီးဖြင့် ခေါ်ယူချင်သည်လဲဆိုသည်ကို သက်သေထူနိုင်ခဲ့သူဖြစ်သည်။

သို့သော် မန်ယူသို့ မရောက်ရှိမီကတည်းက စံချိန်တင်ပြောင်းရွှေ့ကြေး ကစားသမား ဖြစ်နိုင်ခြေများနေသည့် ပေါ့ဘာအကြောင်းမှာ မီဒီယာများ၏ အဓိကပစ်မှတ်ဖြစ်နေခဲ့ပြီး ဖြစ်သည်။ ပေါ့ဘာ အမေရိကန်ပြည်ထောင်စု မိုင်ယာမီကမ်းခြေတွင် အပန်းဖြေနေသည့် ပုံရိပ်များကို အွန်လိုင်းမီဒီယာများက အပြိုင်အဆိုင် ဖော်ပြခဲ့ကြသလို ပေါ့ဘာဘယ်အသင်းကို ရွေးချယ်မလဲဆိုသည်ကို ခန့်မှန်းရေးသားခြင်းဖြင့် မီဒီယာများက နွေဈေးကွက်တစ်ခုလုံးကို အသက်ဝင်စေခဲ့ပြီးဖြစ်သည်။ မန်ယူအသင်း၏ ပွဲစဉ်တိုင်းတွင်လည်း ပေါ့ဘာကိုသာ အာရုံထားရေးသားနေခြင်းကြောင့် မန်ယူအသင်းတွင် ပေါ်လွင်သည့် စွမ်းဆောင်ရည် မပြသနိုင်ခဲ့သလို ယခု ပြင်သစ်အသင်းအတွက် ဝင်ရောက် ကစားခွင့်ရချိန်တွင်လည်း သာမန်စွမ်းဆောင်ရည်အောက် ကျရောက်သွားခြင်း ဖြစ်သည်။

ပေါ်တူဂီအသင်းအတွက် သွင်းဂိုးလေးဂိုးနဲ့အတူ ပြန်လာတဲ့ စီရိုနယ်လ်ဒို

ပေါ်တူဂီစတား စီရိုနယ်လ်ဒိုက အန်ဒိုရာအသင်းကို ခြောက်ဂိုးပြတ်နဲ့ အနိုင်ယူခဲ့တဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ တစ်ဦးတည်း လေးဂိုးသွင်းကာ ပေါ်တူဂီအတွက် အကောင်းဆုံး ပုံစံနဲ့ ပြန်လာခဲ့ပါတယ်။ စီရိုနယ်လ်ဒိုက ပြီးခဲ့တဲ့ ယူရို၂၀၁၆ ဗိုလ်လုပွဲစဉ်အတွင်း ဒဏ်ရာပြဿနာကြုံတွေ့ခဲ့ရပြီးနောက်ပိုင်း နှစ်လကျော်လောက်အနားယူနေရသူဖြစ်ပြီး ဆွစ်ဇာလန်ကိုနှစ်ဂိုးပြတ်နဲ့ အရေးနိမ့်ခဲ့တဲ့ ပွဲစဉ်မှာလည်း ပေါ်တူဂီအသင်းအတွက် ဝင်ရောက်ကစားပေးနိုင်ခြင်း မရှိခဲ့ပါဘူး။

စီရိုနယ်လ်ဒိုဟာ ယခုနှစ်ဘောလုံးရာသီအစမှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် အကောင်းဆုံး စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းမရှိပေမယ့် အခု အန်ဒိုရာနဲ့ ပွဲစဉ်မှာတော့ ပွဲအစ လေးမိနစ်အတွင်းနှစ်ဂိုးသွင်းပြီး ခြေစွမ်းပြသနိုင်ခဲ့ပါတယ်။ သူဟာ ပွဲချိန် ၄၇ မိနစ်မှာတော့ သူ့ရဲ့ ပရော်ဖက်ရှင်နယ် သက်တမ်းတစ်လျှောက် ၄၂ ကြိမ်မြောက် ဟက်ထရစ်ဂိုး (တစ်ပွဲတည်း သုံးဂိုး) အဖြစ်လည်းကောင်း၊ ပေါ်တူဂီအသင်းအတွက် ၆၅ ဂိုးမြောက် နိုင်ငံတကာ သွင်းဂိုးအဖြစ်လည်းကောင်း သွင်းဂိုးတစ်ဂိုးထပ်မံသွင်းယူခဲ့ပါတယ်။ ပေါ်တူဂီအသင်းဟာ ယူရိုပြိုင်ပွဲမှာ ဗိုလ်စွဲဖို့ ရေပန်းစားခဲ့တဲ့ အိမ်ရှင်ပြင်သစ်ကို ဗိုလ်လုပွဲမှာ အနိုင်ကစားနိုင်ခဲ့ပေမယ့် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်မှာတော့ ဆွစ်ဇာလန်ကို အရေးနိမ့်ခဲ့တာကြောင့် နည်းပြဆန်းတို့စ်အပေါ် ဖိအားတွေကျရောက်ခဲ့ပါသေးတယ်။ ဒါပေမယ့် စီရိုနယ်လ်ဒိုက လက်ကျန်ခြေစစ်ပွဲရှစ်ပွဲစလုံးကို အနိုင်ယူပြီး ကမ္ဘာ့ဖလားပြိုင်ပွဲဆီ အရောက်ချီတက်မယ်လို့ ဆိုခဲ့ပါတယ်။



လေးစားမှုကင်းမဲ့သည့် တိုက်စစ်မှူး ပယ်လီ အီတလီသို့ ပြန်ပို့ခံရ

အီတလီတိုက်စစ်မှူး ပယ်လီသည် အီတလီနည်းပြ ဗန်တူရာအား လက်ဆွဲနှုတ်ဆက်ရန် ငြင်းပယ်ခဲ့သည့်အတွက် တနင်္ဂနွေနေ့ မက်ဆီဒိုးနီးယားအသင်းနှင့် ယှဉ်ပြိုင်မည့် အီတလီအသင်း၏ကမ္ဘာ့ဖလားခြေစစ်ပွဲ လူစာရင်းမှ ထုတ်ပယ်ကာ မွေးရပ်မြေ အီတလီနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခံခဲ့ရကြောင်း သိရသည်။ အီတလီနှင့် စပိန်တို့ ယှဉ်ပြိုင်ခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် နည်းပြ ဗန်တူရာသည် ပယ်လီကို အင်မိုဘိုနှင့် လူစားလဲခဲ့သည့်အတွက် ပယ်လီက ဒေါသထွက်ကာ နည်းပြဗန်တူရာ ကမ်းထားသည့်လက်ကို မသိကျိုးကျွန်ပြုခဲ့ခြင်းဖြစ်သည်။

အီတလီလက်ရွေးစင်အသင်း၏ ထုတ်ပြန်ချက်အရ "လက်ရွေးစင်အသင်းမှာ အစိတ်အပိုင်းအဖြစ် ပါဝင်ခွင့်ရသူတိုင်းသည် အသင်းရှိဝန်ထမ်းများ၊ အသင်းဖော်များ၊ ပရိသတ်များ အားလုံးကို လေးစားပေးရန် တာဝန်ရှိသည်။ ပယ်လီ၏ လေးစားမှုမရှိသည့် အပြုအမူအတွက် အသင်းလူစာရင်းမှ ချန်လှပ်ရန် အီတလီနည်းပြနှင့် အီတလီဘောလုံးအဖွဲ့ချုပ်တို့ ပူးတွဲကာ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အီတလီ၏ အဇူရီဂျာစီကို ဝတ်ဆင်ခွင့်ရသည့် ကစားသမားများအားလုံးမှာ မိမိတို့၏တန်ဖိုးနှင့် သဘောထားအမြင်များ အားလုံးကို ညီတူညီမျှ ဖလှယ်ကြရမည်"ဟု ဖော်ပြပါရှိသည်။

ပယ်လီသည် ယူရို-၂၀၁၆ ပြိုင်ပွဲအပြီးတွင် ပရီမီယာလိဂ်ကလပ် ဆောက်သမ်တန်မှ တရုတ်စူပါလိဂ် ရှန်ဒေါင်းအသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းကြောင့် ကမ္ဘာ့ပဥ္စမမြောက် ဈေးအကြီးဆုံးကစားသမားလည်း ဖြစ်လာခဲ့သည်။ နည်းပြ ဗန်တူရာက ပရီမီယာလိဂ်နှင့် စူပါလိဂ်မှာ အနေအထားကွာခြားသဖြင့် စူပါလိဂ်ကို ပြောင်းရွှေ့သွားသည့် ပယ်လီလက်ရွေးစင်အသင်းမှ ချန်လှပ်ခံရနိုင်ကြောင်း အဆိုပါအချိန်က သတိပေးစကား ဆိုခဲ့သော်လည်း တကယ်တမ်းတွင် ယင်းသို့ ဆောင်ရွက်ခဲ့ခြင်းမရှိခဲ့သည်ကို တွေ့ရသည်။

နည်းပြ ဗန်တူရာက ပယ်လီအနေဖြင့် ပွဲချိန်အတွင်းပြသခဲ့သည့် စွမ်းဆောင်ရည်ကြောင့် လူစားလဲခံရခြင်းဖြစ်ရာ ယင်းကိစ္စရပ်အတွက် စိတ်ဆိုးစရာ မလိုကြောင်း ပွဲအပြီးသတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။ ပယ်လီက သူ၏အပြုအမူအတွက် နောင်တရမိကြောင်းနှင့် နည်းပြအပါအဝင် အသင်းဖော်များကိုလည်း တောင်းပန်ပါကြောင်း သူ၏အင်စတာဂရမ်စာမျက်နှာပေါ်မှတစ်ဆင့် ရေးသားဖော်ပြခဲ့သည်။ အီတလီအသင်းခေါင်းဆောင် ဘတ်ဖွန်က ပယ်လီ၏ ယခုကဲ့သို့ တရားဝင်တောင်းပန်မှုပြုခြင်းကို ကြိုဆိုခဲ့ပြီး ယခုကဲ့သို့ နောက်တစ်ကြိမ် ထပ်မံလုပ်ဆောင်တော့မည်မဟုတ်ဟု ယုံကြည်ကြောင်း ဆိုလိုက်သည်။

ရန်ကုန်-မန္တလေးအမြန်လမ်းတွင်၅-၄-၂၀၁၅ရက်နေ့ညပိုင်း၌ ဖြစ်ပွားခဲ့သော ယာဉ်တိမ်းမှောက်မှုနှင့်စပ်လျဉ်း၍ ရွှေစင်စကြာယာဉ်လိုင်းမှ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ နို့တစ်စာပေးပို့ခဲ့ခြင်းအပေါ် တောင်းပန်ရှင်းလင်းခြင်း

၁။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၁၂၀)အနီးတွင် ၅-၄-၂၀၁၅ရက်နေ့ ၂၃း၃၀နာရီခန့်အချိန်၌ ရွှေစကြာယာဉ်လိုင်းမှ အမြန်ယာဉ်တစ်စီး ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ၆-၄-၂၀၁၅ရက်တွင် Sky Net in house Channels ဖြစ်သည့် mntv channel မှ ရွှေစကြာ ယာဉ်လိုင်းအစား "ရွှေစင်စကြာ"ယာဉ်လိုင်းဟု Local News နှင့် Crawler တို့ဖြင့် ထုတ်လွှင့်ခဲ့ပါသည်။

၂။ ထိုသို့ မှားယွင်းထုတ်လွှင့်မိခြင်းအတွက် ရွှေစင်စကြာကုမ္ပဏီလီမိတက်က ၂၄-၄-၂၀၁၅ရက်ထုတ် The Daily Eleven သတင်းစာ၏ ကြော်ငြာကဏ္ဍတွင် တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၆၂) ဦးနေလ အမည်ဖြင့် "Sky Net in house channels, Myanmar National TV၏ ရွှေ့လျားစာတန်းထိုး မမှန်သတင်းထုတ်လွှင့်ခြင်းအတွက် တာဝန်ရှိသောဌာနအဖွဲ့အစည်း ကုမ္ပဏီများဖြစ်ကြသည့် Sky Net, Shwe Than Lwin Media Co.,Ltd, MRTV-4, မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV), 4Digital တို့အပေါ် အထွေထွေနစ်နာမှုလျော်ကြေးတောင်းခံခြင်း"ခေါင်းစဉ်ဖြင့် နို့တစ်စာတစ်စောင်ကို မျက်နှာပြည့်ကြော်ငြာ ဖော်ပြခဲ့သည့်အပြင် ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ပြည်လမ်း)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု လိပ်မူလျက် နို့တစ်စာထပ်မံပေးပို့ခဲ့ပြီး အဆိုပါနစ်နာမှုအတွက် နှစ်လအတွင်း လျော်ကြေးငွေပေးအပ်ရန်နှင့် ပျက်ကွက်ပါက တရားစွဲဆိုတောင်းခံသွားမည်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။

၃။ ဖြစ်စဉ်အား စိစစ်ချက်အရ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)သည် အဆိုပါ ယာဉ်တိုက်မှုဖြစ်စဉ်နှင့် ပတ်သက်၍ ဌာနမှ တာဝန်ယူထုတ်လွှင့်လျက်ရှိသည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)၏ ရုပ်သံလိုင်းများတွင် ယင်းယာဉ်တိုက်မှု သတင်းအား လုံး၀(လုံး၀) ထုတ်လွှင့်ခဲ့ခြင်း မရှိဘဲ မိမိတို့ကုမ္ပဏီမှ ပုဂ္ဂလိက သတင်းစာ၌ မှားယွင်းဖော်ပြခဲ့ခြင်း၊ နို့တစ်စာပေးပို့ခဲ့ခြင်းတို့ကြောင့် ဌာန၏ ဂုဏ်သိက္ခာညှိုးနွမ်းစေခဲ့မှုအပေါ် ရွှေစင်စကြာကုမ္ပဏီလီမိတက်မှ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)အား အနူးအညွတ် တောင်းပန်အပ်ပါသည်။

ရွှေစင်စကြာကုမ္ပဏီလီမိတက်

(၁) "မှော်ဘီကားလမ်းမကြီးဘေး၊ အချက်အချာကျနေရာကောင်းတွင်ရှိသော မြေကျယ်ကျယ် ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်"

မှော်ဘီမြို့နယ်၊ အစိုးရအုတ်စက်ရုံအနီး၊ မြို့ကျောင်းလမ်းမကြီးဘေး၊ မြေအကျယ်(၂၈)ဧက၊ ဘုန်းကြီးကျောင်း မြေကျယ်ကျယ်စုပေါင်း ဝယ်ယူလျှုဒါန်းလိုသူများနှင့် တရားရိပ်သာဖွင့်လိုသူများအတွက် ဈေးလျှော့ပေးမည်။ စိုက်ပျိုးရေး၊ အုတ်စက်ရုံ၊ အထည်ချုပ်စက်ရုံ လုပ်ကိုင်လိုသူများ အထူးအဆင်ပြေသည်။ မဟာဓာတ်အားလိုင်းနှင့်နီးသည်။ ရေကောင်းသည်။ မီးပါသည်။ စိန်တလုံးသရက်ပင်၊ ကီလိုမာလကာပင်၊ သံပရာပင်များ စိုက်ပျိုးထားသည်။ မြေပြင်ညီသည်။ ခြံမျက်နှာ၀ကျယ်သည်။ ကားလမ်းမကြီးဘေး၊ သွားရေးလာရေးလွယ်ကူသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းသည်။ **ကျပ်သိန်း(9000)**

(၂) သီတင်းကျွတ် မင်္ဂလာမောင်နှံများအတွက် နှစ်ထပ်လုံးချင်းတိုက်သစ် ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်။

ရန်ကုန်တွင် မိသားစုများများနှင့်တစုတဝေးတည်း နေထိုင်လိုသူများအတွက် အခန်းများများနှင့်လုံးချင်း(၂)ထပ် တိုက်ကျယ်ကျယ်၊ မြေအကျယ်(90'x70')၊ အိမ်အကျယ်(2510sqft)၊ လူလုံး၀မနေထိုင်ရသေးပါ၊ Master Bedroom(7) ခန်း၊ ရိုးရိုးအိပ်ခန်း(2)ခန်း၊ ဘုရားခန်း၊ ဧည့်ခန်းကျယ်(2)ခန်း၊ TV ကြည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုချောင်၊ ဆင်ဝင်ဝရန်တာပါ၊ ကား(2)စီးဆံ့ကားဂိုဒေါင်၊ အလုပ်သမားမိသားစုနေထိုင်ရန် Master bedroom (1)ခန်းပါ၊ Aircon (11)လုံး၊ ခန်းဆီးလိုက်ကာတပ်ဆင်ပြီး၊ ကြိုးမဲ့ CCTV ၊ ခြံထဲတွင်နားနေရန် ဘန်ဂလို(1)လုံးပါ၊ အိမ်ထောင် ပရိဘောဂအပြည့်အစုံထည့်ပေးမည်၊ ခြံပတ်ပတ်လည် ဘရိတ်ခဲဆူးကြိုးကာပြီး၊ မြက်ခင်းပြင် အလှပန်းပင်များ စိုက်ပြီး၊ ခြံထဲတွင် ကား(6)စီးရပ်ထားနိုင်ပါသည်။ အဆင့်မြင့်ပြင်ဆင်ပြီးတိုက်သစ်။ **ကျပ်သိန်း(4000)**

အကျိုးဆောင်လက်ခံသည်။

ဆက်သွယ်ရန်ဖုန်း - 09-5178979, 09-420301091, 09-43022828, 09-250165519, 09-43292929, 09-260426326

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ကန်လမ်း၊ ဦးမောင်မောင်ခြံလမ်းသွယ်၊ အမှတ်-၆၈/၁၃ ဟုခေါ်တွင်သည့်(၄)ခန်းတွဲ (၈) ထပ်ခွဲအဆောက်အဦ၏ပဉ္စမ အလွှာရှိ တိုက်ခန်းအမှတ်(၅၀၄) တိုက်ခန်းနှင့်စပ်လျဉ်း၍ကန့်ကွက်နိုင်ပါကြောင်း

အထက်ပါ တိုက်ခန်းကို ပိုင်ရှင်ဟု အဆိုပြုသူ ဒေါ်လှလှရီ[၁၄/ဖပန (နိုင်)၀၂၃၄၃၆]ထံမှ ၀ယ်ယူသူ ဦးမြင့်ဇော် [၁၂/မရက(နိုင်)၀၆၂၃၈၈]က ၀ယ်ယူရန် စရန်ငွေတစ်စိတ်တစ်ပိုင်းအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအ၀ယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအ၀ယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှ၀ေ(စဉ်-၇၁၂၄) ဒေါ်ဖြိုးဖြိုးမြင့်(စဉ်-၂၉၈၁၂)
ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ(စဉ်-၈၇၉၁) ဒေါ်ဝေဖြိုးအောင်(စဉ်-၄၄၀၀၃)
တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေများ
အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်။
ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၃၂၀၃၂၆၀၊ ၀၉ ၇၃၁၀၅၄၃၄၊ ၀၉ ၄၃၁၁၅၄၃၂

သင်္ချာကျော်ဖိုးနီ M.Sc. (Maths). Final.
၈၊ ၉၊ ၁၀တန်း ဘာသာစုံ(၅)လပြတ် ပိုင်းနှင့် ဘော်ဒါ
ရိုးရိုးပိုင်း-၆၀၀၀၀ိ/- အထူးပိုင်း(သင်၊ ကျက်၊ စစ်)-၁၀၀၀၀၀ိ/-
ဘော်ဒါ(နေ့စားသင်ကျက်စစ်)(၁၅)သိန်း (၇-၁၀-၂၀၁၆)စမည်
မဟာကျော် နှဲရဲအုပ်(ဌာနတွင်း) (ကျူးမ)ဝင်ခွင့်
အဝေးသင် ဇီ၀ရွာအနီးကပ် (၈-၁၀-၂၀၁၆)စမည်
မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာ တက္ကသိုလ် (MIIT) ဝင်ခွင့် (၁၀-၁၀-၂၀၁၆)စမည်
အမှတ်-၃၅၃၃ဒုတိယမဟာဗန္ဓုလလမ်း(ဆိပ်ကမ်းသာလမ်းနှင့်ဥဒုလမ်းကြား)
Ph:09-250359833, 09-253034191, 09-263451177

"အမှုတ်ဆုံးခြင်း"
DECO - TECH SERVICES CO., LTD. ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် အမှတ်- ၃၈၅၇ / ၂၀၁၂-၂၀၁၃ ရက်စွဲ (၂၈-၁၂-၂၀၁၂) ထုတ်ပြန်မှုရင်း မှာ (၂၉-၉-၂၀၁၆)ရက်နေ့ နံနက်(၁၀း၀၀) နာရီခန့်တွင်ပျောက်ဆုံး၍ တွေ့ရှိကပေးပို့ပါရန်။
Ph: 203023.

ပြင်ဆင်ဖတ်ရှုပါရန်
၁၇-၉-၂၀၁၆ ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ(၁၁)ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်(၁၅)ပေါ်ပေါ်(ခ)တွင်တွင် ဦး...ဦးမောင်သိန်း ... မြေကွက်အမှတ်(၈၈၀/ခ)နှင့်မြေကွက်...(၈၈၀/ခ)(၁၀)ရပ်ကွက်... ဟုအမှန်ဖတ်ရှုပါရန်။

အများသိစေရန် ကြေညာချက်
မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၂၃၃)၊ ကံကော်ရိပ်သာ(၁)လမ်း၊ အမှတ်(၂၃၃)တွင် (၂၅)ထပ်တိုက်နှင့် (၃)ထပ်တိုက် (Service Apartment)အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် ဦးရဲမင်း (၁၂/ကမရ(နိုင်) ၀၅၈၅၇၉)မှ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ မြေချပေးစာ အမည်ပေါက် ဓောကာကုမ္ပဏီလီမိတက်ထံမှ မြေကွက်အပြီးအပိုင်ရောင်းချသည့် အရပ်ကတိစာချုပ်ဖြင့် တင်ပြလျှောက်ထားလာခြင်းအား ကန့်ကွက်ရန်ရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်အတူ ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။
အင်ဂျင်နီယာဌာန(အဆောက်အအုံ)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

သတ်မှတ်စည်းကမ်းများ မလိုက်နာသောကြောင့် ကနီမြို့နယ်အတွင်းရှိ ပျားပုံးများ ပြောင်းရွှေ့ပေးရမည်

ကနီ အောက်တိုဘာ ၈
စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးရုံးခန်း၌ အောက်တိုဘာ ၃ ရက် မွန်းလွဲ ၂ နာရီက ပျားလုပ်ငန်းရှင်များနှင့် အစည်းအဝေးပြုလုပ်ပြီး ကနီမြို့နယ်အတွင်းရှိ ပျားပုံးများကို အောက်တိုဘာ ၂၅ ရက်တွင် အပြီးပြောင်းရွှေ့ပေးရန်ဆုံးဖြတ်ခဲ့ကြောင်း ဝန်ကြီးဦးကမ်ဇာမုံထံမှ သိရသည်။

"တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးက ပျားပုံးတွေချထားရာမှာ လူသွားလမ်းကို မျက်နှာမူမချထားဖို့၊ လူသွားလမ်းနဲ့ ကိုက် ၁၀၀ အကွာမှာ ချထားဖို့ တစ်နေရာနဲ့ တစ်နေရာ ကိုက် ၃၀၀ ခွာချဖို့၊ တစ်နေရာတည်းမှာ ပျားပုံး ၁၀၀ ထက်ပိုမချဖို့တွေကို ဒေသခံတွေနဲ့ ညှိနှိုင်းပြီး နှစ်ဖက်အဆင်ပြေစေဖို့ စာထုတ်အသိပေး ညွှန်ကြားထားပြီး ဖြစ်ပါတယ်။

"ဒါ့အပြင် ပျားများကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးခြင်းမရှိဘဲ ပျားနဲ့ဝတ်မှုန်ကူးခြင်းဖြင့် သီးနှံများ ပိုမိုအောင်မြင်စေကာ ပိုမိုအထွက်တိုးစေတဲ့ အကျိုးကျေးဇူးတွေ ရရှိကြောင်း တောင်သူတွေ နားလည်သဘောပေါက်အောင်ရှင်းပြဖို့ ပျားပုံးချသူတွေကို ညွှန်ကြားထားပြီးသားဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ပျားလုပ်ငန်းဦးစီးမှူး ဦးမျိုးတင့်က ပြောပြသည်။

နယ်ခံတောင်သူအများစုအနေဖြင့် ပျားပုံးများ စိုက်ခင်းအနီး လာရောက်ချထားလျှင် ဝတ်မှုန်ကူးခြင်းကြောင့် အပင်ဖြစ်ထွန်းသည်ကို လက်ခံကြသော်လည်း သတ်မှတ်ပမာဏထက် လွန်ကဲစွာချထားခြင်းကြောင့် ပျားအုပ်စုလိုက်တုပ်သောဒဏ်ကို လူနှင့် တိရစ္ဆာန်များခံစားနေကြရပြီး ပျားလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားချက်များကို ပျားလုပ်ငန်းရှင်အများစုမှာ လိုက်နာမှုမရှိကြသည်ကို တွေ့ရကြောင်း ကနီမြို့နယ် အမှတ် (၂) စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း၏ ပြောကြားချက်အရ သိရသည်။

"ပျားတုပ်တာကြောင့် မြင်းတစ်ကောင်သေသွားတာ လတ်တလောမှာပဲဖြစ်ခဲ့တာ ငွေကျပ် ၆၀၀၀၀၀ ပျားသမားကလျော်လိုက်ရတာဖြစ်ခဲ့သလို နွားမတစ်ကောင် ပျားတုပ်လို့ မျက်စိတစ်ဖက် ကန်းသွားတဲ့အတွက် ငွေကျပ် ၁၅၀၀၀ လျော်လိုက်ရပါသေးတယ်။ မုဋ္ဌောရွာ အနောက်တောတိုက်က တောင်သူတစ်ဦး ပျားတုပ်လို့ မျက်စိကွယ်ခဲ့ရသလို တစ်ရွာက အမျိုးသမီးတစ်ဦးလည်း မျက်စိကွယ်ခဲ့တဲ့အတွက် ဆေးကုရာမှာ အထောက်အကူဖြစ်စေဖို့နဲ့ အခြားအတွက် ပျားလုပ်ငန်းရှင်တွေစုပြီးအလှူငွေထည့်ပေးကြပါ တောင်းဆိုတာ လက်မခံကြပါဘူး။ ကနီမြို့နယ် မုံရွာ-ယာကြီးလမ်းပေါ်က ဘန့်ဘွေးရွာလောက်ရောက်ရင်ကို လမ်းမပေါ်မှာ စည်းကမ်းမရှိ တင်ချင်သလိုတင်ထားတဲ့ ပျားပုံးတွေကို စတွေ့ရမှာဖြစ်ပါတယ်"ဟု ဦးထွန်းထွန်းဝင်းက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်၊ ယင်းမာပင်မြို့နယ်နှင့် ဘုတလင်မြို့နယ်တို့တွင် ပျားပုံးတစ်ပုံးလျှင် ပျားကောင်ရေ ၁၀၀၀၀ ပါဝင်သော ပျားပုံးပေါင်း ၁၃၄၀၀၀ ခန့်ရှိပြီး ဆီးပင်နှင့် သဘာဝပေါက်ပင် ပေါများသော ကနီမြို့နယ်တွင် ပျားပုံးပေါင်း ၇၀၀၀၀ ကျော်၊ ၈၀၀၀၀ ခန့်ကို မြန်မာနိုင်ငံအရပ်ရပ်သို့ လှည့်လည်မွေးမြူနေသော ပျားလုပ်ငန်းလုပ်ကိုင်သူ ၅၀၀ ဦးခန့်က လာရောက်ချထား မွေးမြူနေကြခြင်းဖြစ်ကြောင်း သိရသည်။

ကနီမြို့နယ် ကျေးရွာအုပ်စု ကိုးစုတွင်ရှိသော ကျေးရွာ ၃၀ ရှိ ဆီးစိုက်တောင်သူများ၏ စိုက်ခင်းများအတွင်း လာရောက်ချထား မွေးမြူရာတွင် ပျား ၁၀၀၀၀ ပါသော ပျားတစ်ပုံးလျှင် တစ်ဧကကိုသာချထားရန် ညွှန်ကြားထားသော်လည်း တစ်နေရာလျှင် ပျားပုံး ၁၀၀ နီးပါးကို ကပ်၍ချထားကြရာ တောင်သူများအနေဖြင့် သတ်မှတ်ထားသည့်အတိုင်းမဟုတ်ဘဲ ပေ ၅၀ အကွာ ပျားတစ်ပုံးချရန် တောင်းဆိုကြသော်လည်း လိုက်နာမှုမရှိဘဲ ညွှန်ကြားချက်ကို မျက်ကွယ်ပြု ဆောင်ရွက်နေကြကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ခရီးသွားဧည့်သည်ဝင်ရောက်မှုများချိန် အင်းဝဒေသမှ မြင်းလှည်းသမားများအဆင်ပြေ

အင်းဝ အောက်တိုဘာ ၈
မြန်မာနိုင်ငံတွင် နိုင်ငံတကာခရီးသွားဧည့်သည်များ အများဆုံးဝင်ရောက်သည့်လများမှာ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာဆိုသည့် ဘာလေးဘာဟု အတိုကောက်မှတ်ထားလေ့ရှိသည်။ လက်ရှိကာလ အောက်တိုဘာလဆန်းပိုင်းမှစကာ အင်းဝဒေသသို့ ခရီးသွားဧည့်သည် အများအပြား လာရောက်လည်ပတ်လျက်ရှိသည်။

အင်းဝဒေသတွင် နိုင်ငံခြားသားခရီးသွား ဧည့်သည်များ သွားရောက်လည်ပတ်နိုင်ရန် အိုးတုတ္တာန်းတွင် မြင်းလှည်းများထိုးထားကြသည်။ အောက်တိုဘာလဆန်းပိုင်းမှစကာ ခရီးသွားဧည့်သည် အဝင်များလာသည့်အတွက် မြင်းလှည်းဆရာများ အဆင်ပြေလျက်ရှိသည်။ မြင်းလှည်းများ ခရီးသွားဧည့်သည်ပို့ဆောင်ရာတွင် မြင်းလှည်းတစ်စီးလျှင် ဧည့်သည်နှစ်ယောက်နှုန်းတင်ဆောင်ပြီး ဧည့်လမ်းညွှန်ပါပါက ဧည့်လမ်းညွှန်ကို အခမဲ့တင်ဆောင်ပေးကြရသည်။ ဧည့်သည်တစ်ဦးလျှင် မြင်းလှည်းခ ငွေကျပ် ၅၀၀၀ ယူကြောင်း သိရသည်။

မြင်းလှည်းဆရာများ အခေါ်အဝေါ် ဆိုက်စည်းအရ ဧည့်သည်များကို နေရာလေးနေရာ ပို့ပေးရသည်။ လက်ရှိကာလဒေသအခေါ် ခရုပတ်တွင်ပင် မြင်းလှည်း ၂၀၀ ခန့် ဂိတ်ထိုးထားသည်။ မြင်းလှည်းတစ်စီးလျှင် တစ်ခေါက်ထွက်ရပါက ငွေကျပ် ၁၀၀၀၀ နေ့တွက်ရရှိသည်။ နှစ်ခေါက်ထွက်ရပါက ငွေကျပ် ၂၀၀၀၀ ရရှိသည်။

လက်ရှိကာလ အောက်တိုဘာလတွင် အင်းဝမြို့ဟောင်းသို့ နိုင်ငံတကာခရီးသွား ဧည့်သည်အများအပြား ဝင်ရောက်လာသည့်အတွက် မြင်းလှည်းဆရာများ တွက်ခြေကိုက်ကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

တိမ်တမန်

မုံရွာမြို့နယ် မုံရွေးကြေးမုံ အ-ထ-က တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းထုတ်ပေး

မုံရွာ အောက်တိုဘာ ၈
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်သူများလက်ဝယ်အရောက် ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၅ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ် မုံရွေးကြေးမုံ အ-ထ-ကကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား အသက် ၁၀ နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ရာသို့ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းတို့က လာရောက်ကြည့်ရှုအားပေးခဲ့ပြီး တိုင်းဒေသကြီးဦးစီးမှူးက နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ပတ်သက်သည့် သိကောင်းစရာများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ ကျောင်းစာကြည့်တိုက်အတွက် သန်းခေါင်စာရင်းစာအုပ်များ ပေးအပ်ကာ ကျောင်းသား၊ ကျောင်းသူ ၁၃၃ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ လက်ဝယ်အရောက် ထုတ်ပေးခဲ့ကြောင်း သိရသည်။

ဖိုးချမ်း(မုံရွာ)

သာစည်မြို့နယ် ကျေးလက်ဦးစီးဌာနက မုန်တောကျေးရွာတွင် စက်ရေတွင်းတူးဖော်ပေး

သာစည် အောက်တိုဘာ ၈
သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် နွေရာသီ ရေရှားပါးမှုမရှိစေရေး၊ ကျေးလက်လူထု သန့်ရှင်းသော သောက်သုံးရေ ရရှိသုံးစွဲနိုင်ရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် စက်ရေတွင်းများကို တူးဖော်ပေးလျက်ရှိသည်။

ထိုသို့တူးဖော်ပေးသည့် စက်ရေတွင်းများအနက် မုံတောကျေးရွာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ အစီအစဉ်ဖြင့် ပန်းရွှေဝါကုမ္ပဏီက တာဝန်ယူ၍ စက်ရေတွင်းတစ်တွင်းကို တူးဖော်ခဲ့ရာ ရေချိုများထွက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါစက်ရေတွင်းမှာ အနက်ပေ ၅၀၀ ရှိပြီး တစ်နာရီလျှင် ရေချိုဂါလန် ၁၅၀၀ ထွက်ရှိသည်။ မုံတောကျေးရွာသည် သာစည်မြို့ အရှေ့မြောက်ဘက်တွင် တည်ရှိပြီး အိမ်ခြေ ၁၉၆ အိမ်၊ လူဦးရေ ၉၇၂ ဦးရှိ၍ အများစုမှာ မွေးမြူရေး၊ စိုက်ပျိုးရေး လုပ်ငန်းများကို လုပ်ကိုင်ကြသည်။

ယခင်က မုန်တောကျေးရွာတွင် သောက်သုံးရေရှားပါးမှုကို ကြုံတွေ့နေပြီး ယခုအခါ ကျေးလက်ဦးစီးဌာန၏ စက်ရေတွင်း တူးဖော်ပေးမှုကြောင့် ရေချိုများ ရရှိသုံးစွဲနေရပြီဖြစ်၍ ဒေသခံကျေးလက်ပြည်သူများ ဝမ်းသာပီတိ ပျော်ရွှင်မဆုံးရှိနေကြကြောင်း သိရသည်။

မောင်ကို(သာစည်)

မြစိမ်းရောင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးမှုနှင့်ပတ်သက်၍ တိုင်ကြားမှုအား တွေ့ဆုံရှင်းလင်း

နေပြည်တော် အောက်တိုဘာ ၈
နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာအုပ်စု ရွှေတွင်းကုန်းကျေးရွာတွင် ၂၀၁၅ ခုနှစ် မြစိမ်းရောင်အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးမှုနှင့် ပတ်သက်၍ ကျေးရွာပြည်သူအချို့က မြစိမ်းရောင်ကော်မတီဝင်များအား ကျေနပ်မှုမရှိ၍ သက်ဆိုင်ရာဌာနများသို့ တိုင်ကြားစာများပေးပို့ခဲ့ရာ အောက်တိုဘာ ၆ ရက် မွန်းလွဲ ၁ နာရီက ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်နှင့် မြို့နယ်မြစိမ်းရောင်ကော်မတီအဖွဲ့ဝင်များက ရွှေတွင်းကုန်းကျေးရွာ ဦးရွှေစိုး၏ နေအိမ်၌ တွေ့ဆုံရှင်းလင်းပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံရှင်းလင်းပွဲသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဇေယျာသီရိမြို့နယ်တာဝန်ခံ ဦးသက်မြင့်ထွန်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးမှူး ဦးညွန့်ထွေး၊ မြို့နယ်သမဝါယမ ဦးစီးမှူး ဦးဇင်မောင်မောင်၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးနိုင်၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာစိုးစန္ဒီ၊ အမျိုးသားလွှတ်တော်ရုံးမှ ဦးမောင်မောင်၊ မြို့နယ် (NLD)ပါတီဥက္ကဋ္ဌ ဦးသက်ထွေး၊ ရေဆင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးမျိုးနှင့် ကျေးရွာပြည်သူ ၁၃၇ ဦး တက်ရောက်တွေ့ဆုံ ရှင်းလင်းခဲ့ကြောင်း သိရသည်။

ရွှေဆုး









တုပထောင်လွှား မမောက်ကြွား ယောကျ်ား အာဇာနည်

ကိုရင်နု koyinau.mirrordaily@gmail.com

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ရာထူးနေရာအတွက် အန်တိုနီယိုဂူထားရက်စ်အား လုံခြုံရေးကောင်စီက အောက်တိုဘာ ၆ ရက်တွင် တစ်ခဲနက် အမည်စာရင်းတင်သွင်းလိုက်သည်ဆိုသော သတင်းကို ကျွန်ုပ်ကြားသိရလေသောအခါ အထိန်းမနိုင်လျှင် ဒယိမ်းဒယိုင်ဖြစ်နိုင်သည့် ကမ္ဘာ့ပြဿနာရပ်များကို နှလုံးရည်ဖြင့် အန်တုဗလပြုမည့် လူစွမ်းကောင်းတစ်ဦး ပေါ်ထွန်းလာချေပြီဟူ၍ ကျွန်ုပ်တွေးတောမိလေ၏။

ဂူထားရက်စ်ဆိုသော ပုဂ္ဂိုလ်ကြီးသည်ကား ပေါ်တူဂီနိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်းဖြစ်ပြီးလျှင် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအင်န်အိပ်ချ်စီအာရ်) ကို ၁၀ နှစ်ကြာမျှ ဦးဆောင်ခဲ့သူအဖြစ် ကမ္ဘာတစ်ခွင် ထင်ထင်လင်းလင်း သိရှိကြကုန်ရာ၏။

ပေါ်တူဂီနိုင်ငံဟူသည်ကား ဥရောပတောင်ပိုင်းရှိ နိုင်ငံတစ်နိုင်ငံဖြစ်ပြီးလျှင် အိဘီရီယန်ကျွန်းဆွယ်၏ အနောက်ဘက်ခြမ်းတွင် တည်ရှိလေသည်။

စပိန်နိုင်ငံနှင့် နယ်စပ်ချင်း ထိစပ်နေသော ပေါ်တူဂီနိုင်ငံသည် အတ္တလန္တိတ်သမုဒ္ဒရာကို တူရူပြုလျက်ရှိသည်။ စွမ်းပကားကြီးမားလှသည့် ပင်လယ်ရေကြောင်း အင်ပါယာအဖြစ် ဘုန်းမီးနေလတောက်ပခဲ့ခြင်းနှင့်အတူ ရှေးဟောင်းဗိသုကာလက်ရာ ထူးကဲလှပသော ယဉ်ကျေးမှုအဆောက်အအုံများကို လှစ်ဟနေသော နိုင်ငံဖြစ်၏။ ၁၆ ရာစုခေတ်မှသည် ၁၉ ရာစုခေတ်သို့တိုင် ဇာတ်ကြောင်းပြန်နိုင်သည့် အဆောက်အအုံများဟူ၍လည်း ဆိုကြကုန်၏။

၁၅ ရာစုနှင့် ၁၆ ရာစုကာလအတွင်း ကမ္ဘာ့ပထမဆုံးသော ပင်လယ်ရေကြောင်း အင်ပါယာကို ထူထောင်နိုင်သည်။ ဗာစကိုဒဂါးမား၊ အိုဗရက်ကာဘရယ် စသည့် ပုဂ္ဂိုလ်များမှာ နယ်မြေစူးစမ်းလေ့လာသူများအဖြစ် သမိုင်းတွင်ရစ်ပြီးလျှင် နယ်သစ်ပယ်သစ်၊ ကိုလိုနီ နယ်မြေသစ်များ သိမ်းပိုက်ကာ တန်ခိုးအာဏာချဲ့ထွင်နိုင်ခဲ့သည်။

ငါးနှစ်သက်တမ်း ထမ်းဆောင်ဖို့ပြင်

ငါးနှစ်သက်တမ်းရှိ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရာထူးနေရာအတွက် ကုလသမဂ္ဂ အထွေထွေညီလာခံက လာမည့်ရက်သတ္တပတ်တွင် အတည်ပြုပေးမည်ဟု မျှော်လင့်ရပေရာ ဂူထားရက်စ်မှာ ကုလသမဂ္ဂအကြီးအကဲအဖြစ် တာဝန်ယူရန် ပြင်ဆင်လျက်ရှိနေလေပြီ။

ယခုအခါ အသက် ၆၇ နှစ်ရှိ ဂူထားရက်စ်မှာ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ အေဂျင်စီကို ၁၀ နှစ်ကြာမျှ ဦးဆောင်မှုပေးခဲ့ပြီးဖြစ်သည်။

ကမ္ဘာပေါ်တွင် ဘေးအန္တရာယ်မှ ကာကွယ်နိုင်စွမ်းမရှိဆုံး ပြည်သူများအား ကယ်ဆယ်စောင့်ရှောက်နိုင်ရေးအတွက် စွမ်းဆောင်ကြိုးပမ်းလိုသည်ဟု ဂူထားရက်စ်က ကြွေးကြော်လိုက်ပြီး 'နိဝါတ' တရား (humility) (ဝါ) နှိမ့်ချသော စိတ်ဖြင့် လုပ်ကိုင်သွားလိုသည်ဟု သူက ကျူးရင့်ခဲ့လေသည်။

ပဋိပက္ခများနှင့် အကြမ်းဖက်မှုများ၏ သားကောင်ဖြစ်ရသူများ၊ လူ့အခွင့်အရေး ချိုးဖောက်ခံရသူများ၊ ဆင်းရဲမွဲတေသော ဘဝတွင် နေထိုင်ကြရသူများ၊ မတရားလုပ်ခံရသူများအတွက် ကူညီစောင်မမှုများ ပြုလုပ်သွားရန် စိတ်ရည်သန်လျက်ရှိသူမှာ ဂူထားရက်စ်ပင်ဖြစ်လေသည်။

"ကျွန်တော် နားလည်မိသော နိဝါတတရားမှာ ကျွန်တော်တို့၏ ခေတ်သစ်ကမ္ဘာကြီး ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် ထားရှိအပ်သော စိတ်နေစိတ်ထားဖြစ်သည်။ ဘေးအန္တရာယ်မှ မိမိကိုယ်မိမိ ကာကွယ်စောင့်ရှောက်နိုင်ခြင်း မရှိသူများကို အကူအညီပေးရာတွင် နိဝါတတရားနှင့်အညီ ပြုမူဆက်ဆံကြရပေလိမ့်မည်" ဟူ၍ ဂူထားရက်စ်က ပေါ်တူဂီနိုင်ငံ မြို့တော်လစ္စဘွန်းတွင် ပြောကြားခဲ့လေသည်။

နိဝါတတရားဆိုသည်ကား

ဤတွင်ရွေ့ကား "နိဝါတ တရား' ကို ကျွန်ုပ်စေ့ငုမိ၏။ နိဝါတဟူသည်ကား နှိမ့်ချခြင်းပေတည်း။

ပညာအရာ ဇေတဂ်ရတော်မူသော အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးပင် မိမိကိုယ်ကို နိဝါတတရားဖြင့် မွမ်းထုံကာ တရားဟောကြားသည်ဟု ကျွန်ုပ်ကြားနာမှတ်သားခဲ့ရဖူးလေသည်။

မိမိထက် အသက်အရွယ်၊ ဂုဏ်ဒြပ်၊ သိက္ခာကြီးသူများနှင့် ဆက်ဆံရာတွင် ဂါရဝ (ဝါ) ရိုသေလေးစားမှုဖြင့် ဆက်ဆံကြရပြီးလျှင် မိမိအောက် အသက်အရွယ်၊ ဂုဏ်ဒြပ်၊ သိက္ခာငယ်သူများနှင့် ဆက်ဆံရာတွင် နိဝါတ (ဝါ) မာန်မာနမထား မိမိနှင့် တန်းတူရည်တူထားကာ ပြုမူဆက်ဆံခြင်းရှိကြဖို့ သူတော်စင်တို့က ဆိုမိန့်ကြသည်ဟု ကျွန်ုပ်ပိုင်းခြားဝေဖန်မိလေသည်။

နိဝါတ မင်္ဂလာ ပြည့်စုံပါလျှင် လောကလူ့ရွာ သာယာစေကြောင်း အကြောင်းဂုဏ်အင် ဖြစ်လိမ့်မည်ဟု ကျွန်ုပ်ယုံကြည်ပေရာ နိဝါတ တရားကို သိရှိနားလည်ပြီး နားလည်သည့်အတိုင်းလည်း ကျင့်ကြံအားထုတ်မည့် ပုဂ္ဂိုလ်ကြီးတစ်ဦးအဖြစ် ဂူထားရက်စ်ကို ကျွန်ုပ်ရှုမြင်မိ၏။

လျှို့ဝှက်မဲပေးစနစ်

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အတွင်းရေးမှူးချုပ်အသစ် ရွေးချယ်နိုင်ရေးအတွက် ခြောက်ကြိမ်တိုင်တိုင် လျှို့ဝှက်မဲပေးစနစ်ဖြင့် အဖန်ဖန် ဆန်ကာတင် စိစစ်ရွေးချယ်ခဲ့ကြလေသည်။

အဖွဲ့ဝင် ၁၉၃ နိုင်ငံပါဝင်သော ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက အပြီးသတ် အတည်ပြုပေးရန်သာကျန်ရှိနေသည်။ အဖွဲ့ဝင် ၁၅ နိုင်ငံပါဝင်သော လုံခြုံရေးကောင်စီတွင် ရေပန်းအစားဆုံး ပုဂ္ဂိုလ်အဖြစ် ဂူထားရက်စ်ကို တစ်ခဲနက် ရွေးချယ်ခဲ့ကြလေသည်။

ယခုနှစ်ကုန်တွင် ရာထူးသက်တမ်း ကုန်ဆုံးမည့် လက်ရှိ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းအား ဆက်ခံမည့် ပုဂ္ဂိုလ်ရွေးချယ်တင်မြှောက်ခံနိုင်ရေးအတွက် ဂူထားရက်စ်နှင့်တကွ စုစုပေါင်း ပုဂ္ဂိုလ် ၁၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြလေသည်။

ကမ္ဘာ့ထိပ်တန်း သံတမန်ရေးရာ ရာထူးကြီးဖြစ်သော အတွင်းရေးမှူးချုပ်ရာထူးအတွက် ယခုတစ်ကြိမ် ရွေးချယ်တင်မြှောက်ပုံမှာ ဒီမိုကရေစီ ရွေးကောက်ပွဲပုံစံမျိုးဖြစ်သည်။ ကုလသမဂ္ဂ သမိုင်းတွင် ပထမဆုံးအကြိမ် ကိုယ်စားလှယ်လောင်း အသီးသီးက ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးရခြင်း၊ မဲဆွယ်ဆည်းရုံးရခြင်းတို့ ပြုလုပ်ခဲ့သည်မှာ အထူးခြားဆုံးဖြစ်ရသည်။ အစဉ်အလာအရမူ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ရာထူးကို ရွေးချယ်ရာတွင် လက်တစ်ဆုပ်စာ စွမ်းအားကြီးနိုင်ငံ အနည်းငယ်က တံခါးပိတ်အစည်းအဝေးများ ကျင်းပကာ ဆုံးဖြတ်ချက်ချပေးခြင်းဖြစ်ခဲ့လေသည်။

ပြီးခဲ့သည့် ဧပြီ ၁၂ ရက်က ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၊ အရပ်ဘက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် အတွင်းရေးမှူးချုပ် အလောင်းအလျာများက သူတို့၏ အမြော်အမြင်တရားကို ဖော်ထုတ်နိုင်ရန် ဟောပြောခဲ့ကြသည်။

ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးအတွက် မည်သို့ လုပ်ဆောင်မည်၊ ငြိမ်းချမ်းရေးကို မည်သို့ တည်ဆောက်မည်၊ လူ့အခွင့်အရေးကို မည်သို့ ကာကွယ်မည်၊ လူသားအားလုံး တွေ့ကြုံနိုင်သော ဘေးဆိုးကြီးများ တွေ့ကြုံလျှင် မည်သို့ဖြေရှင်းမည် စသည်ဖြင့် ပုဂ္ဂလိကအမြင်ကို ထုတ်ဖော်တင်ပြကြရပြီး ကုလသမဂ္ဂအကြီးအကဲ ရာထူးနှင့် ထိုက်တန်သူ ဟုတ်၊ မဟုတ် အဟောအပြောပညာနှင့်တကွ ပညာဉာဏ်ပြည့်ဝခြင်း ရှိ-မရှိ အများရှေ့မှောက် မှတ်ကျောက်တင်ခံရလေသည်။

လွန်ခဲ့သည့် ဇူလိုင်လ အရောက်တွင်ကား ကုလသမဂ္ဂ၏ အထွေထွေညီလာခံ ခန်းမဆောင်ကြီးအတွင်း အတွင်းရေးမှူးချုပ်လောင်းများက တစ်ဦးနှင့်တစ်ဦး အချေအတင် စကားစစ်ထိုးကြရပြီးလျှင် သံတမန်များနှင့် ပြည်သူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကာ ဉာဏ်ပညာ အနုအရင့်ကို အကဲဖြတ်မှု ခံယူကြရပြန်သည်။ အတွင်းရေးမှူးချုပ်လောင်းများ၏ စကားစစ်ထိုးပွဲကို ကုလသမဂ္ဂက ပထမဆုံးအကြိမ် ရုပ်မြင်သံကြားနှင့် အင်တာနက် ထုတ်လွှင့်မှုတို့ဖြင့် ကမ္ဘာတစ်လွှား ကြားသိစေသည်။

အတွင်းရေးမှူးချုပ်ရာထူးအတွက် ရွေးချယ်တင်မြှောက်ရေး လုပ်ငန်းစဉ်မှာ တစ်မူထူးကဲစွာ ပွင့်လင်းမြင်သာမှု ရှိပါသည်ဟု အကြိမ် ၇၀ မြောက် အထွေထွေညီလာခံ ဥက္ကဋ္ဌ မော်ဂင်လီကက်တော့က မြွက်ဟခဲ့လေသည်။

ဘဝဖြတ်သန်းမှု

ပေါ်တူဂီသားကြီး ဂူထားရက်စ်ကို ၁၉၄၉ ခုနှစ် ဧပြီ ၃၀ ရက်တွက် လစ္စဘွန်းမြို့၌ မွေးဖွားခဲ့သည်။

အင်ဂျင်နီယာပညာရပ်ကို ဆည်းပူးကာ ဘွဲ့ရရှိခဲ့ပြီး ၁၉၇၆ ခုနှစ်တွင် နိုင်ငံရေးလောကအတွင်းသို့ ဝင်ရောက်ခဲ့သည်။

နှစ်ပေါင်း ၅၀ ကြာမျှ အာဏာရှင်စနစ်ကျင့်သုံးခဲ့သော ပေါ်တူဂီနိုင်ငံ၌ ပထမဆုံးအကြိမ် ဒီမိုကရေစီနည်းလမ်းနှင့်အညီ ကျင်းပသော ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

နိုင်ငံရေး လောကဓံတရားကို တွေ့ကြုံခံစားရင်း တစ်စစ ရင့်ကျက်လာကာ ၁၉၈၁ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ ပါလီမန်ဆိုင်ရာ ဥရောပကောင်စီညီလာခံ၏ အဖွဲ့ဝင်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

တစ်ချိန်တည်းမှာပင် လူဦးရေ၊ ရွှေ့ပြောင်းအခြေစိုက်နေထိုင်မှုနှင့် ဒုက္ခသည်များရေးရာ ကောင်စီ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ကျေပွန်ခဲ့ပြီးလျှင် ကမ္ဘာလုံးဆိုင်ရာ ဆိုရှယ်ဒီမိုကရက်တစ်နိုင်ငံရေးပါတီများ၏ သမဂ္ဂဖြစ်သော ဆိုရှယ်လစ်အင်တာနေရှင်နယ်အဖွဲ့တွင် တက်ကြွစွာ လှုပ်ရှားခဲ့သည်။ ၁၉၉၂ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ယင်းအဖွဲ့၏ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၉၉ ခုနှစ်မှ ၂၀၀၅ ခုနှစ်လယ်အထိ ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့လေသည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတွင် တာဝန်ထမ်းဆောင်ခြင်း မရှိမီ အစိုးရအဖွဲ့နှင့် ပြည်သူ့ရေးရာ ဌာနန္တရတို့တွင် နှစ်ပေါင်း ၂၀ ကျော်ကြာ တာဝန်ထမ်းရွက်ခဲ့သေးသည်။

၁၉၉၅ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ပေါ်တူဂီ ဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့သည်။ ဝန်ကြီးချုပ်အဖြစ် သူတာဝန်ထမ်းရွက်နေချိန်တွင် အရှေ့တီမော အရေးခင်းကို ကိုင်တွယ်ဆောင်ရွက်ခဲ့ရလေသည်။

၂၀၀၀ ပြည့်နှစ် အစောပိုင်းတွင် ဥရောပကောင်စီ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ် လစ္စဘွန်း အစီအစဉ်ပေါ်ထွန်းလာရေးအတွက် ဆောင်ရွက်ခဲ့သည်။ လစ္စဘွန်း အစီအစဉ်ဆိုသည်မှာ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အကြား ဥရောပသမဂ္ဂ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ် မဟာဗျူဟာဖြစ်လေသည်။ ပေါ်တူဂီ ဒုက္ခသည်များအရေးကောင်စီကို ၁၉၉၁ ခုနှစ်တွင် ထူထောင်ရာတွင် ဦးဆောင်ခဲ့သူလည်းဖြစ်သည်။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးအဖြစ် ၂၀၀၅ ခုနှစ်မှစ၍ ၁၀ နှစ်တိုင် တာဝန်ထမ်းဆောင်ခဲ့လေသည်။

ယူအင်န်အိပ်ချ်စီအာရ်မှာ ၁၉၅၄ ခုနှစ်နှင့် ၁၉၈၁ ခုနှစ်တို့တွင် မှာ နိုဘယ်ဆုကို နှစ်ကြိမ်တိုင် ဆွတ်ခူးရရှိခဲ့သည်။

ကမ္ဘာပေါ်ရှိ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး အဖွဲ့အစည်းများအနက် ရှေ့တန်းမှ ရပ်တည်နေသော ယူအင်န်အိပ်ချ်စီအာရ်တွင် ဝန်ထမ်းပေါင်း ၉၃၀၀ ကျော်ရှိပြီး ကမ္ဘာ့ နိုင်ငံပေါင်း ၁၂၃ နိုင်ငံ၌ ဒုက္ခသည်များ၊ ဌာနေပြန်လာသူများ၊ စစ်ဘေးရှောင် ဒုက္ခ သည်များ၊ နိုင်ငံမဲ့ဒုက္ခသည်များဖြစ်သည့် အရေးအတွက် ၅၅ သန်းခန့်အတွက် ကာကွယ်စောင့်ရှောက်မှုပေးခြင်းနှင့် ထောက်ပံ့မှုကူညီခြင်းတို့ ပြုလုပ်လျက်ရှိလေသည်။

တုပထောင်လွှား မမောက်ကြွား

ဥရောပတိုက်တွင် လွန်ခဲ့သောနှစ်က ဒုက္ခသည်ဦးရေ တစ်သန်းအထိ တရိပ်ရိပ်မြင့်တက်ခဲ့လေရာ ဒုက္ခသည်ပြဿနာကို ကမ္ဘာက အာရုံပြုလာရသည်။

ဥရောပနိုင်ငံများသို့ ဒုက္ခသည်များ အလုံးအရင်းဖြင့် လှိမ့်ဝင်လာနေမှုကို ဥရောပနိုင်ငံများ ခါးစည်းခံခဲ့ကြရသည်။

ဒုက္ခသည် ပြဿနာဟူသည်ကား အထိန်းမနိုင်လျှင် ဒယိမ်းဒယိုင်ဖြစ်စေနိုင်သော ပြဿနာဖြစ်ပြီး တစ်ဖက်တွင် မြေပြုရာကင်းမှောင့် ဟူဘိသို့ အကြမ်းဖက်မှု ပြဿနာက ခေါင်းထောင်ထနေသည်။ တစ်ချိန်တည်းမှာပင် ဆီးရီးယားစစ်ပွဲ၏ ဒဏ်ကို ပြည်သူတို့မထောက်မညှာ တွေ့ကြုံခံစားနေကြရသည်။

ဤသို့သော အခြေအနေတွင် ကုလအကြီးအကဲသစ်ဖြစ်လာမည့် ဂူထားရက်စ်က ခေတ်သစ်ကမ္ဘာကြီး ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် နိဝါတတရားနှင့်အညီ သူကိုင်တွယ်ဆောင်ရွက်ပါမည်ဟု ပြောဆိုကာ သူ၏ စိတ်ဓာတ်ကို လှစ်ဟခဲ့သည်ဟု ကျွန်ုပ်ရှုမြင်မိရင်း "တုပထောင်လွှား မမောက်ကြွား ယောကျ်ား အာဇာနည်" ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

ကင်ညာနှင့် ဆိုမာလီနယ်စပ်အနီးရှိ ဒုက္ခသည်စခန်း၌ ဆိုမာလီဒုက္ခသည်များနှင့် တွေ့ဆုံနေသော ဂူထားရက်စ် (မှတ်တမ်းပုံ)။ ဓာတ်ပုံ- ရိုက်တာ

ရန်ကုန် အောက်တိုဘာ ၈
ရန်ကုန်မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ လူမှောင်ခိုလူကုန်ကူးမှု ဖြစ်စဉ်ဖြစ်ရပ်များ သိသင့်သိထိုက်သော အချက်အလက်များနှင့် အတွေ့အကြုံများကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် စက်မှုဇုန် ၁ အတွင်းရှိ ကနောင်ခန်းမ၌ ကျင်းပသည်။

လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးရဲလွင်စိုးက အဖွင့်အမှာစကားပြောကြားပြီး အမှတ် ၆ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ရန်ကုန်) ရဲတပ်ဖွဲ့စုမှူး ရဲမှူးရဲဝင်းအောင်၊ ဒုတိယရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးမျိုးသိန်းတို့က လူမှောင်ခို လူကုန်ကူးမှု ဖြစ်စဉ် ဖြစ်ရပ်များ၊ သိသင့်သိထိုက်သော အချက်အလက်များ၊ အတွေ့အကြုံများနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၏ လုပ်ဆောင်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော မြောက်ပိုင်းခရိုင်အတွင်းရှိ ရဲတပ်ဖွဲ့အရာရှိများက သိလိုသည့် အချက်အလက်များကို မေးမြန်းကြရာ အမှတ် ၆ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(ရန်ကုန်) တပ်ဖွဲ့စုမှူး ရဲမှူးရဲဝင်းအောင်နှင့် ဒုတိယရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးမျိုးသိန်းတို့က ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **စွန်ရဲ(လှိုင်သာယာ)**

ယာဉ်မောင်းသူများအား အရက်သောက်သုံးထားခြင်း ရှိမရှိ အယ်လ်ကိုဟောတိုင်းကိရိယာဖြင့် စစ်ဆေး

မြောင်းမြ အောက်တိုဘာ ၈
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစေရန်နှင့် ယာဉ်မတော်တဆမှု လျော့နည်းပပျောက်စေရန်အတွက် ယာဉ်မောင်းသူများအား အရက်သောက်သုံးထားခြင်း ရှိ-မရှိ အယ်လ်ကိုဟောတိုင်းကိရိယာဖြင့် အောက်တိုဘာ ၇ ရက် နံနက်က မြောင်းမြမြို့ ကွယ်လွယ်မြို့ဝင်ဂိတ်၌ အရက်သေစာသောက်စားမှု ရှိ မရှိစစ်ဆေးခြင်းကို ပညာပေးကာလအဖြစ် ယခု အောက်တိုဘာလမှ စတင်၍ ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ စစ်ဆေးမှုကို အမှတ် ၈၁ ယာဉ်ထိန်းရဲတပ်ဖွဲ့စု(မြောင်းမြ) တပ်ဖွဲ့စုမှူး ဒုရဲမှူးလှထွန်းနှင့်အဖွဲ့က အရက်မူးတိုင်းကိရိယာဖြင့် တိုင်းတာ၍ အရက်သောက်စားမောင်းနှင်ခြင်း ရှိမရှိနှင့် အသက်ကယ်ထိုင်ခုံခါးပတ် ပတ်ထားခြင်း ရှိ၊ မရှိအား စစ်ဆေးပညာပေးဟောပြော ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာန ဦးစီးအရာရှိ ဒေါ်သက်သက်ဦးနှင့် တာဝန်ရှိသူများကလည်း မော်တော်ယာဉ်များတွင် လုပ်ငန်းလိုင်စင်များလုပ်ဆောင်ကာ စတင်စစ်ဆေးမှုများပြုလုပ်ပြီး အယ်လ်ကိုဟောတိုင်းကိရိယာဖြင့် တိုင်းတာစစ်ဆေး၍ အရက်သေစာသောက်စားထားသည်ကို တွေ့ရှိပါက ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သူရကိုကို

မိုင်းဖြတ်မြို့ရှိ အ-ထ-က ကျောင်းများ၌ မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြသ

မိုင်းဖြတ် အောက်တိုဘာ ၈
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်းနှင့် ပြည်သူလူထုအတွင်း ထိရောက်စွာ စိမ့်ဝင်ပျံ့နှံ့စေရန် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထွန်းနေလှိုင်နှင့် အဖွဲ့ဝင်သည် အောက်တိုဘာ ၆ ရက်နံနက် ၁၀ နာရီက အ-ထ-က (မိုင်းဖြတ်)နှင့် မွန်းလွဲ ၂ နာရီတွင် အ-ထ-က (ဟိုနား) စာသင်ကျောင်းတို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်း လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေးလုပ်ငန်းတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းနေလှိုင်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့်စပ်လျဉ်း၍ အသိပညာပေး ရှင်းလင်းဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများအား မီးသတ်ဆေးဘူး သုံးစွဲပုံနည်းစနစ်များ၊ ဂတ်(စ်)အိုးမီးမှ တစ်ဆင့် မီးလောင်မှုဖြစ်ပွားပုံ၊ မီးဖိုချောင်အတွင်း ချက်ပြုတ်ရာမှ တစ်ဆင့် မီးလောင်မှုဖြစ်ပွားပုံ၊ လောင်စာဆီမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားပုံများကို ပိုမိုနားလည်သိရှိစေရန် လက်တွေ့ ရှင်းလင်းပြသသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများကို လက်တွေ့ ပြုလုပ်စေခဲ့သည်။

ကျောင်းသား၊ ကျောင်းသူများကို "ယခုလို လက်တွေ့ပြသရခြင်းက မိမိတို့ မီးသတ်ဦးစီးဌာန အနေနဲ့ အများပြည်သူ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် လူငယ်များအနေနဲ့ မိမိအကျိုး၊ အများပြည်သူအကျိုးကို တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီဆောင်ရွက်နိုင်စေရန် လာရောက်အသိပညာပေးခြင်း၊ လက်တွေ့သရုပ်ပြသရခြင်း" ဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းနေလှိုင်ထံမှ သိရသည်။ **မြို့နယ် ပြန်/ဆက်**

လူကုန်ကူးမှုတားဆီးရေးနှင့် စားသုံးသူအကာအကွယ်ပေးရေး ပညာပေး ဟောပြော

ဆိပ်ဖြူ အောက်တိုဘာ ၈
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ညောင်နီချောင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် လွန်သာကျေးရွာ အခြေခံပညာမူလတန်းကျောင်း (ခွဲ)တို့၌ အောက်တိုဘာ ၆ ရက်က မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ပညာရေးဌာနနှင့် ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနတို့ ပူးပေါင်းပြီး နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်၊ ဓာတ်ပုံပြပွဲနှင့် ပညာပေးဟောပြောပွဲပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် ညောင်နီချောင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖွားတင်နှင့် လွန်သာကျေးရွာ အမက (ခွဲ)မှ တာဝန်ခံဆရာမတို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်က စာဖတ်ခြင်းအကျိုးကျေးဇူးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအကြောင်း သိကောင်းစရာများဟောပြောခြင်း၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးသန်းမြင့်ထွန်းက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာဥပဒေနှင့် ဖြစ်ပေါ်လာပုံအကြောင်း၊ ဒုတိယဦးစီးမှူး ဦးဇော်နေလင်းက စားသုံးရန်မသင့်သည့် အစားအစာများအကြောင်း အသိပညာပေး ဟောပြောကြသည်။

အခမ်းအနားတွင် မြို့နယ်ပြန်/ဆက် ဦးစီးဌာနမှ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအကြောင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ စားသုံးရန်မသင့်သည့်အစားအစာများနှင့် သုံးစွဲရန်မသင့်သည့် အလှကုန်ပစ္စည်းများအကြောင်း အသိပညာပေး နံရံကပ်၊ ဓာတ်ပုံများပြသပေးခြင်း၊ နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေးသည်။ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျေးရွာပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ **ကိုမျိုး(ယောရော)**

စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲနှင့် ကျောင်းမုန့်ဈေးတန်းများ ကွင်းဆင်းစစ်ဆေး

ကန်ကြီးထောင့် အောက်တိုဘာ ၈
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၆ ရက်က ကန်ကြီးထောင့်မြို့နယ် ဝဲကြီးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ပေပင်ဒယ်ကုန်းကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တို့တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးအုန်းသိန်းက (FDA)မှ တရားဝင်ထုတ်ပြန်ထားသော အန္တရာယ်ရှိ အစားအသောက်များနှင့် ပတ်သက်သော အကြောင်းအရာများ၊ ဓာတုဆေးဝါးဆိုးဆေးများ သုံးစွဲထားသော အစားအသောက်အကြောင်းများ၊ စားသုံးသူများအတွက် အကာအကွယ်ပေးထားသော ဥပဒေများ၊ စားသုံးသူအခွင့်အရေးများအားလည်းကောင်း၊ ကျန်းမာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက အစားအသောက်များ မစားသောက်ခင် လက်များကို အရင်သန့်ရှင်းစင်ကြယ်အောင် ဆေးကြောပြီးမှစားသောက်ကြရန်၊ ခြင်၊ ယင်များကြောင့်ဖြစ်တတ်သော သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါအကြောင်းများ၊ ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်းများအား အသေးစိတ်ရှင်းလင်း ဟောပြောခဲ့ရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား ၇၅၀ ခန့် စိတ်ပါဝင်စားစွာ နားထောင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အဆိုပါ ကျောင်းဝင်းများအတွင်းရှိ မုန့်ဈေးတန်းများတွင် စီးကရက်ဘူးပုံစံ ရောင်စုံမုန့်ဘူးများ ရောင်းချမှုရှိ၊ မရှိ စစ်ဆေးခြင်း၊ ကြာရှည်ခံဆိုးဆေးများ၊ ဓာတုဆေးဝါးများအသုံးပြုထားသောမုန့်ထုပ်များ၊ အချိုရည်ဘူးများ ရောင်းချမှု ရှိ-မရှိ၊ သက်တမ်းလွန်မုန့်များ ရောင်းချမှုရှိ၊ မရှိ စစ်ဆေးခဲ့ပြီး အဆိုပါဘေးဥပဒ်အန္တရာယ် ဖြစ်စေသောမုန့်များ ရောင်းချခြင်းမပြုကြရန် ဈေးသည်များအား အသိပညာပေး ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး စားသုံးသူအသိပညာပေး လက်ကမ်းစာစောင်များကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

နန်းထိုက် (ပြန်/ဆက်)

တိုက်နယ်ဆေးရုံရှေ့လမ်းမကြီး သွားလာမှုလွယ်ကူစေရေး ကွန်ကရစ်လမ်းခင်း

ဟင်္သာတ အောက်တိုဘာ ၈
ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ဓမ္မိတိုက်နယ်ဆေးရုံရှေ့လမ်းမကြီးအား အများပြည်သူသွားလာမှု လွယ်ကူ အဆင်ပြေစေရန်အတွက် ဟင်္သာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၅၉ ဒသမ ၈၆၆ ဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

အဆိုပါလမ်းသည် အရှည် သုည/၄ ဒသမ ၄ မိုင်၊ လမ်းအကျယ် ၁၂ ပေနှင့် အမြင့်ခြောက်လက်မထုဖြင့် ခင်းသွားမည်ဖြစ်ပြီး လမ်းမကြီးပြီးစီးသွားပါကဓမ္မိတိုက်နယ်အတွင်းရှိ ကျေးရွာနေပြည်သူများ ကျန်းမာရေးနှင့် ဒေသထွက်ကုန်များ ကူးသန်းရောင်းဝယ်မှုများအတွက် ပိုမိုအဆင်ပြေလာမည်ဖြစ်သည်။ **ကျော်ကျော်(ပြန်/ဆက်)**

တိုက်ကြီးမြို့နယ် ဥက္ကံသကြားစက်တွင် ကြံမျိုးကောင်းမျိုးသန့်များရွေးချယ် စိုက်ပျိုးရေး နည်းပညာပေးသင်တန်းဖွင့်

တိုက်ကြီး အောက်တိုဘာ ၈
ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံသကြားစက်တွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် Golden Myanmar Tai Co..;Lted.နှင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနတို့မှ ဦးစီး၍ ၂၀၁၆ -၂၀၁၇ ခုနှစ် ကြံစိုက်ပျိုးရေး တောင်သူများ၊ စက်ရုံဝန်ထမ်းများ၊ Super oneကုမ္ပဏီ၊ Fourtune ကုမ္ပဏီတို့မှ ဝန်ထမ်းများအား အောက်တိုဘာ ၅ ရက်မှ ၇ ရက်အထိ နည်းပညာဆိုင်ရာသင်တန်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် ဥက္ကံသကြားစက်မှ စက်ရုံမှူး ဦးစိန်လှိုင်နှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ညွန့်နှင့် သင်တန်းဆရာများက ကြံမျိုးကောင်းမျိုးသန့် (Kk 3: k 2000/89:K 95)များရွေးချယ်စိုက်ပျိုးခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများ၊ အထွက်တိုးစပါးစိုက်ပျိုးနည်းစနစ်များကို မှန်ကန်စွာလိုက်နာဆောင်ရွက်ခြင်းဖြင့် တစ်ဧကအထွက်တိုးနိုင်မည့် အခြေအနေများ၊ ပိုးမွှားရောဂါ ကျရောက်နိုင်မည့် အခြေအနေအပေါ် ကာကွယ်နိုင်ရန်နှင့် ကုသရေးနည်းစနစ်များကို ဆွေးနွေးခဲ့သည်။

အဆိုပါသင်တန်းတွင် ကြံစိုက်တောင်သူများက စိုက်ပျိုးရေးအခက်အခဲများ၊ ဝယ်ယူသယ်ဆောင်ရေး၌ အခက်အခဲများကို တင်ပြဆွေးနွေးခဲ့သဖြင့် ညွှန်ကြားရေးမှူးနှင့် စက်ရုံမှူးတို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

ဇမ္ဗူသီရိမြို့နယ်အ-ထ-က(၈)ကျောင်း၌ မူခင်းအသိပညာပေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၈
နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အ-ထ-က (၈)ကျောင်း၌ နေပြည်တော်ရဲတပ်ဖွဲ့မှ ဦးဆောင်၍ အောက်တိုဘာ ၆ရက် နံနက် ၁၁ နာရီက ကျောင်းသား၊ ကျောင်းသူများအား မူခင်းအသိပညာပေးဆိုင်ရာ ပညာပေးပြခန်းများ ပြသခဲ့သည်။

နေပြည်တော်ရဲတပ်ဖွဲ့မှ ကျောင်းသား၊ ကျောင်းသူများအား မူခင်းအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ လူကုန်ကူးမှုဆိုင်ရာအကြောင်း သိကောင်းစရာများ၊ မူးယစ်ဆေးဝါးအကြောင်းသိကောင်းစရာများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းဆိုင်ရာ ပြခန်းများပြသပေးခဲ့ပြီး ဖျော်ဖြေရေးများလည်း ပါဝင်ခဲ့ကြောင်း သိရသည်။ **ဆုထက်လှိုင်**

နိုင်ငံတကာဖက်ရှင်ပြပွဲ မန္တလေးတွင် ကျင်းပပြုလုပ်မည်

မန္တလေး အောက်တိုဘာ ၈
မန္တလေးမြို့၏ အကြီးကျယ်အခမ်းနားဆုံးသော ဖက်ရှင်ပြပွဲကြီး Mandalay International Fashion Week 2016 ကို အောက်တိုဘာ ၁၅ ရက်နှင့် ၁၆ ရက်တွင် ညနေ ၅ နာရီခွဲမှ စတင်ကာ မန္တလေးမြို့ မင်္ဂလာမန္တလေး ပလိုမိုးရှင်းဇရိယာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ဖက်ရှင်ပြပွဲကို ရန်ကုန်မြို့နှင့် မန္တလေးမြို့မှ နိုင်ငံကျော် ဒီဇိုင်နာများအပြင် ပြင်သစ်နိုင်ငံမှ ဒီဇိုင်နာများ၏ ဆန်းသစ်သောဒီဇိုင်းများအား ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့ Miss Universe မှ မော်ဒယ် ၇၀ ကျော်မှ ဝတ်ဆင်ပြသသွားမည် ဖြစ်သည်။

နိုင်ငံကျော်အဆိုတော်များဖြစ်ကြသော မြန်မာပြည်သိန်းတန်၊ မေခလာ၊ ဇွဲပြည့်၊ စောထက်နိုင်စိုး (Myanmar Idol) တို့၏ ဖျော်ဖြေမှုနှင့် နိုင်ငံကျော် မော်ဒယ်များလည်း ပါဝင်ကာသီဆိုဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။ **၀၀၂**

မြေသားပြတ်ရွေ့မှုဖြစ်ပွားသောကျေးရွာသို့ ကွင်းဆင်းကူညီဆောင်ရွက်

ပခုက္ကူ အောက်တိုဘာ ၈
ပခုက္ကူမြို့နယ် အရှေ့ကမ်းဖြူအုပ်စု ဥယျာဉ်စုကျေးရွာအနီးရှိ စက္ကမော့တောင်မြေသားပြတ်ရွေ့မှုဖြစ်ပေါ်ခဲ့သည့်အတွက် မြို့နယ်သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဝင်များက အောက်တိုဘာ ၆ ရက်က ကွင်းဆင်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေသားပြတ်ရွေ့မှုဖြစ်ပေါ်ခဲ့သော စက္ကမော့တောင်သည် တန့်ကြည်တောင်၏ တောင်ဆွယ်တောင်တန်းတစ်ခုဖြစ်ပြီး ၎င်းတောင်တန်းသည် ဥယျာဉ်စုရွာ၏ အရှေ့မြောက်ဘက်တွင် အမြင့်ပေ ၁၅၀၀ ခန့် သွယ်တန်းလျက်ရှိသော တောင်တန်းတစ်ခုဖြစ်ပြီး သဲနှင့်ကျောက်များရောနှောတည်ရှိသော တောင်တန်းတစ်ခုဖြစ်သည်။

ယင်းကျေးရွာသို့ ပခုက္ကူမြို့နယ် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ခိုင်၊ ခရိုင်မီးသတ်တပ်ဖွဲ့မှူး ဦးကျော်နိုင်၊ မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းဌေးတို့နှင့်အတူ ဆောက်လုပ်ရေး၊ ကျန်းမာရေး၊ ပြန်ကြားရေး၊ ကျေးလက်ဦးစီးဌာနမှ မြို့နယ်အဆင့်တာဝန်ရှိသူများက သွားရောက်ကွင်းဆင်း၍ လိုအပ်သည်များကူညီဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင်မြို့နယ် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ခိုင်က မြေသားပြတ်ရွေ့မှုကြောင့် ပျက်စီးခဲ့သော နေအိမ်နှစ်အိမ်မှ အိမ်ထောင်စု နှစ်စုအား တစ်အိမ်ထောင်လျှင် ဆန်တစ်အိတ်နှင့် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးခဲ့သည်။

အဆိုပါကျေးရွာသည် ပခုက္ကူမြို့၏ အနောက်တောင်ဘက် မိုင် ၄၀ ခန့်အကွာတွင် တည်ရှိပြီး ယောချောင်းနှင့် တန့်ကြည်တောင်၏ တောင်စွယ်တောင်တန်းများအကြားတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးအတွက် ပခုက္ကူ-ဆိပ်ဖြူလမ်းကိုအားထားအသုံးပြုရပြီး ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များအတွက်ဆိပ်ဖြူမြို့ကို အားကိုးအားထား ဆောင်ရွက်ရသည်။ ကျေးရွာတွင်အိမ်ထောင်စု ၉၇ စုနှင့် လူဦးရေ ၃၅၀ ခန့် မှီတင်းနေထိုင်ပြီး ဒေသခံပြည်သူများမှာ ပတ်ဝန်းကျင်ရှိ ယောချောင်းကိုအမှီပြီး ကြက်သွန်နီစိုက်ပျိုးခြင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုရကြောင်း သိရသည်။ **တင်အောင်ဝင်း(ပြန် ဆက်)**

မိုးနှောင်း ချည်မျှင်ရှည်ဝါမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက် ပြသ၍ အသိပညာပေး

သရက် အောက်တိုဘာ ၈
မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ထုံးတောင်ကျေးရွာ တောင်သူ ဦးစိန်မင်း ကွင်းအမှတ်(၇၁-အေ)၌ မိုးနှောင်းချည်မျှင်ရှည်ဝါမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်တွင် အသိပညာပေးပြသခြင်းကို အောက်တိုဘာ ၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ မိုးနှောင်းချည်မျှင်ရှည်ဝါမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက် စိုက်ပျိုးထားရှိမှုအား အသိပညာပေးပြသခဲ့ပြီးနောက် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်နိုင်ဦးက မိုးနှောင်းချည်မျှင်ရှည်ဝါ ငွေချည်(၆)၊ ငွေချည်(၉)၊ ရွှေတောင်(၈) သုံးမျိုး စမ်းသပ်စိုက်ပျိုးထားမှုနှင့် ပတ်သက်၍ ငွေချည် (၉) မှာ ရေမြေရာသီဥတုနှင့် ကိုက်ညီမှုရှိပြီး ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းများကို ရှင်းလင်းပြောကြားပေးခဲ့သည်။

ယင်းအသိပညာပေးပွဲသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ထုံးတောင်ကျေးရွာရှိတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**

မဘိမ်းတွင် MPT ဆင်းကတ် ၁၈၀၀ ကျော်ကို မှတ်ပုံတင်ပြုလုပ်ပေးပြီးဖြစ်

မဘိမ်း အောက်တိုဘာ ၈
ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်ခရိုင် မဘိမ်းမြို့တွင် MPT အုပ်စုဝင်ဆင်းကတ်များကို ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံမှုရှိစေရန်နှင့် တရားဝင်သုံးစွဲနိုင်ရန် မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မဘိမ်းမြို့နယ် မြန်မာ့ဆက်သွယ်ရေး အော်တိုအိတ်ချိန်းရုံး၌ MPT အုပ်စုဝင်ဆင်းကတ်များကို အခမဲ့နေ့ချင်းပြီး မှတ်ပုံတင်ပေးလျက်ရှိပြီး နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် ယာဉ်မောင်းလိုင်စင်၊ ကျောင်းသားကတ်၊ ဝန်ထမ်းကတ်စသည့် ခိုင်လုံသော စိစစ်ရေးကတ်မိတ္တူနှင့်အတူ မှတ်ပုံတင်လိုသည့် ဆင်းကတ်ပါရှိရမည်ဖြစ်ကာ အဆိုပါအချက်အလက်များ ပြည့်စုံပါက ဆင်းကတ်အရေအတွက် အကန့်အသတ်မရှိ မှတ်ပုံတင်နိုင်ကြောင်း ဆက်သွယ်ရေးတာဝန်ခံက ပြောသည်။

မဘိမ်းမြို့နယ် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေဖြင့် အဆိုပါဆင်းကတ်များ မှတ်ပုံတင်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အောက်တိုဘာ ၇ ရက်အထိ ဆင်းကတ်ပေါင်း ၁၈၀၀ ကျော်ကို မှတ်ပုံတင်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **ထိန်လင်းဦး(ပြန်/ဆက်)**

မအူပင်မြို့တွင် ဆိုင်ကယ်မောင်းလိုင်စင်များပြုလုပ်ဆောင်ရွက်ပေး

မအူပင် အောက်တိုဘာ ၈
ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့တွင် ဆိုင်ကယ်မောင်းနှင်သူများ ယာဉ်မောင်းလိုင်စင် ကိုင်ဆောင် မောင်းနှင်နိုင်ရန် သတ်မှတ်စည်းကမ်းများနှင့်အညီ ဆိုင်ကယ်မောင်းလိုင်စင် ပြုလုပ်ပေးခြင်းလုပ်ငန်းများကို လစဉ်ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ မော်တော်ဆိုင်ကယ်မောင်းနှင်နိုင်မှုလိုင်စင် ပြုလုပ်ပေးခြင်းကို ၂၀၁၆ ခုနှစ်အတွင်း ၅၉ ကြိမ်အထိ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။ **မအူပင် (ခရိုင် ပြန်/ဆက်)**

ချစ်ခင်ရသူတွေနဲ့ အတူရှိနေခြင်းဟာ
သီတင်းကျွတ်အတွက် အကောင်းဆုံးလက်ဆောင်ပါ...
ENL290816M
Ensure Life နှင့် ခွန်အားပြည့်ဝစွာနေထိုင်ပါ
Ensure
Life
nutrition shake
PAHTAMA GROUP
Abbott Nutrition
Careline
01-8551428
09 260 35 62 62
abbottnutrition@pahtama.com
Abbott

“ခင်နဒီ” ခရီးသွားဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီ

“အကောင်းဆုံးဝန်ဆောင်မှုများကိုခံစားရင်း ခင်နဒီနှင့်ခရီးသွားကြပါစို့”

သီတင်းကျွတ်အထူးခရီးစဉ်များ လိုင်စင်အမှတ်-ခ-၂၁၉၁၊

-ထားဝယ်ရှင်ကိုးရှင်၊ မျှော်ရစ်၊ မောင်းမကန်၊ သပိတ်မျှော့ပွဲ၊ Oct 14, Nov 11, Dec 23 (4N5D)

-ဆံတော်ရှင်ကျိုက်ထီးရိုးစေတီ Oct 16, Nov 14, Dec 25,29 (နေ့ချင်းပြန်)

-ငွေဆောင်ကမ်းခြေ၊ ချစ်သူများကျွန်း (မီးပုံပွဲညှ) / -ချောင်းသာကမ်းခြေ(မီးပုံပွဲည) } Oct 21,28 / Nov 4,11,18,25 (2N3D) / Dec 2,9,16,23,30

(Hotel အိပ်၊ စားသောက်ဆိုင်စား ခရီးသွားအာမခံပါပြီး စရိတ်ငြိမ်း)

zkef-09-5147771၊ 09-965147771

အာရှနဂါး

မြဝတီ/ကျိုက်ထီးရိုး

ချောင်းသာ/ငွေဆောင်

Ph : 703790, 09 799100100
707062, 09 797100100

ဖခင်အမည်မှန်

လှိုင်သာယာမြို့နယ်၊ Bio မျိုးဆန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ ဒသမတန်း (A)တွင် ပညာသင်ကြားနေသော မောင်ဟိန်းထက်အောင် [၁၂/တကန(နိုင်)၂၂၄၅၀၉]၏ဖခင်အမည်မှန်မှာ ဦးကျော်ဇေထွန်း ဖြစ်ပါသည်။

ဦးကျော်ဇေထွန်း

သုခလမ်းညွှန် Travels & Tours

အဆင့်မြင့် VIP ခရီးစဉ်များ
တောင်ကြီး ဖောင်တော်ဦးဘုရားပွဲ - 185000
ပုဂံ-စွယ်တော်လေးဆူ- 185000
မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း- 145000
မြဝတီ-မဲဆောက်- 125000
Phone-09-252929722/33/44/55/66

ဖိတ်ကြားလွှာ

ဇေယျာသိဒ္ဓိ (မဟာသွံ့သာရဘုရား)ကျောင်း၊ မင်းကြီးလမ်း၊ ဘိုကုန်းရပ်၊ အင်းစိန်မြို့နယ်တွင် ၁၃၇၈ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ ၁၆-၁၀-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် (၉)နာရီတိတိအချိန်၌ မဟာသွံ့သာရ ရုပ်ရှင်တော်မြတ်ကြီးအား နှစ်စဉ်နှစ်တိုင်း ရွှေသင်္ကန်းကပ်လှူပြီးလျှင် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာပွဲနှင့် ကထိန်အလှူတော်မင်္ဂလာပွဲကိုလည်း တစ်ပေါင်းတည်းကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြည်ညို ကုသိုလ်ယူစေရန် ဖိတ်ကြားအပ်ပါသည်။

၉-၁၀-၂၀၁၆ (တနင်္ဂနွေနေ့) မှ ၁၂-၁၀-၂၀၁၆ (ဗုဒ္ဓဟူးနေ့) အထိ ကိုယ်တိုင်ကိုယ်ကျ ရွှေသင်္ကန်းကပ်လှူခြင်း၊ ပန်း၊ သစ်သီးများဆက်ကပ်ခြင်း၊ ပုတီးစိပ်အဓိဋ္ဌာန်ပြုဆုတောင်းခြင်းများ ပြုလုပ်နိုင်ကြပါသည်။

* မဟာသွံ့သာရရုပ်ရှင်တော်မြတ်
ယိုးဒယားကြေးသွန်း(၁-ပေ)တစ်ဆူ
ရွှေချပြီးကျပ်နှစ်သိန်း
ရွှေမချကျပ်တစ်သိန်း
မူရင်းဈေးအတိုင်းပူဇော်နိုင်ပါသည်။

ဆရာတော် ဦးကုမာရ
ထေရဝါဒဗုဒ္ဓသာသနာပြု-ဩဝါဒါစရိယ
ဆရာတော်အဖွဲ့ဥက္ကဋ္ဌ
ပထမကျော်၊ ဓမ္မာစရိယ၊ B.Sc (Maths)
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇနှင့်
ပါရမီရှင်ဘုရားဒါယကာ/ဒါယိကာမများ

maruman

MAJESTY Classic Golf Tournament

Shwe Sar Yan Golf Resort & Country Club

KM Golf Centre

ကောင်းမြတ်ကုမ္ပဏီမှ မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တရားဝင်တင်သွင်းဖြန့်ဖြူးလျက် ရှိသော ဂျပန်နိုင်ငံမှ Maruman,MAJESTY Golf Clubs များကိုနှစ်သက်စွာ ဝယ်ယူအသုံးပြုလျက်ရှိသော Customer များအတွက် (၆ . ၁၁ . ၂၀၁၆) ရက်နေ့တွင် Shwe Sar Yan Golf Resort & Country Club(Mandalay) ၌ MAJESTY Classic Golf Tournament ပြုလုပ်ကျင်းပမည် ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ လိပ်စာနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

Maruman Golf Show Room & Sales Center

➤ Yangon -IBC,6 1/2 Miles,Pyay Road,Hlaing Township.Ph:01-704896,09-73236363.

➤ Mandalay -No.24/4,58th Road,Between(26-27)st,Chan Aye Thar San Township.
Ph:02-61332,09-2132889.
- Shwe Sar Yan Golf Resort & Country Club,Shwe Sar Yan,Pathein Gyi Township.
Ph : 09-2111022,09-2110890,09-774071788.

မှတ်ချက် ။ ။ လူဦးရေကန့်သတ်ထားပါသည်။
နောက်ဆုံးစာရင်းပေးသွင်းရမည့်ရက် (၃၁.၁၀.၂၀၁၆)
ပါဝင်ဆင်နွှဲသော Customerများအတွက် Maruman,MAJESTY Golf Clubs & Accessories များအား အထူးဈေးနှုန်းဖြင့် ပြိုင်ပွဲရက်တွင် ရောင်းချသွားမည်ဖြစ်ပါသည်။

A MEMBER OF KAUNG MYAT CO.,LTD.

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃အမ်၊ မြေကွက်အမှတ် III Class ၃၈၊ မြေကွက်တည်နေရာအမှတ် ၂၅၊ သရဖီလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံ မြို့နယ်၊ ဒေါ်သန်းအင်[၆/မအရ(နိုင်)၀၂၄၅၀၆]အမည်ပေါက် နှစ်(၉၀)မြေငှားဂရန် (သက်ကုန်) မြေအား မြိတ်မြို့၊ ဆိပ်ငယ်ရပ်ဈေးတောင်ဘက်လမ်းနေ ဒေါ်သန်းအင်ထံမှ မြိတ်မြို့မှတ်ပုံတင်စာချုပ်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၆/၁၄၀ (၂၁-၉-၂၀၁၅)နှင့် ကိုယ်စားလှယ် လွှဲစာမရုပ်သိမ်းကြောင်းနှင့် သက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာတို့ကို တင်ပြ၍ ဒေါ်သန်းအင်ကိုယ်စားဒေါ်မေဆုပိုင်[၁၂/လမတ(နိုင်)၀၃၆၁၇၃]မှ ဂရန်သက် တမ်းတိုးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

t d:efi;Srnf

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ ၃၂လမ်းရှိ (၁၂×၅၀)ပေ၊ ဒုတိယထပ် ၂လွှာ၊ R.C အခန်းငှားမည်။ (ပွဲစားမလို)

ဖုန်း-၀၉-၇၃၀၄၈၀၇၁၊ ၀၉-၉၇၆၃၂၂၈၆၆

မြေကွက်ဝယ်လိုသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းမြို့နယ်ရှိ မြေကွက်များဝယ်လိုသည်။

ဖုန်း-၀၉-၂၆၄၂၆၄၈၅၉

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

- စမ်းချောင်းမြို့နယ်၊ လမ်းသန့်(ကောင်း)
- ပေ(၁၂½×၅၀)၊ မြေညီ(ထပ်ခိုး¾)ပါ
- မြေညီ(Hall)၊ ကြွေပြားပြည့်ခင်းကပ်
- ထပ်ခိုး-1MBR,1BR,ဘိုထိုင်
- A/C (2), ရေပူရေအေး၊ ကိုယ်ပိုင်၊ (ရေ၊ မီး)
- အားလုံးပြင်ဆင်ပြီး အသင့်နေ(သန့်)
- ကားထားရန်အဆင်ပြေ၊ ပွဲစားမလိုပါ

ဖုန်း-၀၉-၅၆၆၀၁၂၇၊ ၀၉-၅၁၈၅၃၅၀

အထက(၃)တာမွေ

(၁၈)ကြိမ်မြောက်အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

၂၀၁၆ခုနှစ်၊ အောက်တိုဘာ ၃၀ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့်အတူ (၁၉၆၄-၁၉၇၂)ပညာသင်နှစ် အငြိမ်းစား ဆရာ/ဆရာမကြီးများအား အထက(၃)တာမွေကျောင်း၊ အားမာန်ခန်းမကြီးတွင် ပူဇော်ကန်တော့ကြမည်ဖြစ်ပါ၍ ကျောင်းသူ၊ ကျောင်းသားဟောင်းများအား ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

(၁၈)ကြိမ်မြောက် အထက(၃)တာမွေ အာစရိယပူဇော်ပွဲ
ဖြစ်မြောက်ရေး(ယာယီအဖွဲ့)

TRADE BPI® MARK

SINCE 1957

စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံ (အင်းစိန်) နှင့် ဆေးဝါးစက်ရုံ (ကျောက်ဆည်) တို့မှ ထုတ်လုပ်သည့် အရည်အသွေးမြင့်စစ်မှန်သော BPI® အမှတ်တံဆိပ် ဆေးဝါးများအား (၆.၉.၂၀၁၆) မှစ၍ အောက်ပါကုမ္ပဏီကိုယ်စားလှယ်ကြီးများမှတစ်ဆင့် မှန်ကန်သော ဈေးနှုန်းဖြင့် နိုင်ငံတစ်ဝန်းသို့ တရားဝင်ဖြန့်ဖြူးရောင်းချလျက်ရှိပါကြောင်း အများပြည်သူသို့ လေးစားစွာအသိပေးအပ်ပါသည်။

UOK Trading Co,Ltd
တောင်ကြီးဆေးဆိုင် (ယာယီရွှေမင်္ဂလာဈေး)
ဆိုင်အမှတ် - ၂၀၄၊ ၂၀၅ (တတိယထပ်)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။
Ph : 09-5150333, 09-73043428,09789727366

MEDI-TECH BIZ CO., LTD.
ENHANCING LIFE
Address : No- 22, Thityarpin Street, Thuwanna Quarter, Thingangyun Township, Yangon, Myanmar
Phone : (+951) - 8566360, (+959) - 31405678
Fax : (+951) - 8566360
E-mail : contact@mtbmyanmar.com
Website : www.mtbmyanmar.net

PHAMEDIC CO., LTD
NO. A-11, CORNER OF 30THX 57THSTREET, CHANAYETHARZANTOWNSHIP,MANDALAY
TEL: 02-74228, 09-973566043

EMP
YANGON PH : 01-570 197,01-85 000 81
MANDALAY PH : 02-31363, 09-910 15701,
09-7977 56582, 09-7977 56583
TAUNG GYI PH : 09-49350664/ LASHIO PH : 09-47301433
KENG TUNG PH : 09-5250132

BioTrust MYANMAR CO., LTD.
Building No .(57)
Room(003,004) Thamadi st,
Myittanyunt Ward , Tamwe Yangon.
Ph : 01-543614, 09-977922438,09-977922439

TOSHIBA
Leading Innovation >>>
TOSHIBA
Wedding Month
Chance for Bali Trip
(9th Oct - 6th Nov 2016)
INVITATION
Toshiba TV နှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ၏ Wedding ရာသီအတွက် ပရိုမိုးရှင်းအစမ်းအနားကို ကြွရောက်ကြည့်ရှုလေ့လာရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။
နေ့ရက် - အောက်တိုဘာလ (၉)ရက်နေ့ မှ (၁၁)ရက်နေ့အထိ
အချိန် - နံနက် (၁၀း၀၀)နာရီ မှ ညနေ (၆း၀၀)နာရီ အထိ
(MAKE SENSE Entertainment Agency မှ Wedding Show နှင့် အခြားဖျော်ဖြေရေးအစီအစဉ်များဖြင့် ဧည့်ခံဖျော်ဖြေပါမည်။)
နေရာ - Ocean Centre (ရွှေဂုံတိုင်)
အထက်ပါနေ့ရက်များတွင် Ocean Centre(ရွှေဂုံတိုင်)ပရိုမိုးရှင်းဇရိယာ၌ လာရောက်ဝယ်ယူပါက
Toshiba TV (သို့) ရေခဲသေတ္တာ (သို့) အဝတ်လျှော်စက် တစ်မျိုးမျိုးဝယ်ယူပါက 5% Discount
Toshiba TV နှင့် ရေခဲသေတ္တာ (သို့) အဝတ်လျှော်စက် (ကျပ် ၄၀၀,၀၀၀ ဖိုးအနည်းဆုံး)တွဲဖက်ဝယ်ယူပါက 10% Discount
Toshiba TV နှင့် ရေခဲသေတ္တာ (+) အဝတ်လျှော်စက် (ကျပ် ၇၀၀,၀၀၀ ဖိုးအနည်းဆုံး)(၃)မျိုးတွဲဖက်ဝယ်ယူပါက 15% Discount ရရှိမည်ဖြစ်ပါသည်။
သင့်အိမ်မက် ဘာလီဟန်နီးမွန်းခရီးစဉ်
Toshiba TV ၊ ရေခဲသေတ္တာနှင့် အဝတ်လျှော်စက် ဝယ်ယူအားပေးသူများ၊ မောင်နှံ(၂)ဦး (၂)ညအိပ် (၃)ရက် ဘာလီကျွန်းခရီးစဉ်အပါအဝင် အောက်ပါဆုများအတွက် Lucky Draw အစီအစဉ်တွင် ပါဝင်နိုင်ပါသည်။
ပထမဆု - (၂)ညအိပ် (၃)ရက်၊ ဘာလီကျွန်းခရီးစဉ် (မောင်နှံနှစ်ဦးအတွက်)
ဒုတိယဆု - (၂)ညအိပ် (၃)ရက်၊ ချောင်းသာခရီးစဉ် (မောင်နှံနှစ်ဦးအတွက်)
တတိယဆု - Toshiba Camileo X-150 Camcorder (၁လုံး)
အောက်တိုဘာ (၉)ရက်နေ့မှ နိုဝင်ဘာ (၆)ရက်နေ့အထိ အမြို့မြို့အနယ်နယ်ရှိ လျှပ်စစ်ပစ္စည်းဆိုင်များတွင် Toshiba လျှပ်စစ်ပစ္စည်းဝယ်ယူသူများအတွက် အထက်ပါအတိုင်း အကျိုးခံစားခွင့်ရှိပါသည်။
A Finer Touch of Life with TOSHIBA
* Lucky Draw နှင့်ပတ်သတ်၍ အငြင်းပွားဖွယ်တစ်စုံတစ်ရာ ဖြစ်ပေါ်ပါက Toshiba Singapore Pte.Ltd ၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်ပါမည်။
* အသေးစိတ်အစီအစဉ်များကို Toshiba CE Myanmar Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ဘွဲ့တစ်ခုရရှိအောင် လေ့လာဖို့ စိတ်ကူးကြည့်လိုက်ပါ။

ကမ္ဘာ့အလုပဆုံး မြို့တစ်မြို့ မှာ၊
ဒီကမ္ဘာကြီးထဲက အများနဲ့ မတူတဲ့ စာသင်ဆောင်တစ်ခု၊
တီထွင်ဖန်တီးမှုတွေကို ကမ်းလှမ်းကြိုဆိုတဲ့ နေရာ၊
နောင်လာမယ့်အနာဂတ်အတွက် နည်းပညာ၊

စိတ်ကူးနေစရာ မလိုတော့ပါဘူး။
အမှန်တကယ် တည်ရှိနေပါတယ်။

ဩစတြေးလျနိုင်ငံရဲ့ University of Technology Sydney
နှင့်မိတ်ဆက်ပေးလိုက်ပါတယ်။
ဒါအပြင် UTS:INSEARCH ဟာသင့်ရဲ့လမ်းစ ဖြစ်တယ်။
insearch.edu.au/studyhere ထဲမှာ ဘယ်လိုလုပ်ဆောင်ရမည်ကို
ရှာဖွေကြည့်လိုက်ပါ။

UTS | INSEARCH
UNIVERSITY OF TECHNOLOGY SYDNEY

INSEARCH CRICOS provider code: 00859D | UTS CRICOS provider code: 00099F
INSEARCH Limited is a controlled entity of the University of Technology Sydney (UTS), and a registered private higher education provider of pathways to UTS. 1275_0916

SAMSUNG
Galaxy Tab A 6
with S Pen
For All Your Tablet Need



Enhanced Screen
*WUXGA: Wide Ultra eXtended Graphics Array

Enhanced Connectivity & Usability
• Quick Connect to Share with TV
• Bigger battery (7300mAh)

Specifications
- Screen size 10.1" WUXGA TFT
- Camera 8.0MP AF+ 2.0MP
- Exynos7870(1.6Hz Octa)
- 3GB+16GB miscroSD up to 200GB
- Battery 7,300mAh
- 4G LTE
- S Pen

samsungmobilemyanmar samsungmyanmar samsungmyanmar
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center 01 2399 888 (Mon-Sun) 8AM to 6PM
SAMSUNG

USA & CANADA
HIGHER EDUCATION FAIRS, Fall 2016

organized by Academics.International | Capstone

HOW WILL THE USA & CANADA FAIRS BENEFIT YOU?

- Meeting representatives of top-notch universities and colleges from the US and Canada
- Learn about scholarship opportunities
- Student visa info session by a US Embassy & Canadian Embassy
- Free advising services

YANGON: OCT. 10, 3 - 7PM
MELIA HOTEL, MYANMAR PLAZA
KABA AYE PAGODA ROAD

MANDALAY
OCT. 11, 3 - 7 PM
SEDONA HOTEL

To Register & For More Information
Facebook.com/academics.intl
www.academics.international
Call 09 450 634 402, 403, 404

Participating Colleges and Universities

USA: University at Buffalo, The State University of New York; California State University Monterey Bay; The University of Oklahoma; San Mateo Colleges of Silicon Valley; DeAnza College; Randolph-Macon College; Shoreline Community College; Ohlone College

CANADA: Seneca College; Centennial College; Fleming College; Colleges and Institutes Canada / Collèges et instituts Canada

organized by

Academics.International
Diamond Condo, Tower A, 1st Fl., Hledan, Pyay Road, Yangon

Capstone Vietnam
Reaching New Heights

JOTUN

ခမ်းနားထည်ဝါသော
အဆောက်အဦများနှင့်
ခေတ်မီလှပသောအိမ်များအတွက်
အဆင့်မြင့် အိမ်သုတ်ဆေး

Jotun Myanmar (Services) Co. Ltd.
Bld. 18, 4th floor, MICT Park, Hlaing Campus,
Hlaing Township, Yangon – Myanmar.
Office : +95 1 230 53 50 , +95 1 230 53 51,
+95 9 2546 15910, +95 9 2533 67221
jotun.com/ap

AA ယာဉ်မောင်းသင်တန်း
အလွယ်တကူကားမောင်းတတ်လိုလျှင်
တစ်နေ့(၁)နာရီသာအချိန်ပေးပါ
အိမ်အရောက်သင်ပေးမည်။
09-43158300,09-254051326
09-782793551

အိမ်နှင့်ခြံငှားမည်
အမှတ် (၃၈) ဘောင်ဖေယျလမ်းမကြီးပေါ်၊ ကျောက်ကုန်းရှိ
မြေအကျယ် (၉၀ ၆၀ x ၈၀)၊ အိမ် (၂) ထပ် RC (၉၀ ၂၅ x ၅၀)၊
စားသောက်ဆိုင်လုပ်ငန်းလက်ခံသည်။
ဆက်သွယ်ရန်ဖုန်း-၀၉ ၅၀၀၁ ၂၈၆၊ ၀၉ ၉၆၅၀၀၁ ၂၈၆။

ကျပ်သိန်း ၂,၀၀၀ ကျော်တန်ဖိုးရှိ ဆုမဲတွေ ပိုင်ဆိုင်ဖို့ အင်တာနက်သုံးရင်း အခမဲ့ကံစမ်းစို့။

အင်တာနက် 20MB အသုံးပြုတိုင်း နေ့စဉ်၊ အပတ်စဉ် ဆုတွေအပြင်
ဆုကြီးတွေကိုပါ ပိုင်ဆိုင်ဖို့ အခမဲ့အခွင့်အရေးရရှိမှာမို့ အူရီဒူးအင်တာနက်များများသုံးပြီး
ကံထူးရှင်ဖြစ်မယ့် အခွင့်အရေးကို အခမဲ့ရယူလိုက်ပါ။

ရွှေအိပ်မက်

ooredoo

ကျပ်
၂၅,၀၀၀,၀၀၀
ဆုကြီးအပြင်
တစ်သက်တာ အခမဲ့
အူရီဒူးသုံးစွဲခွင့်

စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို ooredoo.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

DL distribution Co;ltd.
Ph: 01-205351,01-206231,09 776180372
ဆီမီးထိန်သာ
သီတင်းကျွတ်ချိန်ခါ
DL
DANIEL LEWIS
နှင့် ဂါရဝပြုလိုက်ပါ
ရွှေကြယ်သီး၊စိန်ကြယ်သီး
DL BRAND
အား
ဂုဏ်ယူစွာဝတ်ဆင်ရင်း
50,000 ဖိုး နှင့်အထက် ဝယ်ယူသူတိုင်းကူပွန် (၁) စောင် ရယူပါ
October >> 1.10.2016 to 31.10.2016
November တွင် iPhone 7 (5pcs) မဲဖောက်ပေးပါမည်
(At Dl retail outlets only)
iPhone 7
ကံထူးရှင်ဖြစ်နိုင်ပြီ
သီတင်းကျွတ်အခါသမယတွင် ရွှင်လန်းချမ်းမြေ့ကြပါစေ.....
MANCHESTER
EST.1962
Michelle
Every Step In Style
M-I-G
THE REAL CONFORT
CHICFORD
SS Product
MATRIX
DOUBLE GOOSE
SINCE 1953
Walker
MARWELL
pierre cardin
paris
Mandalay Shirt
Scholl
JAJACO
Shoes

ကြော်ငြာ

ငွေတောင်နန်းရှင် ... မြဝတီ၊ ဘားအံ (၃)ရက် (အလိုသော်ကြာ)
+ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)+ ငွေဆောင်/ပေလီ(သော်ကြာ)
+ အင်းလေးတောင်တော်ဦးဘုရားပွဲ(၅)ရက် + ကျိုက္ခမီဆွမ်းမျှော်ပွဲ စက်စဲ(၃)ရက်
+ မန္တလေး ပြင်ဦးလွင်၊ ဒီးဒုတ်ရေပြာအိုင်၊ ကျောက်စိမ်းစေတီ (၃)ရက် **Oct 14**
+ ပုဂံ- ညောင်ဦး ပုပ္ပါး (၃)ရက်+ ထားဝယ်ရှင်ကိုးရှင်၊ ကျိုက္ခမီ (၅)ရက်
Ph: 01-392704, 09 73017110.09 795066657.09 785066657

တိုကျော်နိုင် CAR RENTAL
မြို့တွင်းမြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန် ALPHARD, HIACE (အဲစာတုံး)ကားသစ်ကြီးများဖြင့်ဝန်ဆောင်ပေးပါသည်။
09 25 358 2510, 09 78 515 8803

GOLDEN STAR
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

OD TOUR မြည်တွင်း ၊ ပြည်ပခရီးစဉ်များ
Since 1997
License No: Pa kha 0024

တောင်ကြီး၊အင်းလေး	14, 21 OCT, 11,23 NOV	ဗုဒ္ဓဂယာ	18 NOV, 31 DEC, 28 JAN	ဥရောပ	24 NOV, 25 DEC
ကလော၊လွိုင်ကော်	14 OCT, 11,23 NOV	ဘာလီ	23 NOV, 28 DEC	ဒူဘိုင်း	12 NOV, 25 DEC
ပုဂံ၊ပုပ္ပါး၊ပခုက္ကူ	14, 21 OCT, 11,23 NOV	ဂျပန်	12,24 NOV, 24 DEC	စင်္ကာပူ	12,24 NOV, 29 DEC
စစ်တွေ၊မြောက်ဦး	15 OCT, 12,24 NOV, 24 DEC	ဗီယက်နမ်	19 OCT, 23 NOV, 28 DEC	ကိုရီးယား	23 NOV, 24 DEC
တောင်ငူ၊သံတောင်	(Every Saturday)	ချင်းမိုင်၊ချင်းရိုင်	12,24 NOV, 29 DEC		
ဘားအံ၊မြဝတီ၊မဲဆောက်	(Every Saturday)	ဟောင်ကောင်	15 OCT, 12,24 NOV, 29 DEC		
မော်လမြိုင်၊ကျိုက္ခမီ၊စက်စဲ	14 OCT, 11,23 NOV	ဗန်ကောက်၊ပတ္တရား	16 OCT, 12,24 NOV, 25 DEC		
ထားဝယ်(ရှင်ကိုးရှင်)၊မောင်းမကန်	14 OCT, 11,23 NOV	ဗန်ကောက် + ကမ္ဘောဒီးယား	12,23 NOV, 25 DEC		

ဧလယာဉ်လက်မှတ်စုံနေရာ အဆင်ပြေမှုရှိစေရန်အမြန်ဆုံး စာရင်းပေးသွင်းစေလိုပါသည်။
www.facebook.com/ODTour
စိတ်ကြိုက်သီးသန့်ခရီးစဉ်များကို (၂)ဦးမှစ၍ အထူးနှုန်းများဖြင့် ညှိနှိုင်းဆောင်ရွက်ပေးပါသည်။
No.52 ၊ ကျွန်းတောလမ်း၊စမ်းချောင်း ☎01-504808,523187,09-5187045,09-5108087

နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
အောက်တိုဘာနှင့်နိုဝင်ဘာလတွင် စရံငွေ (၂)သိန်း စာရင်းပေးသွင်းသူများနှင့်
နိုင်ငံကူးလက်မှတ် လက်ဝယ်ရှိသူများကိုအောက်ပါ အထူးဈေးနှုန်းဖြင့် ပို့ဆောင်ပေးပါမည်။
၉.၅ သိန်း → ၈ ရက်ခရီး - သံဝေဇနီယ(၄)ဌာန + အဝိဇဟိတသုံးဌာန(အိန္ဒိယ + နီပေါ) Hotel-2Days
၁၀ သိန်း → ၁၂ ရက်ခရီး - သံဝေဇနီယ(၄)ဌာန + အဝိဇဟိတသုံးဌာန(အိန္ဒိယ + နီပေါ) Hotel-3Days
၁၁ သိန်း → ၁၅ ရက်ခရီး - သံဝေဇနီယ(၄)ဌာန + အဝိဇဟိတ(၄)ဌာန + နယူးဒေလီ၊တပ်ချ်မဟာ Hotel-5Days
၁၁.၅ သိန်း → ၁၅ ရက်ခရီး - သံဝေဇနီယ(၄)ဌာန + အဝိဇဟိတ(၄)ဌာန + နယူးဒေလီ၊တပ်ချ်မဟာ + (ကိုလ်ကတ္တား + Shopping + သိပ္ပံကမ္ဘာ + ဗိတိုရိယဘုရင်မပြတိုက်) Hotel-4Days
(၁၂)ဦး စုစည်းလိုက်ပါလျှင် (၁)ဦးအခမဲ့ (ခရီးစဉ်အားလုံး စရိတ်ငြိမ်း ဖြစ်ပါသည်။)
ခရီးစဉ်အသေးစိတ်သိရှိလိုပါက နီလာရုံးခန်းတွင် လက်ကမ်းကြော်ငြာနှင့် (DVD)ခွေများကိုအခမဲ့လာရောက်ယူနိုင်ပါသည်။
အမှတ် - ၂၇၆/၂၇၈(မြေညီ)၊ ပန်းဆိုးတန်းလမ်း(ခုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉

ဝါကျွတ်ချိန်တန် ကန်တော့ရန် လက်ဆောင်မွန်

အမြင့်မားဆုံးဂါရဝတရားကို
အကောင်းဆုံးပြသနိုင်ဖို့ အမြတ်ဆုံးလျှူဖွယ်ပစ္စည်း
Oramin-G
အဆင့်မြင့်ဂျင်ဆင်းအားဆေး
Manufactured by DAEWON PHARM. CO., LTD. Seoul Korea
ခန္ဓာသန်စွမ်း စိတ်ရွှင်လန်းဖို့ 'အော်ရာမင်-ဂျီ' ကိုသောက်ကြပါစို့ ...
MARKETED BY: AA MEDICAL PRODUCTS LTD. TEL : (01) 249590, 2-3/ 391644-50

CONSTRUCTION, POWER & MINING
Myanmar 2016
13-15 October 2016
Myanmar Event Park (MEP)
9.00-17.00 Hrs.

The 4th International Construction, Power & Mining Exhibition
စတုတ္ထအကြိမ်မြောက် နိုင်ငံတကာ ဆောက်လုပ်ရေး၊ စွမ်းအင်နှင့် ဓာတ်သတ္တုတူးဖော်ရေး ကုန်စည်ပြပွဲ

Including:
- Over 200 leading companies from around the world
- 5 international groups from China, Germany, Korea, Singapore and Thailand
- Industry Conferences & Seminars

ပါဝင်သည် :
- ကမ္ဘာ့အနှံ့မှဦးဆောင် ကုမ္ပဏီ ၂၀၀ ကျော်
- တရုတ်၊ ဂျာမနီ၊ ကိုရီးယား၊ စင်္ကာပူ နှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံတကာပြခန်းကြီး (၅)ခန်း
- လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲနှင့် ဟောပြောပွဲများ

New Venue **MEP**

စီးပွားရေးလုပ်ငန်းရှင်များအတွက်သာ။ အသက် (၁၈) နှစ်အောက်ဝင်ရောက်ခွင့် မပြုပါ။

Visitors can pre-register online or onsite at the exhibition
ဧည့်သည်တော်များသည် အွန်လိုင်းမှ ကြိုတင်စာရင်းပေးသွင်းနိုင်သလို ပြပွဲတွင်လည်း စာရင်းပေးသွင်းနိုင်ပါသည်
www.cpmmyanmar.com

Supported by: MCEA, Myanmar Engineering Society, Yangon Electricity Supply Corporation
Acknowledged by: Ministry of Commerce, Ministry of Electric Power and Energy, Ministry of Construction, Ministry of Resources and Environmental Conservation
Platinum Sponsor: Z&A
Organised by: BES, Allworld Exhibitions

ကြေးမုံ

Calsonic Kansei — Driven by Inspiration and Innovation | CKEngineering | J-SAT

အမြန်အလိုရှိသည် (J-SAT မှတစ်ဆင့် လျှောက်ထားနိုင်ပါသည်)

ကားနှင့်ပတ်သက်သော Software တီထွင်နိုင်သောပညာရှင်များအလိုရှိပါသည်။

ကမ္ဘာ့ကားဈေးကွက်တွင် နေရာတစ်နေရာအဖြစ်ရယူထားသော Nissan ကားကုမ္ပဏီ၏ Top Supplier (ထိပ်တန်းပေးသွင်းသူများ)ဖြစ်သော Calsonic Kansei နှင့် CK Engineering မှ ရန်ကုန်မြို့တွင်ပူးပေါင်းဖွင့်လှစ်မည်ဖြစ်ပါသဖြင့် IT Software ပိုင်းနှင့်ဂျပန်ဘာသာစကား ကျွမ်းကျင်ပညာရှင်များအား ဦးစားပေးပါမည်။

ကမ္ဘာ့နံပါတ်(၁)ဂျပန်နိုင်ငံ၏ ကားထုတ်လုပ်မှုနည်းပညာ

ကားထုတ်လုပ်မှုအပိုင်းအား အဓိကထိန်းချုပ်ထားသော software တီထွင်မှုတွင် ပါဝင်ထမ်းဆောင်ချင်ပါသလား ?

လုပ်ငန်းတာဝန်သတ်မှတ်ချက်

အလုပ်အကိုင်အကြောင်းအရာ
- ကား၏စက်မှုပိုင်းဆိုင်ရာထိန်းချုပ်မှု တီထွင်မှုနှင့် စိစစ်အတည်ပြုမှုတာဝန်များ ထမ်းဆောင်ရန်

လိုအပ်သောအရည်အချင်း
- IT Programmer (သို့မဟုတ်) Software Engineer ဘာသာရပ်ဖြင့် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိထားသူ ဖြစ်ရမည်။
- ဂျပန်ဘာသာစကား N3 နှင့်အထက်ရှိရပါမည်။
- အသက် ၃၀-နှစ် အောက်
- C Language အတွေ့အကြုံရှိသူကိုဦးစားပေးမည်။

လစာ-ညှိနှိုင်း
- ဂျပန်စာအရည်အချင်းစစ်စာမေးပွဲ JLPT (N3~N1) အောင်မြင်ထားသူများသည် အခြေခံလစာအပြင် ဂျပန်စာကျွမ်းကျင်မှုအတွက်ခံစားခွင့်ရရှိပါမည်။

ကမ္ဘာ့နိုင်ငံအသီးသီး၌ ဌာနခွဲများစွာ

Calsonic Kansei Group
(http://www.calsonickansei.co.jp)

J-SAT
Raise Your Dream

License No.11/2016

J-SAT သို့ လာလျှင်
- CV တစ်စုံ
- ဘွဲ့လက်မှတ်မိတ္တူ တစ်စုံ
- မှတ်ပုံတင်မိတ္တူ တစ်စုံ ယူဆောင်လာပါရန်

ရုံးဖွင့်ချိန် - နံနက် (၉)နာရီမှ ညနေ (၅)နာရီအထိ (တနင်္လာနေ့ မှ သောကြာနေ့)
နံနက် (၉)နာရီမှ ညနေ (၃)နာရီအထိ (စနေနေ့) များတွင် အောက်ပါလိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။

http://www.facebook.com/jsat.mm
https://myanmarjob.jp/mm
E-mail : j-sat1@j-sat.jp

Contact Address: Room No.1210, 12A Floor, Sakura Tower, Bogyoke Aung San Road.
Ph: 09-8641219, 09-421140290, 09-453890834

ကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြသန်း
အသက်(၈၀)

အငြိမ်းစားကျောင်းဆရာမ (အထက-၁၊ သန်လျင်မြို့)

ဦးဇော်ဝင်း(ဥက္ကဋ္ဌ၊ "ဇော်ထက်ပိုင်"အင်ဂျင်နီယာနှင့်ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်နှင့် အမှုဆောင်အရာရှိချုပ်၊ "စိန်ရွှေထိပ်တန်း"ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)-ဒေါ်မိမိတင်(ချမ်းမြေ့မေတ္တာဆေးရုံ-သန်လျင်)တို့၏ ချစ်လှစွာသောမိခင်၊ ဒေါ်အိမွန်မွန်(ခ)ဂျူဂျူး (အမှုဆောင်အရာရှိချုပ်၊ "ဇော်ထက်ပိုင်"အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်)၏ ချစ်လှစွာသောအဖွား ဒေါ်မြသန်း အသက်(၈၀) အငြိမ်းစား ကျောင်းဆရာမ(အထက-၁၊ သန်လျင်မြို့)သည် ၃-၁၀-၂၀၁၆ ရက်၊ မွန်းလွဲ ၂း၄၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဝန်ထမ်းများ (ရုံးချုပ်)

"ဇော်ထက်ပိုင်"အင်ဂျင်နီယာနှင့်ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်

"စိန်ရွှေထိပ်တန်း"ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြသန်း အသက်(၈၀)
ကျောင်းဆရာမ(ငြိမ်း)၊ အထက(၁)၊ သန်လျင်

အထက(၁)၊ (၂) အပူဇော်ခံဆရာမကြီး

သန်လျင်မြို့၊ ကျိုက်ခေါက်ဘုရားလမ်း၊ အမှတ်(၇၁)နေ [ဦးတင်ထွန်းမောင် (လျှပ်စစ်ကြိုးကြပ်မှုအင်ဂျင်နီယာ၊ ရေနံချက်စက်ရုံ-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ ဦးဇော်ဝင်း (ဥက္ကဋ္ဌ၊ ဇော်ထက်ပိုင်အင်ဂျင်နီယာနှင့်ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်)-ဒေါ်မိမိတင် (ချမ်းမြေ့မေတ္တာဆေးရုံ)တို့၏ကျေးဇူးရှင်မွေးမိခင်၊ မအိမွန်မွန်(ခ) ဂျူဂျူး၏ဘွားဘွားကြီး ဒေါ်မြသန်းသည် ၃-၁၀-၂၀၁၆(တနင်္လာနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးမင်းစိုး-ဒေါ်ယဉ်ယဉ်ငွေမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးဝင်းတင် (၇၂)နှစ်

အမှုဆောင်သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့(အောက်မြန်မာပြည်)

ဥက္ကဋ္ဌ၊ ဝေဝင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

သယ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ရန်ကုန်သစ်၊ အောင်ဇေယျ(၁)လမ်း၊ အမှတ်(၁၇/၁၉)နေ (ဦးစိန်ထွန်း-ဒေါ်လုံးတင်)တို့၏သား (ဦးစံသိန်း-ဒေါ်မြစိန်)တို့၏ သားသမက်၊ ဒေါ်စန်းကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးတင်အေး အတွင်းရေးမှူး(၁) သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့ (အောက်မြန်မာပြည်)၊ အုပ်ချုပ်မှုဒါရိုက်တာ၊ ဝေဝင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်-ဒေါ်သန်းသန်းအေးတို့၏ အစ်ကိုကြီး၊ သားသမီး(၇)ယောက် မြေး(၁၉)ယောက်၊ မြစ်(၅)ယောက်တို့၏ ဘိုးဘိုးကြီးသည် ၅-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အမှုဆောင်အဖွဲ့

သီတဂူအပြည်ပြည်ဆိုင်ရာသာသနာပြုအဖွဲ့ (အောက်မြန်မာပြည်)

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြသန်း
အသက်(၈၀)

အငြိမ်းစားကျောင်းဆရာမ (အထက-၁၊ သန်လျင်မြို့)

ဦးဇော်ဝင်း(ဥက္ကဋ္ဌ၊ "ဇော်ထက်ပိုင်"အင်ဂျင်နီယာနှင့်ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက် နှင့် အမှုဆောင်အရာရှိချုပ်၊ "စိန်ရွှေထိပ်တန်း"ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)-ဒေါ်မိမိတင်(ချမ်းမြေ့မေတ္တာဆေးရုံ-သန်လျင်)တို့၏ချစ်လှစွာသောမိခင်၊ ဒေါ်အိမွန်မွန်(ခ)ဂျူဂျူး (အမှုဆောင်အရာရှိချုပ်၊ "ဇော်ထက်ပိုင်"အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်)၏ ချစ်လှစွာသောအဖွား ဒေါ်မြသန်း အသက်(၈၀) အငြိမ်းစား ကျောင်းဆရာမ (အထက-၁၊ သန်လျင်မြို့)သည် ၃-၁၀-၂၀၁၆ ရက်၊ မွန်းလွဲ ၂း၄၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

စီမံကိန်းဒါရိုက်တာနှင့် ဝန်ထမ်း/လုပ်သားများ

Mandalay Radar Tower Project

"ဇော်ထက်ပိုင်"အင်ဂျင်နီယာနှင့်ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်

"စိန်ရွှေထိပ်တန်း"ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

ဦးခင်မောင်ချို(ခ)မုဟမ္မဒ်ဟူစိန်(ဘ)ဟာဂျီဦးအဗ်ဒွလ်ဂျဗားရ်သိစေရန်
(အကြောင်းကြားစာ)

ဟာဂျီ ဦးအဗ်ဒွလ်ဂျဗားရ်၏သားဖြစ်သူ ဦးခင်မောင်ချို(ခ) မုဟမ္မဒ်ဟူစိန်(ယခုနေရပ်လိပ်စာမသိ)သိစေရန်ဖြစ်သည်။ ဇနီးဖြစ်သူ မဟန်နီစိုး(ခ)ဆာရာဘီ(ဘ)ဦးတင်ဝင်းမှ ၎င်းသည် ခင်ပွန်းဖြစ်သူ ဦးခင်မောင်ချို(ခ)မုဟမ္မဒ်ဟူစိန်နှင့် မည်သည့်နည်းနှင့်မျှ မပေါင်းသင်းနိုင်တော့သည့်အခြေအနေအရ ဇနီးဖြစ်သူက မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)၊ အစ္စလာမ့်ရေးရာခုံရုံးတွင် အစ္စလာမ်ဘာသာရေးအရ လင်မယားကွာရှင်းလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ အထက်အမည်ပါ ဦးခင်မောင်ချို(ခ)မုဟမ္မဒ်ဟူစိန်မှ ဇနီးဖြစ်သူ၏ လင်မယားကွာရှင်းလိုမှုလျှောက်ထားချက်အပေါ် ထုချေရှင်းလင်းတင်ပြရန် ၁၅-၁၀-၂၀၁၆ ရက် မွန်းလွဲ ၃ နာရီတွင် မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)၊ အစ္စလာမ့်ရေးရာခုံရုံးသို့ အောက်တွင် ဖော်ပြထားသောလိပ်စာအတိုင်း လာရောက်ရမည်။

သင်သိစေသည်မှာ ဆိုခဲ့သည့်နေ့ရက်တွင် ကာယကံရှင် အသင်ကိုယ်တိုင်မှ မလာရောက်ပျက်ကွက်ခဲ့လျှင် ဘာသာရေးအရ လျော်ကန်သင့်မြတ်သလို ဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေပါသည်။

အလ်ဟာဂျ်အွတ်စ်တာဇ် ဦးကျော်စိုး(စာရေးဆရာ)

အထွေထွေအတွင်းရေးမှူးချုပ်

မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)

အမှတ်(၇၉)၊ ၆-လွှာ၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းပဲတန်းမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၁၇၁၇၊ ၀၉-၅၀၈၄၅၈၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄အေ(အက်စ်-၉၂)၊ မြေကွက်အမှတ်-၂၁၅၊ မြေကွက်တည်နေရာ အမှတ်-၂၄၊ နတ်ချောင်း(၃)လမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ (ဦးလွန်းကျင်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား တာမွေမြို့နယ်တရားရုံးတွင် တရားလို ဒေါ်ကျင်စွမ်မှ တရားပြိုင်ဦးလွန်းကျင်အပေါ် ၂၀၁၆-ခုနှစ်၊ တရားမကြီးမှုအမှတ်(၈/၂၀၁၆)ဖြင့် ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးစေလိုမှု စွဲဆိုရာ ၂-၅-၂၀၁၆ ရက်တွင် အနိုင်ဒီကရီချမှတ်ပေးသည့်တရားရုံးအထောက်အထား၊ တရားမဇာရီမှုအမှတ်(၁၀/၂၀၁၆)အမိန့်များတင်ပြ၍ တရားရှုံး(ဦးလွန်းကျင်)ကိုယ်စားတရားရုံးဘီလစ် ဒေါ်စန်းစန်းဝင်း[၁၂/ဒပန(နိုင်)၀၀၄၆၃၉]မှတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွပျောက်
လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/3775 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွှာသာကြီး)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၃၉၄)၊ မြေကွက်တည်နေရာအမှတ်(၃၉၄)၊ သုမိတ္တာ(၁၀)လမ်း၊ ဒေါ်တင်ကြည်[၁၂/ဥကမ(နိုင်)၀၃၅၄၁၂] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်တင်ကြည် ကိုယ်တိုင်မှ မြေပြင်တွင် (၁၂'၆"×၅၀') (၂)ထပ်ပျဉ်ထောင်(၁)လုံးတွင် လျှောက်ထားသူ ဒေါ်တင်ကြည်နေထိုင်ပြီး ကျန်(၁၂' ၆"×၅၀') (၂)ထပ်အုတ်ခံ(၁)လုံးတွင် ဝယ်ယူထားသူ ဒေါ်သိန်းထွေးနေထိုင်ခြင်းအတွက် လျှောက်ထားသူမှ ဝန်ခံကတိပြုချက်တင်ပြခြင်း၊ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သွေးသည်အသက်

လွမ်းဆွတ်သတိရတမ်းတခြင်း
(ဦးတင်ကြိုင်)
ထောက်/ကြီး ဗိုလ်တထောင်သတင်းစာတိုက်

၉-၁၀-၁၉၈၃ - ၉-၁၀-၂၀၁၆

၉-၁၀-၁၉၈၃ ရက်မှစ၍ မိသားစုနှင့် ခွဲခွာခဲ့သည်မှာ ၃၃ နှစ်ပြည့်ခဲ့သော်လည်း၊ တစ်နေ့မှ မေ့မရခဲ့ပါ။ (ဦးတင်ကြိုင်)အား ရည်စူး၍ မဟာစည်သာသနာ့ရိပ်သာတွင် သိမ်တော်ကြီးပြုပြင်ရန် ဓမ္မာရုံတည်ဆောက်ခြင်း၊ ထာဝရဆွမ်းပဒေသာပင်စသည်တို့ စိုက်ထူခဲ့ပါသည်။ ဟိတေသီနှစ်ထပ်ဓမ္မာရုံကြီး တည်ဆောက်မှု အလှူတော်ငွေ (၁၃)ကြိမ်မြောက် (၃၃၃၀၀၀)၊ သုံးသိန်းသုံးသောင်းသုံးထောင်ကျပ် ထည့်ဝင်လှူဒါန်းခဲ့သည်။

ထို့အပြင် ပြုလုပ်ခဲ့သော ဒါန-သီလ-ဘာဝနာ ပွားများလှူဒါန်းမှုအစုစုတို့ကို အမျှပေးဝေပါ၏ မြင့်မြတ်ရာဘုံဘဝမှ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါစေ။ (အမျှ အမျှ အမျှ)

ဒေါ်ရီရီမိသားစု

ရွှေဂုံရိပ်မွန်၊ ဗဟန်းမြို့နယ်။

---

(၁)လပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း
ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စန်းစန်းအောင်

မိသားစုရဲ့ချစ်မြတ်နိုးရဆုံး ဇနီး ဒေါ်စန်းစန်းအောင်ရေ နွေးထွေးလှတဲ့ မိသားစုလေးထဲက တိတ်တဆိတ်အပြီးအပိုင်ထွက်ခွာသွားတာ ဒီနေ့ ၉-၁၀-၂၀၁၆ ရက်ဆိုရင် (၁)လ တင်းတင်းပြည့်ခဲ့ပြီ၊ တို့မှာတော့ ဒီနေ့ မနက်ဖြန်လို ခံစားနေရဆဲပါ။ သတိရတိုင်း မျက်ရည်ဝိုင်းနေရတဲ့ တို့မိသားစုမှာတော့ ပြန်မရလာနိုင်တော့တဲ့၊ အရင်ဘဝလေးကို တမ်းတမိတယ်၊ ရင်နင့်အောင်ဆွေးကျန်ခဲ့ရတဲ့ မိသားစုတစ်ခုလုံးကတော့ ဇနီး ဒေါ်စန်းစန်းအောင်အား ရည်စူး၍ နေ့စဉ်လှူဒါန်းခဲ့သမျှ ဒါနအစုစုကိုလည်းကောင်း၊ ဆောက်တည်ရသော သီလအစုစုကိုလည်းကောင်း၊ ပွားများရသော ဘာဝနာအစုစုတို့ကို ဇနီး ဒေါ်စန်းစန်းအောင်အား အမျှ အမျှ အမျှ ပေးဝေပါသည်။

ရောက်ရှိရာမြင့်မြတ်သော ဘုံဘဝမှ သာဓု သာဓု သာဓု ခေါ်ဆိုနိုင်ပါစေ။

အစ်မကြီး	-	ဒေါ်မာမာမြင့်
ခင်ပွန်း	-	ဦးဝင်းမြင့်
သားကြီး	-	ဦးသန်းဇော်ဝင်း၊ ဒေါ်သန်းသန်းဆွေ
သမီးလတ်	-	ဒေါ်ဥမ္မာဝင်း၊ ဦးအောင်ဒင်
သားငယ်	-	ဦးဝင်းကိုကို-ဒေါ်ခင်ငြိမ်းချမ်းနှင့် ချစ်မြေး(၄)ဦး

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးတင်ဝင်း(ငြိမ်း)(ကြည်း/၁၈၅၁၁)
အသက်(၆၅)နှစ်

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၇) သီဟတပ်ခွဲမှ ကြည်း/၁၈၅၁၁ ဗိုလ်မှူးတင်ဝင်း(ငြိမ်း)သည် ၅-၁၀-၂၀၁၆ ရက်၊ ညနေ ၇း၄၀ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းများ

ဗသက(၆၇)သီဟတပ်ခွဲ

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးဝင်းတင်(အသက် ၇၂နှစ်)

အောက်မြန်မာပြည်သီတဂူသာသနာပြုအဖွဲ့ဝင်

သယ်န်းကျွန်းမြို့နယ်၊သုဝဏ္ဏ၊ရန်ကုန်သစ်၊ အောင်ဇေယျ(၁)လမ်း၊ အမှတ်(၁၇/၁၉)နေဦးဝင်းတင် (ဥက္ကဋ္ဌ-ဝေဝင်းဆောက်လုပ်ရေးကုမ္ပဏီ)သည် ၅-၁၀-၂၀၁၆ ရက်(ဗုဒ္ဓဟူး) နံနက် ၁၁း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးတင်အေး(အုပ်ချုပ်မှုဒါရိုက်တာ)-ဒေါ်သန်းသန်းအေး

ဒါရိုက်တာအဖွဲ့ဝင်များ၊ အင်ဂျင်နီယာများ၊ ဝန်ထမ်းများ

ဝေဝင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံစာရင်းကိုင်များအသင်း နာယကဆရာကြီး ဦးလှမြင့် အသက်(၇၃)နှစ်သည် ၂-၁၀-၂၀၁၆ ရက် နံနက် ၁း၃၆ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)

အများသိစေရန်ကြေညာခြင်း

အမှတ်(၅၁၅/ခ)၊အနော်မာ(၁၂)လမ်း၊(၁)ရပ်ကွက်၊သာကေတမြို့နယ်တွင်နေထိုင်သူ ဒေါ်ဟာစနာဘေဂမ်(BTG-၁၃၁၃၂၂)၏ လွှဲအပ်ညွှန်ကြားချက်အရ-

(၃၀-၁၁-၂၀၁၅)ရက်နေ့တွင်ကွယ်လွန်သွားသော ဦးအမာနူလ္လာ(BTG-၂၀၀၃၄၃)၏ ဒုတိယဇနီးဒေါ်စကီနါ၏သမီး (၁)မစန္ဒာ(TKA-၀၉၂၇၇၇)၊ (၂)မောင်ချစ်မောင်(TKA-၀၉၂၇၈၈) (၃)မောင်ခင်မောင်လတ်တို့(၃)ဦးက ဖခင်ကြီးကျန်ရစ်သော အခြေပစ္စည်းများနှင့်စပ်လျဉ်း၍ အပြီးအပြတ်အမွေဝေစုတောင်းခံခြင်းကို ဦးအမာနူလ္လာ၏ပထမဇနီးဖြစ်သူကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဟာစနာဘေဂမ်ကရင်းတို့(၃)ဦးအပြီးအပြတ်ရယူရန်တောင်းဆိုမှု အရပ်ရပ်ကို (၃-၁၀-၂၀၁၆) ရက်နေ့တွင် စာချုပ်စာတမ်းဖြင့်အပြီးအပြတ်ရှင်းလင်း ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း အများသိစေရန်ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်သက်ဦး

အထက်တန်းရှေ့နေ စဉ်-၂၄၄၀၈

အမှတ်(၅၀)၊ အခန်း(E/12)၊ ပထမထပ်၊

ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

09-420779825

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်သိန်းရင် (၇၅)နှစ်
ကော့သောင်းမြို့

အုပ်ချုပ်မှုဒါရိုက်တာဦးကျော်လွင်နှင့် ဒါရိုက်တာများ၏မိခင် ဒေါ်သိန်းရင်သည် ၅-၁၀-၂၀၁၆ ရက်တွင် ကွယ်လွန်သွားရောက်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်ရုံးချုပ်၊မြိတ်ရုံးခွဲ၊ကော့သောင်းရုံးခွဲနှင့်

သူဌေးကျွန်းဟိုတယ်ဝန်ထမ်းမိသားစု

ဂရမ်းအက်ဒမန်ကုမ္ပဏီများအုပ်စု၊သန်းဖြိုးသူကုမ္ပဏီများအုပ်စု

ပြည့်စုံထက်မြင့်ကုမ္ပဏီ၊ ရွှေဝက်ဝံကုမ္ပဏီ

ဝမ်းနည်းကြေကွဲခြင်း
ဦးဣန္ဒာစရိယ (ဦးတင်ရှိန်)
တိုင်းတရားသူကြီး(ငြိမ်း)

(ကသ၆၄)ပ/၂၅၁၅

၂၆-၉-၂၀၁၆ နေ့ နံနက် ၇း၂၅ နာရီတွင်ဘဝနတ်ထံပုံလွန်တော်မူကြောင်း သိရသဖြင့်မိသားစုနှင့် အတူဝမ်းနည်းကြေကွဲရပါသည်။

၁၉၆၉ - ၇၀ (ဖောင်ကြီး)

အောင်ဆန်း (၅) သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဆရာမကြီးဒေါ်မြသန်း
အသက်(၈၀)

ကန်တော့ခံဆရာမကြီး အထက(၄)သန်လျင်

အထက(၄)သန်လျင်မြို့၏ အပူဇော်ခံဆရာမကြီးဒေါ်မြသန်းသည် ၃-၁၀-၂၀၁၆ရက်(တနင်္လာနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

အထက(၄)ကျောင်းသား/သူဟောင်းများ၏ပူဇော်ပွဲကော်မတီ

လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

ဖေဖေ-ဦးကျော်ဝင်း(ကြည်း/၁၂၄၇၈)OTS(၄၅)

အသက်(၆၈)နှစ် ၃၀-၉-၂၀၁၅ရက်မှ ၃၀-၉-၂၀၁၆ရက်

သား-ကိုသန့်စင်(ခ)ကိုအောင်မိုးကျော်(ခ)ကိုအောင်

